# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ်(၀၄၅)


# (၃၁)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ် အစည်းအဝေးများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်




(၃၁)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တက်ရောက်လာကြသောနိုင်ငံ့ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**မနီလာ (ဖိလစ်ပိုင်) နိုဝင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား၊ (၃၁) ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေး (Plenary Session)၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံ စီးပွားရေး အကြံပေးကောင်စီမျက်နှာစုံညီတွေ့ဆုံပွဲ (ASEAN BAC)၊ နှစ်(၄၀)ပြည့်အထိမ်းအမှတ် အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေး၊ (၂၀)ကြိမ်မြောက် အာဆီယံ- တရုတ်ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် (၂၀)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❋

## မန္တလေး ကလေးကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်ရန်အတွက် မတည်ငွေနှင့် ကျောက်ကပ်ဆေးစက် လှူဒါန်း

စာ » ၈

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောမြောက်ပိုင်းဒေသသို့ ကွင်းဆင်းကြည့်ရှု

စာ » ၁၀

## ကက်တလိုနီးယား၌ လွတ်လပ်ရေးကို ထောက်ခံသည့် စုဝေးချီတက်မှုကြီး ပေါ်ပေါက်

စာ » ၁၄




## ကမ္ဘာ့နိုင်ငံရေး ရာသီဥတုနှင့် မြန်မာ့နိုင်ငံခြားရေး မူဝါဒ

၁၉၉၁ခုနှစ် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ကရင်မလင်နန်းတော်ထက်မှ ဆိုဗီယက်ပြည်ထောင်စု၏ တူတံဇဉ် အလံလျှောကျသွားပြီး သုံးရောင်ခြယ် ရုရှားအလံလွှင့်ထူလိုက်ခြင်းနှင့်အတူ စစ်အေးတိုက်ပွဲသည်လည်း နိဂုံးကမ္ပတ် အဆုံးသတ်ကာ ကမ္ဘာ့သမိုင်း၏ အခန်းကဏ္ဍသစ်ကို ဖွင့်လှစ်ခဲ့သည်။ တစ်ချိန်က ကွန်မြူနစ်ဝါဒနှင့်အရင်းရှင်ဝါဒ၊ လက်ဝဲနှင့်လက်ယာ၊အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့ အားပြိုင်ခဲ့ကြရာ ဒုတိယကမ္ဘာစစ်အပြီးကာလ လွတ်လပ်သောနိုင်ငံများဖြစ်လာကြသည့် အာရှနှင့် အာဖရိကနိုင်ငံ အများအပြားတို့ကို အုပ်စုနှစ်ခုတို့က အပြိုင်အဆိုင်စည်းရုံးခဲ့ကြသလို မည်သည့်အုပ်စုဘက်မှ လိုက်ပါခြင်းမရှိဘဲ သီးခြားရပ်တည်ကာ ဘက်မလိုက်နိုင်ငံများအဖွဲ့အစည်းလည်း ပေါ်ပေါက်လာခဲ့သည်။ ၂၀ရာစု နှောင်းပိုင်းကာလတွင် ဈေးကွက်စီးပွားရေးစနစ် ပွင့်လင်းလာမှုနှင့်အတူ ဗဟိုဦးစီးစနစ်နှင့် ချုပ်ကိုင်သည့် စီမံကိန်းချစီးပွားရေးစနစ်မှာ အလဲလဲ အပြိုပြို ဖြစ်လာသည်။ တစ်ဆက်တည်းမှာပင် ဒီမိုကရေစီစနစ်ဆီသို့ တိမ်းညွတ်လာကြကာ အာဏာရှင် စနစ်နှင့် လက်ဝဲဝါဒတို့ နိဋ္ဌိတံလုနီးနီးဖြစ်လာသည်။

၂၁ ရာစုသို့ဝင်ရောက်လာသော ကမ္ဘာကြီးကိုမူ“ကေဝင်ရိုးနှင့်ကမ္ဘာ” ဟု အမေရိကန်သတင်းစာဆရာ ဖာရိဒ်ဇက္ကရီးယားက ကင်ပွန်းတပ်ခဲ့သည်။ အမေရိကန်ဦးဆောင်သော အနောက်အုပ်စု၏ ပြိုင်ဘက်တို့မှာ ၂၀ရာစု သမိုင်းထဲတွင် ကျန်ရစ်ခဲ့ပြီ။ နိုင်ငံရေးနှင့် စစ်ရေးနယ်ပယ်တွင် မျက်မှောက်ကမ္ဘာ၏ စူပါ ပါဝါအဖြစ် အမေရိကန်သည်သာ တစ်ခုတည်းသော ဝင်ရိုးဟု ဆိုနိုင်သော်လည်းစက်မှု၊ ဘဏ္ဍာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့စသည့်မျက်နှာစာ အသီးသီးတို့တွင်မူ ပါဝါခွဲဝေပုံ ပြောင်းလဲခဲ့ပြီဟု ဖာရိဒ်ဇက္ကရီးယားက ညွှန်းဆိုခဲ့သည်။ ၎င်းက အာရှအင်အားကြီးဖြစ်လာသည့် တရုတ်နှင့်အိန္ဒိယတို့ကိုလည်း အမေရိကန်တို့ လျစ်လျူရှုထား၍ မရသည့် စိန်ခေါ်မှုများအဖြစ် ဖော်ပြခဲ့သည်။

နောက်ထပ် ၁၀ နှစ်ကျော်ခန့် ကြာမြင့်ပြီးသည့် နောက်တွင် ဖာရိဒ်ဇက္ကရီးယား၏ ရှုမြင်ချက်များကို ထပ်မံဖြည့်ဆည်းရမည့် အချက်အလက် ဖြစ်ပေါ်တိုးတက်မှုများ ရှိလာပြီဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကစားစရာ၊ အဝတ်အထည်နှင့် ဆဲလ်ဖုန်းလောက်ကိုသာ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်သည့် နိုင်ငံမျှ မဟုတ်တော့။ ကမ္ဘာ့စီးပွားရေး နံပါတ်တစ်နေရာကိုရယူပြီး သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင်လည်း အနောက်အုပ်စု၏ ဦးဆောင်နေရာကို ခြိမ်းခြောက်နေပြီဖြစ်သည်။ ကမ္ဘာ့ငွေကြေးစနစ်ကို လွှမ်းမိုးထားသည့် ဒေါ်လာငွေကြေး၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ စသည်တို့က ယွမ်ငွေကြေး၊ အေအိုင်အိုင်ဘီတို့ကို လှမ်းကြည့်လာရပြီဖြစ်သည်။ ထို့အပြင် တရုတ်ပြည်က ကမကထပြု အကောင်အထည်ဖော်နေသော “လမ်းကြောင်းတစ်ခု၊ ရပ်ဝန်းတစ်ခု” အစီအစဉ်က ကမ္ဘာ့စီးပွားရေးမြင်ကွင်းသစ်များကို ပြသလာနေသည်။

မျက်မှောက် ကမ္ဘာတွင် နိုင်ငံတစ်ခုသည် အထီးတည်း ရပ်နေ၍မရ။ ပထဝီဝင်ဒေသအလိုက် စုစည်းထားသည့် နိုင်ငံအုပ်စုများ၊ စီးပွားရေးတူရာအလိုက် စုစည်းထားသည့် နိုင်ငံအုပ်စုများ၊ ဘာသာရေးတူရာ စုစည်းထားသည့် နိုင်ငံအုပ်စုနှင့် ရည်မှန်းချက်တစ်ခုကို ဦးတည်၍ ဖွဲ့စည်းထားသည့် နိုင်ငံအုပ်စုများဖွဲ့ကာ မိမိတို့ အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စီဆောင်ရွက်နေကြခြင်း ဖြစ်သည်။ မိမိတို့မြန်မာနိုင်ငံသည် “လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ” ကို ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်အပေါ် အခြေခံပြီး ဆက်လက်ကျင့်သုံးလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံကြီးများ အပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေများဖြစ်ရန် သိမ်မွေ့စွာ ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် အချုပ်အခြာအာဏာအရ တန်းတူညီမျှမှု၊ ပြည်သူအချင်းချင်း ချစ်ကြည်နားလည်မှုတို့ကို အခြေခံကာ နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ၊ ပုံရိပ်တို့ကို မြှင့်တင်ရေး ကြိုးပမ်းလျက်ရှိရာ ပြည်တွင်းအင်အားသည် အဓိကဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားနိုင်ငံသားပြည်သူများနှင့် တပ်မတော်ဟူသော ပြည်တွင်းအင်အားဖြင့် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်သွားကြရမည်ဟု ယုံကြည်ပါကြောင်း။ ။

## အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ရန်ကုန်ကောလိပ် ကျောင်းသားကြီး ၁၁ ဦး သစ္စာပြုရာနေရာသို့ သွားရောက်ဂါရဝပြု



**ရန်ကုန် နိုဝင်ဘာ ၁၃**

(၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ရွှေတိဂုံ စေတီတော် စနေထောင့်ရှိ ရန်ကုန်ကောလိပ် ကျောင်းသားကြီး ၁၁ ဦးတို့ တွေ့ဆုံ၍ ရန်ကုန်ယူနီဗာစတီအက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဓိဋ္ဌာန်ပြုသောနေရာသို့ ယနေ့ နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုခဲ့ကြသည်။ **(ဓါတ်ပုံ)**

**ဂါရဝပြု**

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းမှ စကားဝါလမ်း၊ မြို့မကျောင်းလမ်း၊ အတိုင်းချီတက်ကာ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်မှ တက်ရောက်၍ ဂါရဝပြုခဲ့ကြခြင်းဖြစ်သည်။ ယခင်နှစ်က မျိုးဆက်သစ်ကျောင်းသားလူငယ်များ ပါဝင်ချီတက်ခဲ့သော်လည်း ယခုနှစ်တွင် ပါဝင်ချီတက်ခဲ့ခြင်းမရှိဘဲ ကျောင်းသား ကျောင်းသူ ၂၀ ခန့်သာ ရန်ကုန်ကောလိပ် ကျောင်းသားကြီးများ သစ္စာဓိဋ္ဌာန်ပြုရာနေရာသို့ လာရောက် ဂါရဝပြုခဲ့ကြသည်။

အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းအနေဖြင့် ဒုတိယအကြိမ် ချီတက်ဂါရဝပြုခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ချီတက်ဂါရဝပြုရခြင်းနှင့် ပတ်သက်၍ အသင်းအတွင်းရေးမှူး ၁ ကိုသိန်းနိုင်ဦးက “ကျွန်တော်တို့ ၁၉၂၀ ကျောင်းသားသပိတ်ကို အခြေခံပြီးတော့ မြို့မကျောင်းကြီးဖြစ်ပေါ်လာတဲ့ အဓိကအကြောင်းအရင်းကို ဦးတည်ပြီးတော့ ကျွန်တော်တို့ လုပ်ဆောင်တာပါ၊ အမျိုးသားရေးလှုပ်ရှားမှု တစ်ခုပါပဲ၊ ကျွန်တော်တို့ကျောင်းအနေနဲ့ ဒီကျောင်းသားကြီးတွေရဲ့ ကျေးဇူးတွေ အများကြီးရှိခဲ့တယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်” ဟု ပြောသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ စကားဝါလမ်းရှိ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း၌ အမျိုးသားနေ့ စာပေဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (ဒီဇင်ဘာ ၃ရက်နေ့) နေ့လယ်တွင် ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့သည် ကောလိပ်ကျောင်းကို သပိတ်မှောက်ရေးအတွက် ရွှေတိဂုံစေတီတော် စနေထောင့်တွင် လျှို့ဝှက်အစည်းအဝေးကျင်းပခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အိန္ဒိယအသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း ယနေ့ကစားမည်

၂၀၁၉ အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ် (၅)ကို နိုဝင်ဘာ ၁၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသည် အိန္ဒိယလက်ရွေးစင်အသင်းနှင့် အဝေးကွင်း၌ ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် သုံးပွဲကစားအပြီး လေးမှတ်သာရရှိသေး၍ ခြေစစ်ပွဲ အောင်မြင်ရန် လက်ကျန်ပွဲများ အရေးပါလျက်ရှိသည်။ အိန္ဒိယလက်ရွေးစင်အသင်းသည် လေးပွဲကစား လေးပွဲစလုံး အနိုင်ရခဲ့သောကြောင့် လက်ကျန်နှစ်ပွဲအလိုတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ယခုပွဲမှာ မြန်မာအသင်းအတွက် ခြေစစ်ပွဲအောင်မြင်ရေး အရေးပါနေသော်လည်း အိန္ဒိယအသင်းမှာမူ ဂုဏ်သိက္ခာ အတွက်သာ ကစားရမည် ဖြစ်သည်။ မြန်မာအသင်းသည် လက်ကျန်သုံးပွဲကစားရန် ကျန်ရှိနေပြီး အိန္ဒိယနှင့် အဝေးကွင်းပွဲ၊ ကာဂျစ္စတန်နှင့် ပြန်ကန်ပွဲတို့မှာ ခြေစစ်ပွဲ အောင်မြင်ရေးသည် အရေးပါနေပြီး နှစ်ပွဲစလုံး ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ သို့မှသာ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ အုပ်စု(က)တွင် အိန္ဒိယအသင်းက ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သောကြောင့် လက်ကျန်တစ်နေရာအတွက် မြန်မာနှင့်ကာဂျစ္စတန်အသင်းတို့ လေးမှတ်စီဖြင့် အပြိုင်ဖြစ်နေသည်။ ကာဂျစ္စတန်အသင်းသည် မကာအိုအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်ပြီး အနိုင်ရရန်သေချာသလောက်ရှိနေရာ မြန်မာအသင်းအနေဖြင့် အိန္ဒိယနှင့်ပွဲတွင်ရှုံး၍ မရသည့်အနေအထား ဖြစ်သည်။

အိန္ဒိယအသင်းနှင့် မြန်မာအသင်းသည် နိုဝင်ဘာ ၁၄ ရက် ယနေ့မြန်မာစံတော်ချိန် ည ၉ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး MRTV နှင့် For Sport ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၂-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ·၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဘဝသုခ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ကိန်းဝပ်စံပယ်တော်မူသော ဂန္ဓကုဋိတိုက်တော်ကြီးအား ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၃**

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ဘဝသုခ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ကိန်းဝပ်စံပယ်တော်မူသော ဂန္ဓကုဋိတိုက်တော်ကြီးအား ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာစာရာဘိဝံသနှင့် ဆရာတော်ကြီးများက ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ညွှေ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် အလှူရှင် ဒေါက်တာ သန်းနိုင်၊ ဇနီး ဒေါ်ဝေဝေ (Success) သောက်ရေသန့်မိသားစုတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သတင်းစဉ်**



## ဘိုကလေးမြို့နယ် မလော့ကျေးရွာအတွင်းရှိ ဆက်သွယ်ရေး ချောင်းကူးတံတားများဖွင့်

ဘိုကလေး နိုဝင်ဘာ ၁၃

**ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မလော့ကျေးရွာအတွင်းရှိ ဆက်သွယ်ရေး ချောင်းကူးတံတားများဖွင့်လှစ် ရေစက်ချလှူဒါန်းခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။**

အဆိုပါ ကျေးရွာချင်း ဆက်သွယ်ရေး ချောင်းကူးတံတားများကို ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ)၊ မလော့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာသဖ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ အလှူရှင် ဦးဝင်းစိန်တို့ က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယခု ဖွင့်လှစ်ခဲ့သော မလော့ချမ်းမြေ့ သာယာကျောင်းတိုက် ချောင်းကူးတံတား၊ အောင်လှိုင်ချောင်းကူးတံတား၊ ကျွန်းညိုကြီး ကိုးအိမ်တန်းချောင်းကူးတံတား၊ ကျွန်းညိုကြီးရွာ သာယာချောင်းကူးတံတား၊ မြသိန်းတန် ကံကုန်းချောင်းကူးတံတား၊ စက်ဆန်းကံစုဘုန်းတော်ကြီးကျောင်း ရေဆင်းတံတား၊ ကျွန်းညို ခနဲ့ချောင်း ရေဆင်းတံတား၊ သာပေါင်း ၃ ရပ်ကွက် ရေဆင်းတံတား စုစုပေါင်း တံတားရှစ်စင်းကို ဘိုကလေးမြို့နေ ဦးဝင်းစိန်+ဒေါ်အမာကြည် (ဇမာပြည်သားဆန်စက်နှင့် သိဒ္ဓိအောင်ဆန်စက်) မိသားစုတို့က အကုန်ကျခံ လှူဒါန်းပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စုအတွင်း၌ ကျေးရွာပေါင်း ၁၀ ရွာရှိပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းသင့်ခဲ့စဉ်က အသေအပျောက်ဆုံးရှုံးမှုများခဲ့သည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## တောင်ငူမြို့လုံးဆိုင်ရာ စတုတ္ထအကြိမ် သံဃဒါနဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၃**

စတုတ္ထအကြိမ်မြောက် တောင်ငူမြို့လုံးကျွတ် သံဃဒါန ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းလောင်းလှူပွဲကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် စတုတ္ထအကြိမ် ရွှေဆံတော်ဘုရားကြီး အရှေ့ဘက်မုခ်မှ စတင်၍ တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းအတိုင်း ကေတုမတီ တောင်ငူမုခ်ဦးအထိ သံဃာအပါး ၁၅၀၀ ကျော်အား လောင်းလှူကြသည်။ **(ယာပုံ)**




အဆိုပါ ဆွမ်းဆန်တော် လောင်းလှူပွဲကြီးတွင် တောင်ငူမြို့ပေါ်ရှိ စာသင်တိုက် ဘုန်းကြီးကျောင်း ၁၁၀ ကျောင်းမှ သက်ကြီးဝါကြီး ၁၃ ပါး အပါအဝင် သံဃာတော်အပါး ၁၅၀၀ ကျော်နှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများကို တောင်ငူတပ်နယ်မှ မိသားစုဝင်များ၊ တောင်ငူမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပညာရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဘဏ်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအသင်းများ၊ နိုင်ငံရေးပါတီများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများက ဗိုလ်မှူး ဖိုးကွန်းလမ်းတစ်လျှောက် စီတန်းစွာ သဒ္ဓါထက်သန်စွာဖြင့် စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့သည်။ **သူရ(တောင်ငူ)**

## မြိတ်မြို့၌ အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာများ ရှင်းလင်း

**မြိတ် နိုဝင်ဘာ ၁၃**

မြန်မာ့အာမခံလုပ်ငန်း မြိတ်ခရိုင်ရုံးမှ နိုဝင်ဘာလ ပထမပတ်က အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောပွဲကို မြိတ်မြို့စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ ကျင်းပရာ ခရိုင်တာဝန်ခံက အသက်အာမခံ၊ မီးအာမခံ၊ ရေ-လေ ခရီးသွား အာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းများ အကြောင်းကို ဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ ခရိုင်တာဝန်ခံက ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေ ခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် သီပေါမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြဝတီမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ကျိုက်မရောမြို့တွင် ၀ ဒသမ ၉၈ လက်မ နှင့် ဂွမြို့တွင် ၀ ဒသမ ၇၁ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

✻ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မနီလာမြို့ Cultural Center of the Philippines(CCP) ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးနှင့် ဇနီးတို့က ဖွင့်ပွဲအခမ်းအနားနှင့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံ အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံ အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများအား Cultural Center of the Philippines(CCP)အဝင်၌ ကြိုဆိုနှုတ်ဆက်ကြသည်။




(၃၁)ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်




အာဆီယံ စီးပွားရေးအကြံပေးကောင်စီ မျက်နှာစုံညီ တွေ့ဆုံပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

ဖွင့်ပွဲ အခမ်းအနားမစတင်မီ နိုင်ငံ အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို အာဆီယံ အထိမ်းအမှတ်သီချင်းဖြင့် ဖွင့်လှစ်ပြီး အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနီလာမြို့ Philippines International Convention Centre (PICC) ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီး အစည်းအဝေး (Plenary Session) သို့ တက်ရောက်ရာ အစည်းအဝေးမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံ အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အစည်းအဝေးသို့ တက်ရောက်သည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာရွတ် ချန်အိုချာနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်




(၃၁)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်



နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ - အမေရိကန် ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်



(၂၀)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်



(၁၉)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်




(၂၀)ကြိမ်မြောက် အာဆီယံ- ဂျပန် ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

(၃၁)ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီ ထိပ်သီး အစည်းအဝေး (Plenary Session) အပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာရွတ် ချန်အိုချာနှင့် မနီလာမြို့ Philippines International Convention Centre (PICC) ရှိ ညှိခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီ မျက်နှာစုံညီတွေ့ဆုံပွဲ (ASEAN BAC) သို့တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Philippines International Convention Centre (PICC)ရှိ Summit Hall ၌ကျင်းပသည့် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အမေရိကန်ထိပ်သီး အစည်းအဝေး၊ (၂၀)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီး အစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် (၂၀)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးပွဲများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် ၉၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

၂၀၁၇ ခုနှစ် ၉၇ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် မြို့မကျောင်းနှစ် ၁၀၀ ပြည့် အကြိုအထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် ဒဂုံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် မြို့မ အမျိုးသားအထက်တန်းကျောင်းသည် သမိုင်းအစဉ်အလာကြီးမားစွာနှင့် အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်သည့် ပညာတတ်လူငယ်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၂၀ ပြည့်နှစ်တွင် ပထမအကြိမ် ကောလိပ်ကျောင်းသားများ သပိတ်ကာလအတွင်း ရွှေတိဂုံစေတီတော် မြို့မကျောင်းကြီး စတင်သန္ဓေတည်ခဲ့ပါကြောင်း၊ ယင်းအချိန်က ကောလိပ်ကျောင်းသား ကျောင်းသူများက အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူငယ်လေးများကို ဇရပ်များတွင် စာသင်ခန်းများဖွင့်ပြီး ပထမတန်းမှ ဒသမတန်းအထိ သင်ပေးခဲ့ကြပါကြောင်း၊ ရန်ကုန်မြို့တင်မကဘဲ တစ်နိုင်ငံလုံးတွင် ကျောင်းများဖွင့်ပြီး သင်ကြားကြရန် တစ်နိုင်ငံလုံးကို ဆော်သြခဲ့ရာမှ အမျိုးသားကျောင်းပေါင်း ၉၃ ကျောင်း ပေါ်ထွန်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကျောင်းများစတင် တည်ထောင်စက နေရှင်နယ်ကျောင်း၊ တိုင်းရင်းသားကျောင်းဟု ခေါ်ဝေါ်ခဲ့ကြပြီး မြို့မကျောင်းကို ဗဟိုနေရှင်နယ်ကျောင်းဟု အမည်ပေးခဲ့ပါကြောင်း၊ ကျောင်းတည်ထောင်သည့် နေ့ရက်ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်ဟု မှတ်တမ်းပြုထားသည်ကို တွေ့ရသည့်အတွက် မြို့မ အမျိုးသားကျောင်းကြီး၏သက်တမ်းသည် လာမည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် နှစ်ပေါင်း ၁၀၀ ပြည့်တော့မည်ဖြစ်ပါကြောင်း၊ အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ပြီးသည့်နောက်ပိုင်းတွင် မြို့မကျောင်းမှ ရွှေတိဂုံစေတီတော်သို့ နံနက်စောစော လမ်းလျှောက်ချီတက်၍ ဂုဏ်ပြုအခမ်းအနားများ ကျင်းပခြင်း၊ ကျောင်းအဆောက်အအုံကို မီးရောင်စုံများ ထွန်းညှိခြင်း၊ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများ ကျင်းပခြင်းတို့ကို နှစ်စဉ်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်း၏သမိုင်းကြောင်းကို ပြန်ကြည့်သည့်အခါ မြို့မဖခင်ကြီး ဆရာကြီး ဦးဘလွင်၏ လက်ထက်တွင် အတိုးတက်ဆုံး ဖြစ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သည့် သခင်နုကို မွေးထုတ်ပေးနိုင်သကဲ့သို့ ဘက်ပေါင်းစုံတွင် ထက်မြက်ထူးချွန်သည့် နိုင်ငံ့သားကောင်းများစွာလည်း ပေါ်ထွန်းလာခဲ့ပါကြောင်း၊ ထို့ပြင် ဆရာကြီး ဦးဘလွင်၏ လက်ထက်တွင် ယခုသုံးထပ်ကျောင်းကြီးကို တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ဘုံဆင့်ပြာသာဒ်နှင့် မြန်မာမှု မြန်မာ့ဟန် အပြည့် လွှန်စွာတင့်တယ်လှသည့် ကျောင်း အဆောက်အအုံကြီးကို ၁၉၂၉ ခုနှစ် နဝမအကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့မှ စတင်အုတ်မြစ်ချခဲ့ပြီး နှစ်နှစ်အကြာ ၁၉၃၁ ခုနှစ် အမျိုးသားအောင်ပွဲနေ့ (သောကြာ)နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယင်းကျောင်း အဆောက်အအုံကြီး၏ သက်တမ်းသည်လည်း နှစ် ၁၀၀ ပြည့်လာမည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံတစ်ခု ဖြစ်လာစေရန် အလားအလာလည်း ရှိနေပါကြောင်း၊ သို့ဖြစ်၍ ယင်းကျောင်းကြီးကို မပျက်မစီး၊ မယိုမယွင်းရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါကြောင်း၊ ခြုံငုံသုံးသပ်ရမည်ဆိုပါက မြန်မာတစ်နိုင်ငံလုံးတွင် တည်ထောင်ခဲ့ကြသည့် အမျိုးသားကျောင်းများထဲမှ မြို့မ အမျိုးသားအထက်တန်းကျောင်းသည် ထိပ်ဆုံးတွင် ရပ်တည်ခဲ့သည့်အတွက် ကျောင်းကြီး၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း သယ်ဆောင်သွားရေးသည် ကျောင်းနှင့် ဆက်စပ်ပတ်သက်နေသူ အားလုံးအပေါ်တွင် တည်မှီနေပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြို့မကျောင်းသားဟောင်းတစ်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြို့မဖခင်ကြီး ဆရာကြီး ဦးဘလွင်၏ သမီး ဒေါ်စုစုလွင်က ဂုဏ်ထူးငါးဘာသာရရှိသည့် မောင်မြတ်ဟိန်းခန့်အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ၉၇ နှစ်မြောက် အမျိုးသားနေ့အောင်ပွဲ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အမျိုးသားအောင်ပွဲနေ့အခမ်းအနား ဗဟန်းမြို့နယ်ရှိ NLD ဌာနချုပ်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

၉၇ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်တွင် ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီအရေးတော်ပုံတွင် အသက်ပေးခဲ့သော ရဟန်း၊ ရှင်လူ ကျောင်းသားပြည်သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ကြသည်။

ယင်းနောက် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာ မျိုးညွန့်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် "ယခုအချိန် မိမိတို့သည် အဆင့်မြင့်သည့် နိုင်ငံရေး၊ သိက္ခာရှိသည့် နိုင်ငံရေးကို အခြေခံပြီး ညီညွတ်ငြိမ်းချမ်းသည့် နိုင်ငံသစ်ဆီသို့ ချီတက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့ရလေ့ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်ပေါင်းစုံအကျပ်အတည်းများ၊ စိန်ခေါ်မှုများကိုလည်း ပြည်သူနှင့်အတူ ပူးပေါင်းပြီး မဆုတ်မနစ် ရင်ဆိုင်ဖြေရှင်းလျက်ရှိပါကြောင်း၊ အထူးသဖြင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးသည် အဓိကအကျဆုံးနှင့် အရေးအကြီးဆုံး ဖြစ်သလို လတ်တလော အန္တရာယ်ဇုန်အတွင်းတွင် ကျရောက်နေသည့် ရခိုင်ပြည်နယ်မြောက်ပိုင်း ပြဿနာသည်လည်း ပဓာနကျဖြေရှင်းရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း။

"မိမိတို့သည် မိမိနိုင်ငံ၏ အမျိုးသားအမှတ်သရုပ်နှင့် အမျိုးသားဂုဏ်သိက္ခာကို လည်းကောင်း၊ မိမိနိုင်ငံ၏ အမျိုးသားလုံခြုံတည်ငြိမ်ရေးနှင့် အမျိုးသားအချုပ်အခြာအာဏာ တည်တံ့ရေးတို့အတွက် လည်းကောင်း ရှန်းကန်ကာကွယ်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် မြောက်ပိုင်း ပြဿနာသည် မြန်မာတစ်နိုင်ငံလုံး၏ ပြဿနာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် အမှန်တရားနှင့်အတူ နေထိုင်အလုပ်လုပ်ရင်း၊ အမှားတရားများကို ချေဖျက်ရင်း၊ အမျိုးသားသင့်မြတ်ရေးကို အခြေခံသည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင်သို့ ဦးလည်မသုန် ချီတက်ကြပါစို့" ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး မုံရွာ ဦးအောင်ရှင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၉၇ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကြေညာချက်အားဖတ်ကြားပြီး ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များက ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က "အမျိုးသားနေ့ဆိုတာ သမိုင်းတန်ဖိုးကြီးမားပါတယ်၊ ဒီလိုနေ့ကို စတင်ဖြစ်ပေါ်လာအောင် လှုပ်ရှားဆောင်ရွက်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ သူရဲကောင်းတွေနဲ့ ဒီလိုပွဲကြီးကို မြန်မာပြည်အနှံ့မှာ ကျင်းပနိုင်အောင် စဉ်ဆက်မပြတ် ပေးဆပ်မှုမျိုးစုံနဲ့ ပေးဆပ်ခဲ့ကြတဲ့ တိုက်ပွဲဝင်ရဲဘော်အပေါင်းကို လေးစားဂုဏ်ပြုတဲ့ အနေနဲ့ အခုလို လာရောက်ခဲ့တာပါ၊ ဒီလိုပွဲတွေများများ လုပ်ပေးခြင်းအားဖြင့် အမျိုးသားနေ့နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ သမိုင်းတန်ဖိုးတွေ၊ နိုင်ငံရေးဆိုင်ရာ အတွေးအခေါ်သစ်တွေကို လူငယ်တွေ ရရှိစေမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယခုအခမ်းအနားကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဟံသာမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယင်းနောက် စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) တို့က ၉၇ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောမှုများ ပြုလုပ်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## အမျိုးသားနေ့ အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

**ကလော**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့တွင် ၉၇ နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**လားရှိုး**

၉၇ နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို လားရှိုးမြို့ အခြေခံပညာ အထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ နိုဝင်ဘာ ၁၃ ရက်နံနက် ၉ နာရီက ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လားရှိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက ဖတ်ကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် ၉၇ နှစ်မြောက်အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားသည်။ **ဂျူနိုင်း**

**တပ်ကုန်း**

တပ်ကုန်းမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၁၃ ရက် နံနက်က ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ဖတ်ကြား၍ အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ဆုရသူများအား ဆုချီးမြှင့်သည်။

**တင်ထွန်းတာ(တပ်ကုန်း)**



**၉၇ နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို မြောက်ဦးမြို့ လော်ကမူရပ်ကွက် ပြင်စျေး အထက(ခွဲ)လ-၃ ကျောင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်က ဖတ်ကြားစဉ်။** ခရိုင် (ပြန်/ဆက်)

❀ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ပန်ဆန်းမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ‘ဝ’ အထူးဒေသ(၂)ဥက္ကဋ္ဌ ဦးပေါက်ယူချမ်း ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**‘ဝ’ အထူးဒေသ(၂)**

ယင်းနောက် ပန်ဆန်းမြို့ ‘ဝ’ အထူးဒေသ(၂) အစည်းအဝေးခန်းမတွင် ဒုတိယဥက္ကဋ္ဌ ဦးရှောက်မီလျန် ဦးဆောင်သော တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ‘ဝ’ အထူးဒေသ (၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မီလျန်ထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပန်ဆန်းမြို့ရှိ ပံသုသိင်္ဂီစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မဟာဝန်ဘုန်းတော်ကြီးကျောင်းတွင် ပန်ဆန်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပန်ဆန်းမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ နှုတ်ဆက်အားပေးစကား ပြောကြားသည်။

**နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှု**

ဆက်လက်၍ ပန်ဆန်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ပန်ဆန်း-မိုင်းပေါက်-မိုင်းယန်း-ဆီလူး-မိုင်းလားလမ်းတစ်လျှောက် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

**မိုင်းလား အထူးဒေသ(၄)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းလားမြို့သို့ ရောက်ရှိကြပြီး မိုင်းလား အထူးဒေသ(၄) အစည်းအဝေးခန်းမတွင် ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သော တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် အဖွဲ့ မိုင်းလား အထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် မိုင်းလား အထူးဒေသ(၄)ရှိ ဒွေနဂရစေတီတော်နှင့် ရဟန်းသံဃာတော်များ သီတင်းသုံးရာ ကျောင်းဆောင်ပြန်လည်မွမ်းမံရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ လှူဒါန်းငွေကျပ်သိန်း ၇၀၀ ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အဖွဲ့က မိုင်းလား အထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းထံ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက တိုင်းရင်းသား ခေါင်းဆောင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မိုင်းလားမြို့ ဒွေနဂရစေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး မိုင်းလားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့သို့ရောက်ရှိစဉ် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်စိမ်းရိုင်း တရားမဝင် ရှာဖွေသူများနှင့် ပတ်သက်၍ စီမံချက်ရေးဆွဲနိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်

မြစ်ကြီးနား နိုဝင်ဘာ ၁၃

**ကျောက်စိမ်းရိုင်း တရားမဝင်ရှာဖွေသူ (ရေမဆေး)များ၏ ဥပဒေနှင့်အညီ အလုပ်အကိုင်ရရှိစေရေး၊ ဥပဒေမဲ့လုပ်ရပ်များ မပြုလုပ်စေရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် စီမံချက်ရေးဆွဲနိုင်ရန် ရည်ရွယ်ပြီး ညှိနှိုင်းအစည်းအဝေးကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက် အမှာစကား ပြောကြားသည်။**

**အမြဲအလေးထားဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားအရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်နေသော အချိန်တွင် ပြည်သူ၏ တင်ပြချက်နှင့် လိုအပ်ချက်များကို မူတည်ပြီး မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဖြေရှင်းဆောင်ရွက်ပေးနေပါကြောင်း၊ ကချင်ပြည်နယ်ရှိ ကျောက်စိမ်းရိုင်း တရားမဝင် ရှာဖွေသူ (ရေမဆေး)များနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်နေသော အခက်အခဲများသည် လတ်တလောပဋိပက္ခ အသွင်ရှိနေပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော အလုပ်အကိုင် ရှာဖွေလုပ်ကိုင်ကြသူများ၊ ဝန်ကြီးဌာနနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ ပါဝင်ပတ်သက်နေသော လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ ကြုံတွေ့နေကြသော အခက်အခဲကို ဖြေရှင်းနိုင်မည့်နည်းလမ်းမှာ တရားဥပဒေအရ ဖြေရှင်းဆောင်ရွက်ပေးနိုင်သော စီမံချက်တစ်ခု ရေးဆွဲနိုင်ရေး ဖြစ်ပါကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သော အတွေ့အကြုံများ၏ အားသာချက်၊ အားနည်းချက်များနှင့် နှိုင်းယှဉ်ပြီး ပိုမိုကောင်းမွန်သော စီမံချက်တစ်ခု ဖြစ်စေရန်အတွက် ပါဝင်ဆွေးနွေး အကြံပြုပေးကြစေလိုပါကြောင်းနှင့် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ အရေးကိစ္စကို အလျင်အမြန် တုံ့ပြန်ဖြေရှင်းပေးရန်အတွက် အမြဲအလေးထား ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ကချင်ပြည်နယ်ရှိ ရေမဆေးကျောက်လုပ်ငန်းနှင့် ပတ်သက်သော ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများနှင့် အဖွဲ့အစည်းများအလိုက် ပါဝင်ဆောင်ရွက်နေမှုများ၊ ကျောက်မျက်ရတနာနယ်မြေအတွင်း လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေအပေါ် လိုက်နာဆောင်ရွက်မှု၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ ဥပဒေရေးရာ ကိစ္စရပ်များ၊ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဖြေရှင်းနိုင်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုကြရာ လိုအပ်ချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့သည်။

**ထောက်ပံ့ကြေးပေးအပ်မည်**

ထို့နောက် ကချင်ပြည်နယ်အတွင်း မိုင်းအန္တရာယ်ကြောင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူများနှင့် ရေမဆေးကျောက်ရှာဖွေရေးလုပ်ငန်းခွင်အတွင်း ကျဆုံးခဲ့သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တို့အား



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကချင်ပြည်နယ်အတွင်း မိုင်းဒဏ်ရာကြောင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မိုင်းဒဏ်ရာကြောင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူ ငါးဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီနှင့် ကျဆုံးသွားသော ရဲတပ်ကြပ်အောင်ခိုင်အတွက် သားဖြစ်သူ မောင်အောင်နိုင်ထွန်းအား ထောက်ပံ့ငွေကျပ် ခုနစ်သိန်းတို့ကို ပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းများအား ကူညီထောက်ပံ့ရေး အစီအစဉ်အရ ကချင်ပြည်နယ်အတွင်းရှိ မိုင်းအန္တရာယ်ကြောင့် မသန်စွမ်းဖြစ်ရသူ အားလုံးအတွက် ဆက်လက်၍ ထောက်ပံ့ကြေးငွေများ ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

**ကူညီပေးမည့်အစီအစဉ်**

ဆက်လက်၍ ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာရှိ IDP စခန်းနှင့် မိုင်းနားအာရ်စီစခန်းများသို့ သွားရောက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်ထားရှိသော လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ၊ ဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်မှု အခြေအနေများကို လေ့လာကြည့်ရှုပြီး လိုအပ်ချက်နှင့် တင်ပြချက်များအပေါ် ဆက်လက်ပံ့ပိုးကူညီပေးမည့် အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ဆုချီးမြှင့်**

ခရီးစဉ်အတွင်း မိုင်းနားအာရ်စီစခန်းအတွင်း ကျင်းပသော ကလေးသူငယ်များအတွက် မိုင်းအန္တရာယ် အသိပညာပေးပြပွဲ၊ ပြိုင်ပွဲသို့ ပါဝင်တက်ရောက် အားပေးပြီး ဆုရရှိသော ကလေးငယ်များကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကာ ကလေးကစားစရာ အရုပ်များနှင့် မုန့်များကိုလည်း ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်း ခြောက်ခုမှ အိမ်ထောင်စု ၃၉၉ စု၊ လူဦးရေ ၁၉၄၆ ဦးအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၄၉၅၃၈၀ ရှိ ဆန်ရိက္ခာ ဆီ၊ ဆား၊ ပဲစသည့် စားနပ်ရိက္ခာများကို အောက်တိုဘာ ၂၇ ရက်တွင် ထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

အလားတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်သည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းနှင့်အတူ နိုဝင်ဘာ ၁၂ ရက်တွင် နမ့်ခမ်းမြို့နယ် နေဝန်းနီ တိုက်ပွဲရှောင်စခန်းသို့ သွားရောက်၍ နမ့်ခမ်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်း ခြောက်ခုမှ မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး အိမ်ထောင်စု ၃၉၉ စု၊ လူဦးရေ ၁၉၄၆ ဦးအတွက် စောင် ၃၉၉ ထည်နှင့် အနွေးထည် ၇၉၈ ထည်၊ တိုက်ပွဲရှောင်စခန်းရှိ မသန်စွမ်း နှစ်ဦး၊ ထင်းဖိုးနှင့် စက်ဆီဖိုးတို့ကို ထောက်ပံ့ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၈၃၅၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

နိုဝင်ဘာ ၁၃ ရက်တွင် အမှတ်(၅)ရပ်ကွက်ရှိ နှစ်ခြင်းအသင်းတော် ဇုံနယ်ဝန်း တိုက်ပွဲရှောင်စခန်းတွင် မိသားစုများနှင့် တွေ့ဆုံခဲ့ပြီး ကွတ်ခိုင်မြို့နယ်ရှိ စခန်း ၁၂ ခုမှ အိမ်ထောင်စု ၈၅၄ စု၊ လူဦးရေ ၄၈၆၂ ဦးအတွက် တန်ဖိုးငွေကျပ် ၂၅၃၉၀၆၈၀ ရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် စားနပ်ရိက္ခာ ၁၄ ရက်စာနှင့် စောင် ၈၅၄ ထည်နှင့် အနွေးထည် ၁၇၀၈ ထည် တန်ဖိုးငွေကျပ် ၅၅၅၁၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၉၄၁၆၈၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

# မန္တလေး ကလေးကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်ရန်အတွက် မတည်ငွေနှင့် ကျောက်ကပ်ဆေးစက် လှူဒါန်း




သင်္ဂဟဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်အား အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

**မန္တလေး နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတွင် တောနှင့်မြို့ ကျန်းမာရေး ကွာဟချက်၊ ဆင်းရဲချမ်းသာ ကွာဟချက်နှင့် နည်းပညာပိုင်း ကွာဟချက် စသည့်ကဏ္ဍစုံတွင် ကွာဟချက် ကြီးမားဆဲဖြစ်ပြီး အဆိုပါ ကွာဟချက်များ ကျဉ်းမြောင်းစေရန် အစိုးရပိုင်းတစ်ခုတည်းဖြင့် လုပ်ဆောင်၍ မဖြစ်နိုင်ဘဲ စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းပါဝင်မှုလည်း များစွာလိုအပ်နေသည်။

ထို့သို့ စေတနာရှင် အလှူရှင်များ၏ ၎င်းတို့တတ်နိုင်သည့် အတိုင်းအတာဖြင့် လိုအပ်နေသည့် နေရာများသို့ လှူဒါန်းခြင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မျှဝေခြင်းဟု သုံးနှုန်းထားပြီး အဆိုပါမျှဝေခြင်းတွင် စေတနာရှင် သင်္ဂဟဖောင်ဒေးရှင်း၏ ကလေးကျောက်ကပ်ဝေဒနာရှင်များအတွက် လှူဒါန်းခြင်း တစ်ခုလည်း အပါအဝင်ဖြစ်သည်။

**လွှဲပြောင်းပေးအပ်လှူဒါန်း**

အဆိုပါ အလှူရှင် သင်္ဂဟဖောင်ဒေးရှင်းအနေဖြင့် မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီးတွင် ငွေကြေးအခက်အခဲရှိသော ကလေး ကျောက်ကပ်ဝေဒနာရှင်များအတွက် လိုအပ်သည်များ အထောက်အကူပြု သုံးစွဲနိုင်ရန်နှင့် စဉ်ဆက်မပြတ် ဘဏ္ဍာငွေရရှိရေးအတွက် မန္တလေး ကလေးကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်ရာတွင် မတည်အလှူငွေနှင့် ကျောက်ကပ်ဆေးစက် လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ရွှေမန်းတောင် ဂေါက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေး ကလေးကျောက်ကပ်ဖောင်ဒေးရှင်းထူထောင်ရန် မတည်အလှူငွေကျပ် သိန်း ၅၀၀၀ နှင့် ကျောက်ကပ်ဆေးစက်၏ တန်ဖိုးငွေကျပ် သိန်း ၈၀၀ တို့ကို အလှူရှင် သင်္ဂဟဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်အား ပေးအပ်လှူဒါန်းသည်။




**အလှူရှင်များနှင့် ကလေးကျောက်ကပ်အထူးကုဆရာဝန်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**နှလုံးလှဆရာဝန်**

မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က "ကျွန်တော်တို့ နိုင်ငံမှာရှိနေတဲ့ အနာဂတ် ကလေးတွေ၊ လူငယ်လေးတွေ ရှင်သန်နိုင်ဖို့အတွက် ဆက်ထိန်းသိမ်းပေးပြီး ရှင်သန်နိုင်အောင် ပြုစုပျိုးထောင်ပေးတဲ့ ဆရာဝန်တွေကို နှလုံးလှဆရာဝန်တွေလို့ တင်စားချင်ပါတယ်၊ ဒီနေ့ပွဲက စေတနာအလှုကို တွေ့ရတဲ့ပွဲပါ၊ ဒီနေ့ အဓိကဖောင်ဒေးရှင်းဖြစ်တဲ့ သင်္ဂဟဖောင်ဒေးရှင်းအနေနဲ့ ငွေပဒေသာပင် ငွေကျပ် သိန်း ၅၀၀၀ စိုက်ထူးပေးသလို ၂၄ နာရီလုံး လည်ပတ်နိုင်တဲ့ ကျောက်ကပ်ဆေးစက်ကိုလည်း လှူဒါန်းပါတယ်၊ နောက်ထပ် အလှူရှင် ၃၀ ကျော်လည်း ရှိလာပါတယ်၊ ဒီလိုအလှူရှင်တွေ ဝိုင်းဝန်းပံ့ပိုး ကူညီပေးတာဟာ မျှဝေပေးတယ်လို့ ကျွန်တော်ယူဆပါတယ်၊ ဒါကြောင့် ဒေါ်အုပ်စု သင်္ဂဟဖောင်ဒေးရှင်းမှ တာဝန်ရှိသူတွေနဲ့ အလှူရှင်များအားလုံးကို မန္တလေးတိုင်းဒေသကြီး အစိုးရကိုယ်စား၊ ကျောက်ကပ်ဝေဒနာရှင် ကလေးတွေကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။

**ကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်**

ဆက်လက်၍ အလှူရှင် သင်္ဂဟဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က "ကျောက်ကပ်ဝေဒနာ ခံစားနေရတဲ့ကလေးတွေကို ဝန်ကြီးချုပ်က ကျွန်တော်တို့ကို ခေါ်ပြီးပြသတဲ့အခါ ကျွန်တော်တို့ရဲ့ရင်ထဲမှာ စူးနစ်စွာ ခံစားခဲ့ရပါတယ်၊ ဒါကြောင့် ဝန်ကြီးချုပ်နဲ့တိုင်ပင်ပြီး ကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်ဖို့ မတည်အလှူငွေနဲ့ ကျောက်ကပ်ဆေးစက်ကို လှူဒါန်းဖို့ ချက်ချင်းဆုံးဖြတ်ခဲ့ပါတယ်။

**မျှော်လင့်ချက်တွေ ရှင်သန်နိုင်**

"ကျွန်တော့်တို့ကုမ္ပဏီရဲ့ ရည်မှန်းချက်ဆောင်ပုဒ်ကလည်း "ချမ်းသာမျှဝေ ပျော်ရွှင်နိုင်စေ "ဆိုတဲ့ ဆောင်ပုဒ်လေးပါ၊ ဒါကြောင့် ကျွန်တော်တို့ ဒေါ်ကုမ္ပဏီအုပ်စုက သင်္ဂဟဖောင်ဒေးရှင်းကို တည်ထောင်ခဲ့ပြီး ချမှတ်ထားတဲ့ ဆောင်ပုဒ်နဲ့ အညီ ထောက်ပံ့ကူညီမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်၊ အခု ကျောက်ကပ်ဝေဒနာရှင် ကလေးတွေက သူတို့ ကျောက်ကပ် အစားထိုးနိုင်ပြီး အသက်ဆက်ရှင်နေခဲ့ရင်လို့ မျှော်လင့်ချက်နဲ့ပြောတဲ့ စကားသံတွေကို ကြားရတဲ့အတွက် ဒီကလေးတွေရဲ့ မျှော်လင့်ချက်တွေကို ရှင်သန်နိုင်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

"နိုင်ငံတော်ကလည်း ပြည်သူနဲ့အတူ သွားကြဖို့ပြောသလို ကျွန်တော်တို့ လုပ်ငန်းရှင်တွေ ပြည်သူတွေအနေနဲ့ကလည်း နိုင်ငံတော်နှင့်အတူလို့ ခံယူပြီးသွားကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မကြာခင် ဖွံ့ဖြိုးတိုးတက်လာမှာပါ၊ ဒါကြောင့် နိုင်ငံတော်နဲ့အတူ သွားကြမယ်လို့ ခံယူပြီး ကျွန်တော်နဲ့ ပါဝင်လှူဒါန်းကြသူအားလုံးကို ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားသည်။

**ပထမဆုံး ကလေးကျောက်ကပ်အစားထိုး**

မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီးရှိ ဆီးနှင့်ကျောက်ကပ်ဌာနကို ၂၀၁၅ ခုနှစ်မှစ၍ ဖွဲ့စည်းခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံတွင် ပထမဆုံး ကလေးကျောက်ကပ်အစားထိုး လဲလှယ်မှုလုပ်ငန်းကို နိုင်ငံတော်အစိုးရနှင့် အလှူရှင်များ၏ ပံ့ပိုးကူညီမှု ကျောက်ကပ် ဆရာဝန်များ၏ ကြိုးစားမှုကြောင့် ၂၀၁၅ ခုနှစ်မှ ယခုအချိန်ထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံမှ ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်အေးအေးမြင့်က ပြောသည်။

" ဒီဆေးရုံမှာ ကျောက်ကပ်ဆေးပြီး အသက်ရှင်နေကြတဲ့ ကလေးတွေရဲ့ အခြေအနေကို ဝန်ကြီးချုပ် မြင်တွေ့တဲ့အခါမှာ ကလေးတွေရဲ့ ဆေးကုသမှု၊ စားဝတ်နေရေးနဲ့ ပညာရေးအတွက် လူနာဘက်က ကုန်ကျမှုမရှိအောင်နဲ့ ကုသမှုရဲ့ အစစ်အမှန်ဖြစ်တဲ့ ကျောက်ကပ်အစားထိုး လုပ်ငန်းတွေကိုလည်း ဆက်လက်လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ပြီး ဒီကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်နိုင်ဖို့အတွက် ဝန်ကြီးချုပ်ရဲ့ ဦးဆောင်မှုနဲ့ သင်္ဂဟဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၅၀၀၀ မတည်ပြီး အခြား အလှူရှင်တွေကလည်း ဒီနေ့ဒီရက်မှာ လှူဒါန်းခဲ့ပါတယ်။

**ကျောက်ကပ် အခမဲ့ဆေးပေး**

"ကျွန်မတို့ရဲ့ ဒီကလေးကျောက်ကပ် ကုသဆောင်လေးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ စဖွင့်ခဲ့ပါတယ်၊ အရင်တုန်းက နာတာရှည်ကျောက်ကပ်ရောဂါသည်တွေဟာ ကျောက်ကပ်ဆေးတဲ့အခါမှာ လူကြီးနဲ့ ကလေး ကွာခြားချက်တွေရှိတဲ့အတွက် လူကြီးလည်း ဆေးလို့မရ၊ ကလေးလည်း မဆေးပေးနိုင်တဲ့အတွက် အသက်ဆုံးရှုံးမှုတွေ အများကြီး တွေ့ရှိခဲ့ရပါတယ်၊ အခုအချိန်မှာတော့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက စပြီး ကျောက်ကပ်ဆေးစက်နှစ်လုံး လှူဒါန်းတဲ့ အလှူရှင်ပေါ်လာတဲ့အတွက် ဒီစက်နှစ်လုံးနဲ့ နာတာရှည် ကျောက်ကပ်လူနာတွေကို တစ်ပတ်ကို သုံးရက် ကျောက်ကပ်ဆေးပြီး ကုသပေးနေပါတယ်၊ ကုသမှုခံယူသူ ကလေး ၂၀ ရှိပါတယ်၊ သူတို့ထဲက လူနာ ၁၇ ဦးဟာ အဝေးမှာနေတဲ့အတွက် ဆေးရုံမှာထားပြီး ကုသပေးနေပါတယ်၊ ကျောက်ကပ်ကို အခမဲ့ဆေးပေးနေပေမယ့် သူတို့ရဲ့ စားဝတ်နေရေးနဲ့ ပညာရေးကို မိဘတွေက မတတ်နိုင်တဲ့အတွက် ကျွန်မတို့ ကျောက်ကပ်ဆောင်က ဆရာတွေ ဆရာမတွေ အားလုံး ပူးပေါင်းပြီး စေတနာရှင်တွေရဲ့ ထောက်ပံ့ကူညီမှုတွေနဲ့ ၂၀၁၅ ခုနှစ်ကစပြီး ယခုအချိန်အထိ စောင့်ရှောက်လာခဲ့ပါတယ်။

**အောင်မြင်စွာ ဆောင်ရွက်နိုင်**

"သူတို့အတွက် စစ်မှန်တဲ့ ကုသမှုဖြစ်တဲ့ ကျောက်ကပ်အစားထိုးခြင်းကို ပထမဆုံးအနေနဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ ကလေးနှစ်ယောက်ကို စင်ကာပူနိုင်ငံ National University Hospital ရဲ့ နည်းပညာအကူအညီနဲ့ မန္တလေးက ဆရာဝန်ကြီးတွေ ပူးပေါင်းပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သလို ဒုတိယအကြိမ်အဖြစ် ဇွန် ၂၄ ရက်နဲ့ ၂၅ ရက်မှာ ကလေးနှစ်ယောက်ကို အောင်မြင်စွာ အစားထိုး လဲလှယ်နိုင်ခဲ့ပါတယ်၊ အခု ဒီဖောင်ဒေးရှင်းကရတဲ့ အလှူငွေတွေနဲ့ ကျောက်ကပ်ဆေးရမယ့် ကလေးတွေအတွက် လည်းကောင်း အရေးပေါ်သုံးစွဲပြီး ကျောက်ကပ် မလဲပေးနိုင်သေးလို့ ပုံမှန်ကျောက်ကပ်ဆေးပြီး အသက်ရှင်နေနိုင်သေးတဲ့ ကလေးတွေရဲ့ စားဝတ်နေရေးနဲ့ ပညာရေးကုန်ကျစရိတ်အတွက် လည်းကောင်း၊ ကျောက်ကပ်အစားထိုး လဲလှယ်ပေးမှု ကုန်ကျစရိတ်အတွက် လည်းကောင်း သုံးစွဲသွားပါမယ်။

"အခုလို ဖောင်ဒေးရှင်းထူထောင်ပြီး လှူဒါန်းမှုဟာ ဒီဝေဒနာရှင်ကလေးတွေအဖို့ အများကြီး အကျိုးရှိတဲ့အတွက် ကလေးတွေကိုယ်စား အလှူရှင်အားလုံးကို အထူး



ကလေးဆေးရုံ ဆီးနှင့် ကျောက်ကပ် ဆေး ကုသဆောင် တာဝန်ခံ ဒေါက်တာ ချောစုခိုင်

ကျေးဇူးတင်ပါတယ် "ဟု ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံ ဆီးနှင့် ကျောက်ကပ်ဆေးကုသဆောင်တာဝန်ခံ ဒေါက်တာ ချောစုခိုင်က ပြောကြားသည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် ကလေး ကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်ရန် မတည်အလှူငွေကျပ် သိန်း ၅၀၀၀ နှင့် ကျောက်ကပ်ဆေးစက်ဝယ်ယူရန် ငွေသိန်း ၈၀၀ တို့ကို သင်္ဂဟဖောင်ဒေးရှင်းမှ လှူဒါန်းခဲ့ပြီး တက်ရောက်လာသော အလှူရှင်များမှ ငွေကျပ် ၂၂၅၅၉၀၀၀ ကို စုပေါင်း လှူဒါန်းခဲ့ကြသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## စလင်းတွင် မိုးစပါးစံကွက် ရိတ်သိမ်း

**စလင်း နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စိဆွဲကျေးရွာတွင် နိုဝင်ဘာ ၁၂ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ကျင်းပခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကြီးမှူးကျင်းပရာ စလင်းမြို့နယ် စိဆွဲကျေးရွာအုပ်စု ကွင်းအမှတ် ၃၄၈၊ ဦးပိုင်အမှတ် (၆၇/၂) တောင်သူ ဦးတင်ငွေ၏ ဆင်းသုခ စိုက်ပျိုးသော လယ်မြေတွင်ကျင်းပခဲ့ရာ ယင်းအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးစိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်၊ တိုင်းဒေသကြီး လယ်ယာနှင့် စာရင်းအင်းဦးစီးဌာန ဦးဇော်ဝင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကျေးလယ်စီအဖွဲ့ဝင်များ၊ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြပြီး ကိုယ်စားပြုစံပြကွက်အား ရိတ်သိမ်းရာ အစိုထွက် ၉၀ ဒသမ ၆၇ တင်း ထွက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



*ကျောဖုံးမှ*

ခုံတိုင်ရွာသစ် တည်ဆောက်မည့်နေရာသို့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂ ရက်က ရောက်ရှိခဲ့ပြီး မြို့တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသခံတိုင်းရင်းသားများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကလေးများ စာသင်မပျက်ကျောင်းတက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန်



မြို့တိုင်းရင်းသူများကို တွေ့ရစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ မြို့တိုင်းရင်းသားအိမ်ထောင်စုများအတွက် အလှူငွေ ပေးအပ်စဉ်။ သတင်းစဉ်

အလေးထား မှာကြားခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ခုံတိုင်ကျေးရွာသစ်သို့ ရောက်ရှိကြပြီး ကျေးရွာအဂ္ဂါရပ်များနှင့်ပြည့်စုံအောင် စီစဉ်ဆောင် ရွက်နေမှုအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးက တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၃၈ စု အတွက် ငွေကျပ် ၁၉ သိန်းနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့အတွက် ငွေကျပ် တစ်သိန်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာယဉ်ကျေးမှုအဖွဲ့အတွက် ငွေကျပ် နှစ်သိန်း ပေးအပ်ပြီး ကျေးရွာအသစ် တည်ဆောက်နေမှုကို ကြည့်ရှုသည်။

**တိုက်အိမ် ၉၆ လုံး**

ခုံတိုင်ရွာသစ်ကို ကြိမ်ချောင်း-ဗန္ဓုလလမ်း ပဒကားချောင်းနံဘေးရှိ မြေ ၃၅ ဧကပေါ်တွင် ခြံတစ်ကွက်လျှင် ပေ(၄၀×၆၀) မြေကွက်များနှင့် လမ်းများဖော်ထုတ်၍ တစ်ထပ်တိုက်အိမ်တစ်လုံးလျှင် ငွေကျပ် သိန်း ၇၀ တန်ဖိုးရှိ တိုက်အိမ် ၉၆ လုံးနှင့် မြို့ရိုးရာနေအိမ် တစ်လုံး၊ ဘက်စုံသုံးစုပေါင်းခန်းမ တစ်လုံး၊ ဆေးပေးခန်း၊ စာသင် ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ရေတွင်းများ တည်ဆောက်ပေးရန် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ဘက်စုံဖွံ့ဖြိုး**

ရိုးသားအေးဆေးစွာနေထိုင်ကြပြီး စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော မြို့တိုင်းရင်းသားများအတွက် ခုံတိုင်ရွာသစ်ကို ကျေးရွာအဂ္ဂါရပ်များနှင့် ပြည့်စုံအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကြာမီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပေသည်။

**သတင်းအဖွဲ့**



ခုံတိုင်ကျေးရွာသစ် တည်ဆောက်နေမှုကို တွေ့ရစဉ်။

**"ခုံတိုင်ရွာသစ်ကို ကြိမ်ချောင်း-ဗန္ဓုလလမ်း ပဒကားချောင်းနံဘေးရှိ မြေ ၃၅ ဧကပေါ်တွင် ခြံတစ်ကွက်လျှင် ပေ(၄၀×၆၀) မြေကွက်များနှင့် လမ်းများ ဖော်ထုတ်၍ တစ်ထပ်တိုက်အိမ် တစ်လုံးလျှင် ငွေကျပ် သိန်း ၇၀ တန်ဖိုးရှိ တိုက်အိမ် ၉၆ လုံးနှင့် မြို့ရိုးရာ နေအိမ်တစ်လုံး၊ ဘက်စုံသုံး စုပေါင်းခန်းမ တစ်လုံး၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ရေတွင်းများ တည်ဆောက်ပေးရန် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ"**

# ၉၇ နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား မောင်တောမြို့၌ ကျင်းပ



မောင်တော နိုဝင်ဘာ ၁၃

**၉၇ နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို မောင်တောမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ မြို့ပေါ်ရှိ စာသင်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။** (ယာပုံ)

အခမ်းအနား၌ ၉၇ နှစ်မြောက် အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မောင်တောမြို့နယ် ပညာရေးမှူး ဦးခင်အောင်က ဖတ်ကြားပြီး အမျိုးသားနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး ပြိုင်ပွဲများ၌ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသားနေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး မောင်တောမြို့နယ် ပညာရေးမှူး ဦးခင်အောင်က "အမျိုးသားနေ့က မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် မျိုးချစ်စိတ်ဓာတ် ထက်သန်အောင် လှုံ့ဆော်ခဲ့တဲ့ နေ့ထူးနေ့မြတ်တစ်ရက် ဖြစ်ပါတယ်၊ အဲဒီနေ့ကို အမြဲအစဉ် သတိရပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေဖို့ ရည်ရွယ်ပြီး ကျောင်းသား ကျောင်းသူတွေ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ တစ်တပ်တစ်အားပါဝင်ပြီး နှစ်စဉ် နှစ်တိုင်း အခုလို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

မောင်တောမြို့၌ နှစ်စဉ်နှစ်တိုင်း အမျိုးသားနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အထိမ်းအမှတ် အခမ်းအနား အနေဖြင့်လည်း စာစီစာကုံးပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်း ကျင်းပကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောမြောက်ပိုင်းဒေသသို့ ကွင်းဆင်းကြည့်ရှု

**မောင်တော နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးရေး စီမံကိန်း(UEHRD) ၏ လုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မီဒီယာအဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တောဒေသ မြောက်ပိုင်းသို့ သွားရောက်ကြည့်ရှုသည်။

**ရောက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျီးကန်းပြင်-ကြိမ်ချောင်း လမ်းပေါ်ရှိ အစ္စလာမ်ဘာသာဝင်များ နေထိုင်လျက်ရှိသည့် ငန်းချောင်းကျေးရွာသို့ ရောက်ရှိကြသည်။

ငန်းချောင်းကျေးရွာသားများနှင့် တွေ့ဆုံစဉ် နယ်မြေလုံခြုံရေးနှင့် နေထိုင်စားသောက်မှု အခြေအနေများကို မေးမြန်း၍ နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ပညာရေး၊ ကျန်းမာရေး အပါအဝင် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်များနှင့် NVC ကတ် ပြုလုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါကျေးရွာသည် မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခြင်းမရှိဘဲ၊ ပျက်စီးဆုံးရှုံးမှုမရှိသည့် ကျေးရွာတစ်ခုဖြစ်သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကြိမ်ချောင်းကျေးရွာအနီးရှိ မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာနှင့် ဘူးသီးတောင်မြို့နယ် ဂုပ္ပိကျေးရွာသို့ ဆက်သွယ်မည့် လမ်းအရှည် ရှစ်မိုင်ကျော်ရှိသော မေယုတောင်ကျော်လမ်း စတင်ဖောက်လုပ်သည့်နေရာသို့ ရောက်ရှိကြရာ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ ၁၇ မှ လမ်းတာဝန်ခံက မြေသားလမ်း စတင်ဖောက်လုပ်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကြိမ်ချောင်း-ဗန္ဓုလ လမ်းပေါ်ရှိ ခုံတိုင်(မြို) ကျေးရွာသစ်သို့ ရောက်ရှိကြရာ မြိုတိုင်းရင်းသားများက ရိုးရာအတီးအမှုတ်အကများဖြင့် ကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကျေးရွာတည်ဆောက်ရေး ရှင်းလင်းဆောင်ရွက်မှု မောင်တောခရိုင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူးက ကျေးရွာသစ် တည်ဆောက်နေမှုနှင့် ကျေးရွာအင်္ဂါရပ်များ ပြည့်စုံအောင် ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သဘော်လုကျေးရွာရှိ ဒိုင်းနက်လူမျိုး အသက် ၁၀၀ ခန့်ရှိ အဘိုး၊ အဘွားများအား ထောက်ပံ့ငွေများ ဂါရဝပြုပေးအပ်စဉ်။ သတင်းစဉ်

**စတင်ဆောက်လုပ်**

ခုံတိုင်(မြို)ကျေးရွာသစ်ကို ကြိမ်ချောင်း-ဗန္ဓုလလမ်း ပဒကားချောင်းနံဘေးရှိ မြေ ၃၅ ဧကပေါ်၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ တစ်ထပ်တိုက် ၉၆ လုံး၊ ကျေးရွာ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် သာသနိကအဆောက်အအုံများကို စတင်ဆောက်လုပ်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၃၈ စု အတွက် ငွေကျပ် ၁၉ သိန်းနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့အတွက် ငွေကျပ် တစ်သိန်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာယဉ်ကျေးမှုအဖွဲ့အတွက် ငွေကျပ် နှစ်သိန်း ပေးအပ်ပြီး ကျေးရွာအသစ် တည်ဆောက်နေမှုကို ကြည့်ရှုသည်။

**လှည့်လည်ကြည့်ရှု**

မွန်းလွဲပိုင်းတွင် တောင်ပြိုလက်ဝဲမြို့ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်တံတားနှင့် နယ်စပ်ခြံစည်းရိုးကာရံထားမှုအားလည်းကောင်း၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ တောင်ပြိုဝဲ ဝင် ထွက်စခန်းအနီးတွင် ပြန်လည်ဝင်ရောက်လာကြမည့်သူများအား ယာယီစစ်ဆေးလက်ခံရန် လျာထားဆောင်ရွက်လျက်ရှိသည့် မြေနေရာအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒိုင်းနက်လူမျိုးများနေထိုင်ရာ သဘော်လုကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအားပေးစကားပြောကြား၍ အသက် ၁၀၀ ခန့်ရှိ အဘိုး၊ အဘွား ငါးဦးအတွက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ထောက်ပံ့ငွေများကို ဂါရဝပြုပေးအပ်သည်။

**စိစစ်လက်ခံရန် လျာထား**

ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား စိစစ်လက်ခံရန် လျာထားသည့် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ငါးခူးရစခန်းအနီးရှိ မြေနေရာနှင့် လှေဆိပ်တို့အား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ငါးခူရကျေးရွာ အုပ်ချုပ်ရေးရုံး၌ ဗုဒ္ဓဘာသာ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံ၍ နယ်မြေလုံခြုံရေး၊ နေထိုင်စားသောက်မှု အခြေအနေများ အပါအဝင် သိရှိလိုသည်များကို မေးမြန်းကြရာ ကျေးရွာသားများက အချိန်မီ စပါးရိတ်သိမ်းရန် လိုအပ်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြကြသည်။

**ညှိနှိုင်းဆောင်ရွက်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပညာရေး၊ ကျန်းမာရေးနှင့် ကျေးရွာ၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အခြားလိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**

# တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့် စခန်းနေရာများနှင့် နေအိမ် အဆောက်အအုံများ လပိုင်း အပြီးတည်ဆောက်မည်

**မောင်တော နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အစွန်းရောက်အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် နေရပ်စွန့်ခွာ ပြည်သူများနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်သူများ၏ စခန်းနေရာများနှင့် နေအိမ်အဆောက်အအုံများကို နိုဝင်ဘာ ၈ ရက်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်နေရာ အဆိုပါလုပ်ငန်းစဉ်များအား ရက်ပိုင်းနှင့် လပိုင်းအတွင်း အပြီး တည်ဆောက်သွားမည် ဖြစ်ကြောင်း ရခိုင်ပြည်နယ် UEHRD စီမံကိန်းအောက်ရှိ ဆောက်လုပ်ရေးနှင့် အခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဆိုပေမယ့် လမ်း၊ ရေ၊ မီး၊ တံတား အပါအဝင် အားလုံးပါဝင်ပါတယ်၊ အားလုံး အဓိကထား လုပ်ဆောင်ဖို့လာတာပါ၊ လတ်တလော လက်ရှိ တိုင်းရင်းသားတွေ ပြန်လည်နေရာချထားနိုင်ဖို့အတွက် ကယ်ဆယ်ရေးစခန်းတွေမှာရောက်ရှိနေတဲ့ တိုင်းရင်းသားတွေကို ပြန်လည်နေရာချထားပေးဖို့ အဓိက ဦးစားပေးလုပ်နေပါတယ်၊ ဒါနဲ့အတူ ပြန်လည်လက်ခံရေးစခန်းတွေကိုလည်း တစ်ပြိုင်နက်တည်း လုပ်ဆောင်သွားပါ့မယ်၊ အခုဆိုရင် ဦးစားပေးအနေနဲ့ အိမ်ခြေ ၇၂ လုံးရှိတဲ့ အိုးထိန်းဟိန္ဒူ ကျေးရွာကို နိုဝင်ဘာ ၈ ရက်ကပဲ စတင်အကောင်အထည်ဖော်နေပါပြီ၊ တစ်ဆက် တစ်စပ်တည်း အိမ်ခြေ ၁၇၃ လုံးပါရှိမယ့် ဝန်းကျင်ကျေးရွာ ခုနစ်ရွာနဲ့ တစ်ဖက်နိုင်ငံမှ ပြန်လည်လက်ခံပေးမယ့် စခန်းတွေကိုလည်း ဆောက်လုပ်ပေးသွားမှာပါ၊ ပြန်လည်လက်ခံစိစစ်ပေးမယ့် စခန်းတွေကို ရက်ပိုင်းအတွင်း အပြီးနဲ့ ကျေးရွာသစ်တွေကိုတော့ လပိုင်းအတွင်း အပြီးတည်ဆောက်ပေးသွားမှာပါ"ဟု ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးဇော်မင်းသိန်းက ပြောသည်။



ဦးဇော်မင်းသိန်း

ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းအဖွဲ့ကိုးဖွဲ့မှ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့သည် ယခုအခါ တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်သူများအား စိစစ်လက်ခံမည့် စခန်းနေရာများ၊ ဝန်ထမ်းများ တည်းခိုနေထိုင်နိုင်ရန် ပြန်လည်ပြုပြင်မည့် အဆောက်အအုံများနှင့် ဒေသခံတိုင်းရင်းသားများ ပြန်လည်နေရာချထားပေးမည့် ကျေးရွာနေအိမ်သစ်များ ပြန်တည်ဆောက်မှုကို နိုဝင်ဘာ ၈ ရက်တွင် စတင်ကွင်းဆင်းလုပ်ကိုင်လျက်ရှိသည်။ ဝန်ထမ်းအင်အား ၅၀ ဖြင့် အမြန်ဆုံးနှင့် အကောင်းဆုံးဖြစ်အောင် နေ့ညမပြတ် လုပ်ဆောင်သွားမည်ဖြစ်ပြီး ပုံမှန်အားဖြင့် တစ်လ၊ တစ်လခွဲလောက်ကြာမည့် လုပ်ငန်းများကို ရက်ပိုင်းအတွင်း အင်းတိုက် အားတိုက် အပြီးလုပ်ဆောင်မည်ဖြစ်ကာ ဒေသ၏ အဓိကစိန်ခေါ်မှုဖြစ်သော လုပ်သားအခက်အခဲများကိုလည်း ပြည်မဘက်မှ ခေါ်ယူ၍ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် ကိုဇော်မင်းသိန်းက "ကျေးရွာသစ်တွေကို တည်ဆောက်တဲ့အခါမှာ တစ်လ၊ တစ်လခွဲလောက် ကြာမယ်လို့ ထင်ပါတယ်၊ ဘာလို့လဲဆိုတော့ အကွက်တွေ ပြန်ဖော်၊ လမ်းတွေဖောက်ရမယ်၊ အိမ်တွေကိုလည်းသံကူကွန်ကရစ် အုတ်စီပေ ၄၀×၆၀ လုံးချင်းတန်ဖိုးသင့်အိမ်ရာပုံသဏ္ဌာန်တွေ ဆောက်လုပ်ပေးသွားမှာပါ၊ နေအိမ်တွေကိုလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောက်တဲ့ပုံစံလေးတွေအတိုင်း ဆောက်လုပ်ပေးမှာပါ၊ ဒေသနဲ့ကိုက်ညီတဲ့ ပုံစံလေးတွေပေါ့၊ ဒီမှာက အဓိက လုပ်သားစိန်ခေါ်မှု ရှိပါတယ်၊ လတ်တလော ဒေသကတော့ အေးအေးချမ်းချမ်းပါပဲ၊ အခု ကျွန်တော်တို့အဖွဲ့ ရှေ့ပြေးအနေနဲ့ မန်နေဂျာတွေ၊ အင်ဂျင်နီယာတွေအပါဝင် ၁၈ ဦး ပါဝင်ပါတယ်၊ နောက်ထပ်လည်း အလုပ်သမားတွေ ထပ်မံဖြည့်ဆည်းပေးသွားမှာပါ၊ ဒေသခံတွေကိုလည်း ဝင်ရောက်လုပ်ကိုင်စေချင်တယ်၊ ကျွန်တော်တို့ ဆောက်လုပ်ရေးအဖွဲ့အနေနဲ့ တန်ရာတန်ကြေးပေးမှာ ဖြစ်လို့ သူတို့အတွက် အလုပ်အကိုင် အခွင့်လမ်းရသလို ဖြစ်မှာပါ"ဟု ထပ်မံရှင်းပြသည်။

မောင်တောဒေသ၌ လတ်တလော ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စတင်အကောင်အထည်ဖော် လုပ်ဆောင်နေသော ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီအဖွဲ့အောက်တွင် ကဏ္ဍအဖွဲ့ ကိုးဖွဲ့ထဲမှ အဖွဲ့တစ်ခုဖြစ်ပြီး အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာအသင်းမှ ဦးဆောင်ပြီး MCEA ၊ အင်ဂျင်နီယာအသင်း၊ ဗိသုကာအသင်း၊ သစ်လုပ်ငန်းရှင်အသင်း၊ ရေကြောင်းပို့ဆောင်ရေးအသင်း စသည်ဖြင့် အသင်းပေါင်းစုံပါဝင်ကြောင်း သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

"အခုဆိုရင် ဦးစားပေးအနေနဲ့ အိမ်ခြေ ၇၂ လုံးရှိတဲ့ အိုးထိန်းဟိန္ဒူ ကျေးရွာကို နိုဝင်ဘာ ၈ ရက်ကပဲ စတင် အကောင်အထည်ဖော်နေပါပြီ၊ တစ်ဆက်တစ်စပ်တည်း အိမ်ခြေ ၁၇၃ လုံးပါရှိမယ့် ဝန်းကျင်ကျေးရွာ ခုနစ်ရွာနဲ့ တစ်ဖက်နိုင်ငံမှ ပြန်လည်လက်ခံပေးမယ့် စခန်းတွေကိုလည်း ဆောက်လုပ်ပေးသွားမှာပါ၊ ပြန်လည်လက်ခံစိစစ်ပေးမယ့် စခန်းတွေကို ရက်ပိုင်းအတွင်း အပြီးနဲ့ ကျေးရွာသစ်တွေကိုတော့ လပိုင်းအတွင်း အပြီး တည်ဆောက်ပေးသွားမှာပါ"

# လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အမိန့်နှင့် ညွှန်ကြားချက်များအပြင် လိုက်နာကျင့်သုံးရမည့် ဥပဒေများကို လိုက်နာခဲ့

နေပြည်တော် နိုဝင်ဘာ ၁၃

**ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အပေါ် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။**

ယင်းထုတ်ပြန်ချက်တွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင် မြို့နယ်များအတွင်းရှိ ရဲကင်းစခန်း ၃၀ ခုနှင့် တပ်ရင်းဌာနချုပ် ၁ ခုတို့အား ARSA အစွန်းရောက် အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်ရပ် အခြေအနေမှန်ကို သိရှိရန်နှင့် တပ်မတော်မှ နယ်မြေ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် တပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအပေါ် ပေးအပ်ထားသည့် တာဝန်ဝတ္တရားများအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဥက္ကဋ္ဌအဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး မြေပြင်ကွင်းဆင်းစစ်ဆေးဖော်ထုတ်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း။

ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ခေါင်းဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ ၂၆ ရက်ကြာ သွားရောက်ခဲ့ပြီး တိုင်းရင်းသားကျေးရွာ ၂ ရွာမှ တိုင်းရင်းသား ၁၉၅ ဦး၊ ဟိန္ဒူဘာသာဝင်များနေထိုင်သည့် ကျေးရွာနှစ်ရွာမှ ဟိန္ဒူဘာသာဝင် ၂၀၅ ဦးနှင့် ဘင်္ဂါလီကျေးရွာ ၅၄ ရွာမှ ရွာသူ ရွာသား ၂၈၁၇ ဦး စုစုပေါင်း ကျေးရွာသူကျေးရွာသား ၃၂၁၇ ဦးအား တွေ့ဆုံမေးမြန်းခဲ့ပြီး အသိသက်သေ စုစုပေါင်း ၈၀၄ ဦးတို့၏ သက်သေထွက်ဆိုချက်များကို ရယူခဲ့ကြောင်း။

စစ်ဆေးတွေ့ရှိချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထက်ဌာနမှ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များအပြင် အထူးသဖြင့် မိမိကိုယ်ကိုယ် ကာကွယ်ခုခံပိုင်ခွင့်၊ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်တိုက်ဖျက်ရေးတာဝန် ထမ်းဆောင်ရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ(Rule Of Engagement- ROE) ပါ အချက်များကိုလည်း ခေါင်းဆောင်ပိုင်းမှစ၍ လက်အောက်တပ်သားအဆင့်ထိ အလေးထားသိရှိ လိုက်နာဆောင်ရွက်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

ထို့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရာတွင် စစ်ပွဲဆိုင်ရာဥပဒေများနှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်အားအချိုးမညီစွာ သုံးစွဲခဲ့ခြင်း (Use of excessive force) မရှိသည်ကို တွေ့ရှိရကြောင်း။

အကြမ်းဖက်သမားများ ဖော်ထုတ်ဖမ်းဆီးရာတွင် တပ်မတော်စစ်ကြောင်းနှင့် တွဲဖက်ထားရှိသော နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များကသာ ဖမ်းဆီးခြင်းဖြစ်ပြီး တပ်မတော်မှလုံခြုံရေး ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဖမ်းဆီးပြီးနောက် သက်ဆိုင်ရာ နယ်မြေရဲစခန်းများသို့ စနစ်တကျ အကောင်းပကတိ လွှဲပြောင်းပေးခဲ့ကြောင်း၊ ဖမ်းဆီးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်း (Persecution)မရှိကြောင်း၊ ရှာဖွေဖော်ထုတ် ဖမ်းဆီးရာတွင် ဂျီနီဗာကွန်ဗင်းရှင်းပါ ဥပဒေသများ၊ စစ်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အပြစ်မဲ့ ရွာသူရွာသားများအား ဥပဒေမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် မုဒိမ်းမှုတို့ကို ကျူးလွန်ခဲ့ခြင်းမရှိကြောင်း၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း၊ ရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်းများ မရှိကြောင်း၊ ကျေးရွာများနှင့် တိမ်းရှောင်ကျေးရွာများမှ ရွာသားများ ပိုင်ဆိုင်သော ပစ္စည်းများ၊ ရွှေ၊ ငွေများ၊ ယာဉ်များ၊ တိရစ္ဆာန်များအား ဖျက်ဆီးခြင်း၊ လုယက်ယူဆောင်ခြင်း၊ သိမ်းယူခြင်းများ လုံးဝမရှိကြောင်း၊ ဘင်္ဂါလီကျေးရွာများ၌ ဗလီများအား မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်း၊ ဗလီတက်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများကို ပိတ်ပင်ကန့်သတ်ခြင်း လုံးဝမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ဆောင်ရွက်ခွင့်ရှိကြောင်း၊ ရွာသားများအား ရွာတွင် မနေနိုင်အောင် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ မောင်းထုတ်ခြင်း၊ နေအိမ်များအား မီးရှို့ခြင်းများ မရှိကြောင်း၊ ရွာများမှ ကျန်ရှိနေအိမ်များအား မသမာသူများက ဖျက်ဆီးယူဆောင်မှုမရှိရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် စနစ်တကျ ထိန်းသိမ်းကြပ်မတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများတွင် ဆေးကုသရေးအဖွဲ့များဖြင့် လှည့်လည်ဆေးကုသပေးခြင်း စုစုပေါင်း ၂၉၁ ကြိမ်၊ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာရိက္ခာများ ထောက်ပံ့ပေးခြင်း စုစုပေါင်း ၂၇၃ ကြိမ်၊ ပစ္စည်းတန်ချိန် ၂၃၄ တန်အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းများသာရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထုတ်ပြန်ချက်တွင် သက်သေထွက်ဆိုချက်များအရ အကြမ်းဖက်တိုက်ခိုက်ရာတွင် အကြမ်းဖက် ခေါင်းဆောင်အဆင့်ဆင့်မှ ကြိုတင်စီမံ၍ တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ရန် အမိန့်ပေးခဲ့ပြီး ARSA အစွန်းရောက် အကြမ်းဖက်သမား အမာခံများနှင့် ရွာသူ ရွာသား၊ ကလေးများ အပါအဝင် အများအပြားပါဝင်၍ တိုက်ခိုက်ခဲ့သော်လည်း တိုက်ခိုက်ပြီးချိန်တွင် အောင်မြင်မှု မရှိသဖြင့် ARSA အစွန်းရောက် အကြမ်းဖက်သမားများက နေအိမ်များကို မီးရှို့၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဦးစွာထွက်ပြေးကြောင်း၊ ကျန်ရွာသားများမှာ ခြိမ်းခြောက်ပြောဆိုမှုကြောင့် လည်းကောင်း၊ နည်းမျိုးစုံဖြင့် မက်လုံးပေးပြောဆို စည်းရုံးခြင်းများကြောင့် လည်းကောင်း၊ နောက်တစ်ကြိမ် အကြမ်းဖက်သမားများ ဝင်ရောက်လာချိန်တွင် သတ်ဖြတ်ခံရမည်ကို စိုးရိမ်၍ လည်းကောင်း၊ အချို့မှာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ကိုယ်တိုင်ပါဝင်သူများ၏ ဆွေမျိုးသားချင်းများဖြစ်၍ ထိမ်ချန်မှုဖြင့် အဖမ်းခံရမည်ကို စိုးရိမ်သောကြောင့် လည်းကောင်း၊ အချို့အကြမ်းဖက်သမားများက တာဝန်ပေးချက်အရ တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းများမှ တစ်ဆင့် ပြန်လည်ဝင်ရောက်ပြီး မီးရှို့မှုကြောင့် နေစရာအိမ်မရှိတော့၍ လည်းကောင်း၊ အချို့မှာ ရွာသားအများစု ထွက်ပြေး၍ အကြောက်လွန်ပြီး လိုက်ပါသွားရခြင်းကြောင့် လည်းကောင်း၊ ၎င်းတို့၏ သဘောဆန္ဒ အတိုင်း တစ်သုတ်ပြီးတစ်သုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း။

ထွက်ပြေးသွားသည့် ဘင်္ဂါလီများအား အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအပြင် ပြည်တွင်း အခြေစိုက် နိုင်ငံတကာ သံတမန်များမှလည်း သွားရောက်တွေ့ဆုံ၍ တစ်ဖက်နိုင်ငံသို့ မသွားရောက်ရန် ဖျောင်းဖျ ပြောဆိုသော်လည်း လက်မခံဘဲ ၎င်းတို့နှင့် ဘာသာတူ လူမျိုးတူများရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် ARSA အစွန်းရောက် အကြမ်းဖက်သမားများသည် ၎င်းတို့အား ကြောက်ရွံ့ပြီး သြဇာအာဏာတည်ဆောက်ရန် ရည်ရွယ်၍ ရက်စက်စွာ လည်လှီးသတ်ဖြတ်ခဲ့သည့် တိုင်းရင်းသား၊ ဟိန္ဒူ၊ ဘင်္ဂါလီ လူမျိုး စုစုပေါင်း ၁၃၁ ဦး ရှိသည်ကို ဖော်ထုတ်တွေ့ရှိရကြောင်း။

ဤဖြစ်စဉ် ဖော်ထုတ်ချက်များအရ နယ်မြေဒေသ လုံခြုံရေးအတွက် ကွပ်ကဲစီမံအုပ်ချုပ်ဆောင်ရွက်မှုနှင့် လုံခြုံရေးသတင်းများ ကြိုတင် လက်ဦးဖော်ထုတ်ရယူနိုင်မှု အားနည်းချက်များကိုလည်း တွေ့ရှိရသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ဆက်လက်ဖော်ထုတ် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးအရေးယူရန် ကျန်ရှိနေသည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများကိုလည်း ဆက်လက်ဖော်ထုတ် ဖမ်းဆီးအရေးယူသွားမည် ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိစေရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ သင်ကြားပေးနေ



ဦးထွန်းလှိုင်



ဒေါ်အိစံပယ်



မဇင်မာဦး



မနုအေးခိုင်

**ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသတွင်း ကျေးရွာများမှ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းကို နိုဝင်ဘာ ၇ ရက်မှ စတင်က ဘူးသီးတောင်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။**

အဆိုပါ သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ၊ သင်တန်းသူများနှင့် တွေ့ဆုံ မေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ဦးထွန်းလှိုင်( မြို့နယ်မှူး၊ ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ဘူးသီးတောင်မြို့နယ်မှာ အရင်က ယောက်ျားလေးတွေအတွက် ဆိုင်ကယ်စက်ပြင်သင်တန်း နှစ်ကြိမ် ဖွင့်ခဲ့ပါတယ်။ အခုကတော့ ဘူးသီးတောင်မြို့နယ်အတွင်းမှာရှိတဲ့ ရွာတွေက အမျိုးသမီးလေးတွေ အလုပ်အကိုင် အခွင့်အလမ်း ရရှိဖို့အတွက် အပ်ချုပ်သင်တန်း ဖွင့်လှစ်တာပါ။ သင်တန်းသူတွေကို မနက်မှာ လက်ဖက်ရည်တိုက်တယ်။ နေ့လယ်မှာ ထမင်းကျွေးပါတယ်။ နေတာကတော့ ဘူးသီးတောင်မြို့ပေါ်မှာရှိတဲ့ သူတို့ရဲ့ ဆွေမျိုးသားချင်းတွေ အိမ်မှာပဲ နေကြပါတယ်။ သင်တန်းကို နှစ်ကြိမ် လုပ်ထားပါတယ်။ အခြေခံသင်တန်းကို ရက်နှစ်ဆယ် အဖြစ်သတ်မှတ်ထားတယ်။ တစ်ပတ်နားပြီး မွမ်းမံသင်တန်း ရက်နှစ်ဆယ်ထပ်ဖွင့်မယ်။ စုစုပေါင်း သင်တန်းကာလ ရက်လေးဆယ် သင်ပြပေးသွားပါမယ်။ အလုပ်အကိုင်အခွင့် အလမ်းရရှိဖို့ အတွက်လည်း ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးရဲ့ အစီအစဉ်နဲ့ စစ်တွေမြို့မှာရှိတဲ့ အပ်ချုပ်စက်ရုံတွေမှာ အလုပ်အကိုင် ရရှိဖို့အတွက် ချိတ်ဆက် ဆောင်ရွက်ထားပါတယ်။ သင်တန်းက နောက်ထပ် ဆက်ဖွင့်သွားဖို့ရှိပါတယ်။ အပ်ချုပ်သင်တန်းပြီးသွားရင် ယောက်ျားလေးတွေအတွက် ဆိုင်ကယ်ပြင်သင်တန်းနဲ့ အင်ဂျင်ကိုင်တဲ့ သင်တန်းတွေ နောက်ထပ် ဖွင့်လှစ်သွားဖို့ရှိပါတယ်။

**ဒေါ်အိစံပယ်(အပ်ချုပ်သင်တန်းနည်းပြ၊ မြင်းလွှတ်ကျေးရွာ၊ မောင်တောမြို့နယ်)**

အရင်က မောင်တောမြို့နယ် မြင်းလွှတ်ရွာမှာနေတယ်။ အိမ်မှာ အပ်ချုပ်ဆိုင် ဖွင့်ထားတယ်။ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေကိုကြောက်လို့ မြင်းလွှတ်ရွာကနေ ဘူးသီးတောင်မြို့ပေါ် ထွက်ပြေးလာတာပါ။ ဘူးသီးတောင်မှာ အိမ်ငှားပြီးနေပါတယ်။ အခုလို ဘူးသီးတောင်မှာ အိမ်ငှားနေရတော့ အလုပ်ကလည်း မရှိ စားဝတ်နေရေးကလည်းရှိတော့ ဒီကျေးလက်ရုံးမှာ အပ်ချုပ်သင်တန်းဖွင့်မယ်ကြားပြီး ဆရာမတစ်ယောက် လိုတယ်ကြားလို့ အလုပ်လျှောက်လိုက်တာပါ။ အပ်ချုပ်သင်တန်း နည်းပြပါ။ သင်တန်းမှာက တချို့ မိန်းကလေးတွေကျတော့ ဘာသာစကား အခက်အခဲ အနည်းငယ်ရှိသူတွေ ပါသလို တချို့ကျတော့လည်း သင်ပြရတာလွယ်ပါတယ်၊ သေချာသင်ပြပေးတော့ လိုက်နာကြပါတယ်၊ ဒီသင်တန်းမှာတော့ ခေါင်းအုံးစွပ်၊ အမျိုးသမီးအင်္ကျီ၊ ကလေးအင်္ကျီ၊ ယောက်ျား ဝတ်ရှပ်အင်္ကျီ၊ ထဘီ၊ စကတ် အမျိုးမျိုး သင်ပေးရပါတယ်။ တချို့ သင်တန်းသူတွေကတော့ သင်တန်းပြီးရင် ရွာမှာ ပြန်အလုပ်လုပ်လို့ရအောင်ထိ ရည်မှန်းထားကြပါတယ်။

**မဇင်မာဦး(သင်တန်းသူ၊ ကန်ပြင်ကျေးရွာ ဆည်တောင်အုပ်စု ဘူးသီးတောင်မြို့နယ်)**

ကျေးရွာအုပ်ချုပ်ရေးမှူးက ဘူးသီးတောင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှာ အပ်ချုပ်သင်တန်းဖွင့်မယ်လို့ ပြောတာနဲ့ စာရင်းပေးပြီး လာတက်တာပါ။ သင်တန်းက ထမင်းမနက်စာ တစ်နပ်ကျွေးပြီး ညနေစာကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် စားရပါတယ်။ နေတာကတော့ မြို့ပေါ်က ဆွေမျိုးအိမ်မှာ နေပါတယ်။ သင်တန်း ဆင်းပြီးသွားရင်တော့ ကိုယ့်ရွာမှာ ကိုယ်ပြန်ပြီး အပ်ချုပ်လုပ်ငန်း လုပ်ကိုင်မှာပါ။ အခုသင်တန်းမှာ ရွာကသူငယ်ချင်း တစ်ယောက်လည်းပါပါတယ်။

**မနုအေးခိုင်(သင်တန်းသူ၊ သိမ်းတောင်ပြင်ကျေးရွာ၊ ဘူးသီးတောင်မြို့နယ်)**

ဘူးသီးတောင်မြို့နယ် ဆင်တော်ပြန်ရွာက လာပြီးတက်တာပါ။ ဒိုင်းနက်လူမျိုးပါ။ အသက်က ၁၈ နှစ်ရှိပါပြီ။ ရွာက အုပ်ချုပ်ရေးမှူးက ဒီမှာ အပ်ချုပ်သင်တန်းရှိတယ်ဆိုလို့ စိတ်ဝင်စားလို့ သင်တန်း လာတက်တာပါ။ ရွာက ဒီသင်တန်း လာတက်တာနှစ်ယောက်ပါ။ ရွာမှာက အပ်ချုပ်တဲ့သူ နည်းတယ်။ မိန်းကလေးတွေအတွက်လည်း အလုပ်က ရှားတယ်။ သင်တန်းပြီးရင်တော့ ရွာမှာအပ်ချုပ် အလုပ်ပြန်လုပ်မှာပါ။ ဒီလို သင်တန်းမျိုးတွေကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးတဲ့အတွက် ညီမတို့လို ကျေးလက်ဒေသနေ အမျိုးသမီးတွေအတွက် အလွန်အကျိုးရှိပါတယ်။ ညီမတို့လို နယ်စပ်ဒေသက မိန်းကလေးတွေအတွက် ထပ်ပြီး ဖွင့်လှစ်ပေးဖို့လည်း မျှော်လင့်မိပါတယ်။

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့**
**ဓာတ်ပုံ-ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# တာချီလိတ်၌ ငွေကျပ် ၄၃၈ သိန်းကျော် တန်ဖိုးရှိ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တာချီလိတ် နိုဝင်ဘာ ၁၃**




ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်နှင့် ဖန်မင်အုပ်စု စလီရွာတို့၌ နိုဝင်ဘာ ၁၂ ရက်က ၂၄ နာရီအတွင်း ငွေကျပ်သိန်းပေါင်း ၄၃၈ သိန်းကျော် တန်ဖိုးရှိ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့သည်။

နိုဝင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် သစ္စာလမ်းနှင့် ခွာညိုလမ်းထောင့် ရှမ်းရွှေမြေ ကားဂိတ်အနီး မိုင်းဆတ်သို့ သွားရောက်မည့် ခရီးသည်တင်ကား စောင့်ဆိုင်းနေသည့် နန်းကူ (၄၁ နှစ်) နားတွန်ရွာ ကျေးသီးမြို့နယ် နန်းခေါင်လူ (၁၇ နှစ်)၊ နန်းစံငွေ (၁၇ နှစ်)၊ နန်းနုယဉ် (၁၈ နှစ်)နှင့် ဆန်လူး (၂၈ နှစ်) ခမ်းဖိတ်ရွာ မိုင်းခွန်အုပ်စု မိုင်းကိုင်မြို့နယ် နေသူတို့အား မူးယစ်ဆေးဝါးသတင်းအရ စစ်ဆေးရှာဖွေရာ နန်းကူထံမှ ဘိန်းစိမ်း အလေးချိန် ၅ ဒသမ ၂ ကီလိုခန့်၊ ဆန်လူးထံမှ ဘိန်းစိမ်း အလေးချိန် ၅ ဒသမ ၂ ကီလိုခန့်၊ နန်းခေါင်လူထံမှ ဘိန်းစိမ်းအလေးချိန် ၅ ဒသမ ၃ ကီလိုခန့်၊ နန်းစံငွေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပြား အလေးချိန် ၂၀၀ ဂရမ်(ဒေသတန်ဖိုးငွေကျပ်သိန်း ၂၀ နှင့် ဘိန်းစိမ်း အလေးချိန် ၆ ဒသမ ၂ ကီလိုခန့်)၊ နန်းနုယဉ်ထံမှ ဘိန်းစိမ်းအလေးချိန် ၅ ဒသမ ၈ ကီလိုခန့် စုစုပေါင်း ဘိန်းစိမ်းအလေးချိန် ၂၇ ဒသမ ၇ ကီလိုခန့် (ဒေသတန်ဖိုး ငွေကျပ်သိန်းပေါင်း ၄၁၅ ဒသမ ၅ သိန်းခန့်) တို့အား သိမ်းဆည်းရမိသည်။

အလားတူ နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု စလီရွာရှိ Level ကားအလှဆင်ဆိုင်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသား စိုင်းနွန်း(ခ)ထေဝါဆပ်ရွတ်အား တွေ့ရှိပြီး ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀ အလေးချိန် ၃၁ ဂရမ်ခန့်(ဒေသတန်ဖိုး ငွေကျပ် ၃၁၀၀၀၀ ခန့်)နှင့် စိတ်ကြွရူးသွပ်ဆေးပြားရှူရာတွင် အသုံးပြုသည့် ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အမှုမှ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ နန်းကူ (၄၁ နှစ်)ပါ ငါးဦး**(အပေါ်ပုံ)**နှင့် ထိုင်းနိုင်ငံသား စိုင်းနွန်း(ခ)ထေဝါဆပ်ရွတ် (၃၀ နှစ်) တို့အား တာချီလိတ် မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကင်းသာ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တပ်ကုန်း နိုဝင်ဘာ ၁၃**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ၏တောင်ဘက် ကင်းသာ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၅ နာရီခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၆ ပြား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကင်းသာ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဒုရဲအုပ်ဇေယျာအောင် ဦးစီး တပ်ဖွဲ့ဝင်များနှင့် ဂိတ်တာဝန်ကျအဖွဲ့တို့ ယာဉ် အဝင် အထွက် ရှာဖွေ စစ်ဆေးနေစဉ် ပင်လောင်းနယ်ဘက်မှ နေပြည်တော်သို့ ယာဉ်မောင်း ငြိမ်းချမ်း မောင်းနှင်လာသည့် ယာဉ်အမှတ် NPW- 4D ---- နံပါတ်တပ်ထားသော Mark II ယာဉ်အား ရပ်တန့်စစ်ဆေးရာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၆ ပြား တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ၎င်း၏ ဖုန်းတစ်လုံး၊ ရှေ့ခန်း၌ လိုက်ပါလာသည့် ခွန်ကျော်ရန်အောင်ထံမှ မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည့်ပစ္စည်းများအား တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်တွေ့ရှိသည့် ယာဉ်မောင်း ငြိမ်းချမ်း(၂၄ နှစ်) နန်းစကဲကျေးရွာ ထိန်ပင်ကျေးရွာအုပ်စု ပေါင်းလောင်းမြို့သစ် ပင်လောင်းမြို့နေ ယာဉ်ပေါ်ပါလာသူ ခွန်ကျော်ရန်အောင် (၁၇ နှစ်) ဘူးဝါးကျေးရွာ တောင်ထီးဘွားကျေးရွာအုပ်စု ပင်လောင်းမြို့နေ ဝင်းဘို(၃၈နှစ်) နန်းစကဲကျေးရွာ ထိန်ပင်ကျေးရွာအုပ်စု ပေါင်းလောင်းမြို့သစ် ပင်လောင်းမြို့နေသူတို့အား တပ်ကုန်းမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်စိုးလွင်**

# သန်လျင် အမှတ်(၂)တံတားပေါ်၌ ယာဉ်ကျော်တက်စဉ် လူသုံးဦးအား တိုက်မိ၍ သေဆုံး

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သန်လျင် အမှတ်(၂)တံတားပေါ်၌ နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ကွန်တိန်နာနောက်တွဲပါယာဉ်သည် ရှေ့ကားကို ကျော်တက်စဉ် ဘယ်ဘက်ပလက်ဖောင်းပေါ်၌ ဘီယာသောက်နေသည့် လူငယ်များအား တိုက်မိခဲ့သည်။

ထို့နောက် ပရိဘောဂ အိမ်စီးယာဉ် 2J/----- အား ဆက်လက်ချိတ်ဆွဲတိုက်မိခဲ့ပြီး တံတား ပလက်ဖောင်း၌ ဘီယာသောက်နေသော အသက်(၂၅ နှစ်)ခန့်ရှိ ဆိုင်ကို၊ အမှတ်(၉၃) ရပ်ကွက်၊ အသက် (၂၆ နှစ်)ခန့်ရှိ ဘယ်ကျော်နှင့် ပရိဘောဂ ယာဉ်မောင်း (စုံစမ်းဆဲ)တို့ အခင်းဖြစ်ပွားသည့်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကွန်တိန်နာ ယာဉ်မောင်း ဇော်မြင့်သိန်း (၂၄ နှစ်) ဗိုလ်တထောင်နေသူအား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုကြီးစိုး(ဒဂုံဆိပ်ကမ်း)**

# ရေမြောင်းအတွင်း ရှော့ခ်တိုက်ငါးဖမ်းရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံး

**မကွေး နိုဝင်ဘာ ၁၃**

တောင်တွင်းကြီးမြို့နယ် ပျဉ်းချောင်းကျေးရွာအနီး နိုဝင်ဘာ ၁၂ ရက်က လူတစ်ဦး ရေမြောင်းအတွင်း ရှော့ခ်တိုက်ငါးဖမ်းစဉ် ဓာတ်လိုက်သေဆုံးခဲ့ကြောင်း ကုက္ကိုကုန်း နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၂ရက် နံနက် ၅ နာရီခွဲက ပျဉ်းချောင်းကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာ ရေမြောင်းစပ်၌ ဦးတင်ဝင်း(၅၁ နှစ်) ပျဉ်းချောင်းရွာနေသူမှာ သေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး သေဆုံးသူ၏ဘေးတွင် DC 12 V.500W ကျင်စက်တစ်လုံး၊ 12 V 50 Ah ဘက်ထရီအိုးတစ်လုံး၊ ဝိုင်ယာကြိုးတပ်လျက် ကျင်စက်တုတ်တံတစ်ချောင်းတို့အား တွေ့ရှိခဲ့သည်။

သေဆုံးသူ ဦးတင်ဝင်းသည် ရေမြောင်းအတွင်း ရှော့ခ်တိုက်၍ ငါးဖမ်းရာမှ ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်း နယ်မြေရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။ **ကျော်ဇေယျ**

# နှစ်လောင်းပြိုင် လူသတ်မှု တစ်လကြာသော်လည်း ပြစ်မှုကျူးလွန်သူအား မမိသေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၃**

မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်တွင် ဖြစ်ပွားခဲ့သည့် နှစ်လောင်းပြိုင် လူသတ်မှု နိုဝင်ဘာ ၁၃ ရက်တွင် တစ်လပြည့်ပြီဖြစ်သော်လည်း ပြစ်မှုကျူးလွန်သူအား ဖမ်းမိခြင်းမရှိသေးကြောင်း မြစ်ကြီးနားမြို့နယ်မြေရဲစခန်းမှ သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့အေးစေတီရပ်ကွက် နယ်မြေ ၄ တောင်သူကြီးလမ်း အမှတ် ၄၁၄ တွင် အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီကျော်က အဆိုပါအိမ်တွင် နေထိုင်သော ဒေါ်ခင်မြင့်(၇၅နှစ်)နှင့် ဒေါ်ခင်မြင့်၏သမီး ဒေါ်ခင်စန်းရီ (၅၁နှစ်)တို့မှာ ထိုးသွင်းဒဏ်ရာများဖြင့် ၎င်းတို့အိမ်ထဲရှိ မီးဖိုချောင်ဘေး ရေချိုးခန်းအတွင်း အသတ်ခံရသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

"ပြစ်မှုကျူးလွန်သူကိုတော့ လောလောဆယ်စုံစမ်းနေဆဲပါပဲ ထူးခြားမှုမရှိသေးသလို ခေါ်ယူစစ်ဆေးနေသူ မသင်္ကာသူလည်း အခုမရှိပါဘူး"ဟု နယ်မြေ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သိန်းဇော်က ပြောသည်။

အောက်တိုဘာ ၁၆ ရက်က တရားလို ဦးမြင့်ဦး၏ ကုန်စုံဆိုင်မှ အလုပ်သမား အောင်မြင့်ထွန်းနှင့် အခင်းဖြစ်ပွားရာနေအိမ်တွင် အိမ်ငှားနေထိုင်သူ သေဆုံးသူများကို စတင်တွေ့ရှိသူ မယဉ်မော်တို့ကို မသင်္ကာ၍ စစ်ဆေးခဲ့သော်လည်း ပြစ်မှုကျူးလွန်သည့် မသင်္ကာစရာ အကြောင်းအရင်း ရှာမတွေ့သောကြောင့် ပြန်လွှတ်လိုက်ပြီဖြစ်ကြောင်း ဒုရဲမှူးသိန်းဇော်က ပြောသည်။

အခင်းဖြစ်ပွားချိန်သည် မိုးရွာနေပြီး ပတ်ဝန်းကျင်မှ တိတ်ဆိတ်မှု၊ အိမ်တွင် အစောင့်အရှောက်နည်းပါးခြင်းနှင့် အမျိုးသမီးများသာ ရှိနေသည်ကို အခွင့်ကောင်းယူ၍ ပြစ်မှုကျူးလွန်သူက ဓားဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများကို စတင်တွေ့ရှိချိန်တွင် ဧည့်ခန်းထဲရှိ TV ကို အသံကျယ်၍ ဖွင့်လှစ်ထားသည်ဟု သိရသည်။ ယင်းအိမ်တွင် အသတ်ခံရသူ ဒေါ်ခင်မြင့်နှင့် သမီးဒေါ်ခင်စန်းရီ၊ သားဖြစ်သူ ဦးမြင့်ဦးတို့ မိသားစုဝင် သုံးဦးနေထိုင်ကြပြီး အဆိုပါအိမ်၏ နောက်ဖေးဘက်တွင် အိမ်ငှားနေထိုင်သူ မယဉ်မော်နှင့် သူ၏အမေတို့နေထိုင်ကြကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို နယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး စုံစမ်းလျက်ရှိသော်လည်း တစ်လပြည့်သည်အထိ ထူးခြားမှုမရှိသေးကြောင်း သိရသည်။ **မင်းမင်းဦး**

# မူဆယ်သွားမည့် ယာဉ်များအား ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးရှာဖွေရာ ပိတောက်ခားရွေသစ်လုံးများဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၈ စီး၊ သွင်းကုန် ၉၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး၅၀၊ သွင်းကုန် အစီး ၁၃၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၅၄ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြား ဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၂ ရက်က မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ်(၁၉၁) ပန်ဖတ်ကျေးရွာနှင့် ပန်ဖတ် တံတားအကြား ရပ်တန့်ထားသော DYNA (၆)ဘီးယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက် စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေသစ် ၁၁၇ လုံး၊ ၂ ဒသမ ၅၅၈၂ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၂၆၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေသစ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်အား တွေ့ရစဉ်။

# တရားမဝင် သယ်ဆောင်လာသည့် ခနောက်စိမ်း၊ ခဲမဖြူ၊ အဖြိုက်နက်နှင့် ရှီးလိုက်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် ကလောမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ၁၂ ရက်ညနေ ၅ နာရီက တာယောကျေးရွာအနီး၌ ရွှေမင်းဖုန်းဒေသဘက်မှ ကလောဘက်သို့ သာစည်မြို့နယ် လယ်ပြင်ကျေးရွာနေ စိုးလှိုင်ဦး(၂၉ နှစ်)မောင်းနှင်ပြီး တစ်ရွာတည်းနေ ခွန်စိန်သန်း(၂၄ နှစ်)၊ ဝင်းနိုင်(၃၂နှစ်)နှင့် နေသူစိုး(ခ)ကိုပို(၃၁နှစ်)တို့လိုက်ပါလာသည့် 5E/---- SKAT ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် သယ်ဆောင်လာသည့် ခနောက်စိမ်း အိတ် ၅၀ စုစုပေါင်းအလေးချိန် သုံးတန်ခန့်အား သိမ်းဆည်းရမိခဲ့သဖြင့် စိုးလှိုင်ဦး ပါလေးဦးအား ကလောမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ည ၁၁ နာရီက ကယားပြည်နယ် ဘောလခဲမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့သည် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖားဆောင်းမြို့နယ်နေ စောနေထူး(၂၉ နှစ်)မောင်းနှင်ပြီး တစ်မြို့နယ်တည်းနေ ဖိုးအယ်ဒါး(၄၅နှစ်)နှင့် စောအရိုး (၂၄ နှစ်)တို့လိုက်ပါလာသည့် 5F/----Sport ယာဉ်နှင့် မော်ချီးအောက်ရွာနေ စောလွဲထူး(၂၇ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ စောဘွယ်ထူး(၃၀ နှစ်)လိုက်ပါလာသည့် 7C/----ယာဉ်တို့အား ရပ်တန့်စစ်ဆေးရာ 5F/-----ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်သတ္တုရောရာ(၁၀၁၃)ပိဿာနှင့် 7C/----ယာဉ်ပေါ်မှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်သတ္တုရောရာ ပိဿာ ၉၅၀ တို့ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ငါးဦးအား ဘောလခဲမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုရဲ**

# အီရန်နှင့် အီရတ်တို့တွင် ငလျင် အကြီးအကျယ်လှုပ်၍ လူ ၄၄၅ ဦး ထက်မနည်း သေဆုံး



**ဘဂ္ဂဒက်၊ အန်ကာရာ နိုဝင်ဘာ ၁၃**

အီရန်နိုင်ငံ၌ ယမန်နေ့ညက အင်အားပြင်း ငလျင်တစ်ခု လှုပ်ခဲ့ရာ လူပေါင်း ၄၄၅ ဦးထက်မနည်းသေဆုံးခဲ့ကာ အီရတ်နိုင်ငံတွင်လည်း အလားတူ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့ရာ လူအတော်များများ ဒဏ်ရာရရှိခဲ့ကြောင်း နှစ်နိုင်ငံလုံး၏ နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြခဲ့သည်။ ငလျင်ပြင်းအား ၇ ဒသမ ၃ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်သည် အဆိုပါ နိုင်ငံများ၌ လှုပ်ခတ်ခဲ့ရာ ကယ်ဆယ်ရေးသမားများက အုတ်ကျိုး၊ အုတ်ပဲ့များကြားတွင် ပိတ်မိနေသူများကို ညလုံးပေါက် အပူတပြင်း ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် အီရတ်နယ်စပ်အနီး အီရန်ပိုင် ကာမန်ရှာရှ်ပြည်နယ်တွင် အနည်းဆုံး လူ ၁၂၉ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ် ဒုတိယမြို့တော်ဝန်က နိုင်ငံပိုင် ရုပ်မြင်သံကြားသို့ ပြောခဲ့သည်။

အပျက်အစီးများကြားတွင် လူများ ယခုအချိန်အထိ ပိတ်မိနေဆဲရှိသေးကြောင်း၊ အစပိုင်းက သေဆုံးဒဏ်ရာရသူ သိပ်မရှိဟု ထင်ရသော်လည်း ယခုမြင့်တက်လာမည့် အလားအလာရှိကြောင်း မော့ဂျ်တာဘာ နစ်ခ်ခါဒါက ပြောသည်။

နယ်စပ်နှင့် ၁၀ မိုင်ခန့် ဝေးသော စာပိုအက်ဇာဟက်ဘ်မြို့တွင်လည်း ငလျင်ကြောင့် ဒုက္ခရောက်သူ ၆၀ ခန့်ရှိကြောင်း သိရသည်။ ကာ့ဒ် ကျန်းမာရေးအာဏာပိုင်များက အီရတ်တွင် အနည်းဆုံး လူလေးဦး သေဆုံးခဲ့ပြီး ၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ပြောခဲ့သည်။

အီရန်ကို ဖြတ်ကျော်နေသော အဓိကနယ်စပ်အနီး ကာ့ဒ်ဒေသရှိ ဆူလိုင်မာနီရာ့ဟ်ပြည်နယ်ရှိ ပန့်ဂျ်ဝင်အရပ်ကို ဗဟိုပြု၍ အင်အား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း အီရတ်မိုးလေဝသဌာနက ပြောခဲ့သော်လည်း အမေရိကန် ဘူမိဗေဒလေ့လာရေးစင်တာက ငလျင်သည် ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိသည်ဟု ပြောခဲ့သည်။

ငလျင်လှုပ်မှုကြောင့် အီရန်နှင့် အီရတ်ရှိ မြို့အတော်များများတွင် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း၊ ကြောက်လန့်တကြားနှင့် လမ်းမပေါ်သို့ ထွက်လာသော လူအုပ်ကြီးမှာ နှစ်နိုင်ငံပေါင်း အတော်များကြောင်း သိရသည်။

ကယ်ဆယ်ရေး ရဟတ်ယာဉ်များမှာ ငလျင်လှုပ်ခတ်ခဲ့သည့် နေရာသို့ ဆင်းသက်ရန် အခက်အခဲဖြစ်နေကြောင်း၊ လမ်းများလည်း ပျက်နေကြောင်း၊ ထို့ကြောင့် ဝေးလံခေါင်သီသော ရွာကလေးများအတွက် စိုးရိမ်မိကြောင်း အီရန်ပြည်ထဲရေးဝန်ကြီး အက်ဘ်ဒေါ်ရီဇာ ရာမနီဖက်ဇ်လီက နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောခဲ့သည်။ ကျေးလက်ဒေသ အတော်များများရှိ အိမ်များမှာ ရွှံ့အုတ်များနှင့် လုပ်ထားသောကြောင့် ငလျင်လှုပ်သည့်အခါ အလွယ်တကူ ပြိုကျ ပျက်စီးကြောင်း ပြောခဲ့သည်။ အီရန်တပ်မတော်ကလည်း အရေးပေါ် အကူအညီပေးနိုင်ရေး တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားကြောင်း သိရသည်။

အီရတ်အခြမ်းတွင်လည်း ငလျင်လှုပ်မှုကြောင့် ဒါဘန်ဒီခန်မြို့၌လည်း အကြီးအကျယ်ပျက်စီးခဲ့ကြောင်း၊ အထူးသဖြင့် ဆေးရုံများပျက်စီးခဲ့ကြောင်း သိရသည်။ ဒါဘန်ဒီခန်မြို့သည် ကာ့ဒ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆူလိုင်မာနီယာ့ဟ်မြို့အရှေ့ဘက် ၄၇ မိုင်တွင်ရှိသော မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။ ငလျင်လှုပ်မှုကြောင့် လူပေါင်း ၃၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ကာ့ဒ် ကျန်းမာရေးဝန်ကြီး ရီကွက်ခ် ဟာမာ ရာရှီးဒ်က ပြောခဲ့သည်။

**ရိုက်တာ**

## အိန္ဒိယနိုင်ငံ၌ ခရီးသည်တင် သင်္ဘောတစ်စင်းတိမ်းမှောက်မှုကြောင့် ၁၆ ဦးထက်မနည်းသေဆုံး




**နယူးဒေလီ နိုဝင်ဘာ ၁၃**

အိန္ဒိယနိုင်ငံ အန်တရာပြည်နယ် ဗီဂျရာဝါဒါဒေသရှိ ကရစ်ရှနာမြစ်အတွင်း ခရီးသည်တင်သင်္ဘောတစ်စင်း ယမန်နေ့ ညနေပိုင်းက တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူ ၁၆ ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သင်္ဘောတိမ်းမှောက်မှုသည် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သင်္ဘောကွေ့စဉ် အရာဝတ္ထုတစ်ခုခုနှင့် တိုက်မိသောကြောင့် သင်္ဘောတိမ်းမှောက်ခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယသတင်း မီဒီယာများက ရေးသားဖော်ပြခဲ့သည်။

သင်္ဘောတိမ်းမှောက်မှုဖြစ်စဉ်တွင် လက်ရှိအချိန်အထိ လူပေါင်း ၂၀ ခန့်ကို ကယ်တင်နိုင်ခဲ့ကြောင်း အန်တရာပြည်နယ် အစိုးရအရာရှိတစ်ဦးက ပြောခဲ့သည်။ သင်္ဘောတိမ်းမှောက်မှု ဖြစ်ပွားချိန်တွင် သင်္ဘောမှာ ဆိပ်ကမ်းသို့ ရောက်ရှိတော့မည့်အချိန်ဖြစ်ကြောင်း၊ သင်္ဘောပေါ်တွင် ခရီးသည် ၃၈ ဦး လိုက်ပါလာခဲ့ကြောင်း၊ သို့သော်လည်း ၎င်းခရီးသည်များမှာ အသက်ကယ်အင်္ကျီ ဝတ်ဆင်ထားခြင်းမရှိကြောင်း သင်္ဘောတိမ်းမှောက်မှုတွင် ကယ်တင်ခံခဲ့ရသည့် ခရီးသည်တစ်ဦးက ပြောသည်။

အခင်းဖြစ်ပွားခဲ့သည့် သင်္ဘောမှာ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်သည့် သင်္ဘောတစ်စင်းဖြစ်ပြီး လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သင်္ဘောတိမ်းမှောက်မှုဖြစ်စဉ်တွင် အစိုးရက လူပေါင်း ၁၀၀ ကျော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ထားခဲ့ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

## ကက်တလိုနီးယား၌ လွတ်လပ်ရေးကို ထောက်ခံသည့် စုဝေးချီတက်မှုကြီး ပေါ်ပေါက်

**ကက်တလိုနီးယား နိုဝင်ဘာ ၁၃**

ကက်တလိုနီးယားဒေသကို စပိန်မှ ခွဲထွက်ရေးထောက်ခံသည့် ရာပေါင်းထောင်ပေါင်းများစွာသော လူအုပ်ကြီးသည် ဘာစီလိုနာ၌ စုဝေးချီတက်ခဲ့ကြကြောင်း သိရသည်။ ဆန္ဒပြချီတက်သူများသည် ခွဲထွက်ရေးလှုပ်ရှားသူ ခေါင်းဆောင်များအား ထိန်းသိမ်းထားသည်ကို ပြန်လွှတ်ပေးရေး တောင်းဆိုခဲ့ကြသည်။

လူပေါင်း ခုနစ်သိန်းခွဲခန့်တို့သည် ဆန္ဒထုတ်ဖော်မှုတွင်ပါဝင်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ၎င်းတို့သည် ဘာစီလိုနာဆင်ခြေဖုံးရှိ လမ်းများပေါ်၌ စုဝေးနေကြပြီး နိုင်ငံရေးအကျဉ်းသားတွေကို လွတ်မြောက်ခွင့်ပေးဟု ရေးသားထားသည့် ဆောင်ပုဒ်များကို ကိုင်ဆောင်ကာ စီတန်းလှည့်လည် သွားလာနေကြသည်။

အောက်တိုဘာ ၂၇ ရက်တွင် ကက်တလိုနီးယား ပါလီမန်လွှတ်တော်က လွတ်လပ်ရေးကြေညာခဲ့ပြီးနောက် ဗဟိုအစိုးရသည် ဒေသဆိုင်ရာ အစိုးရအဖွဲ့ကို ဖြုတ်ချလိုက်ပြီး ဒေသဆိုင်ရာပါလီမန်ကို ဖျက်သိမ်းကာ ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပရန် တောင်းဆိုလိုက်သည်။

ဖျက်သိမ်းခံလိုက်ရသည့် ကက်တလိုနီးယား အစိုးရအဖွဲ့ဝင်ဟောင်း ရှစ်ဦးတို့ကို ပုန်ကန်ထကြွမှုနှင့် အခြားသောပြစ်မှုများဖြင့် စွပ်စွဲကာ ဖမ်းဆီး ထိန်းသိမ်းထားသည်။ ကက်တလိုနီးယား ခေါင်းဆောင်ဟောင်း Carles Puidgemont နှင့် ၎င်း၏ ဝန်ကြီးဟောင်း လေးဦးတို့မှာ ယခုအခါ ဘယ်လ်ဂျီယံ၌ နေထိုင်လျက်ရှိသည်။ ၎င်းတို့သည် စပိန်သို့ ပြန်နိုင်ခွင့်အတွက် စီရင်ဆုံးဖြတ်မည့် ကြားနာစစ်ဆေးမှုပြုလုပ်ရန် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## (၃၁) ကြိမ်မြောက် အာဆီယံ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ၌ စတင်ကျင်းပ

**မနီလာ နိုဝင်ဘာ ၁၃**

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် တရုတ် ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ယခုကျင်းပသည့် အာဆီယံအစည်းအဝေးတွင် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖွံ့ဖြိုးရေးအစီအစဉ်ကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။




နှစ်ရက်ကြာကျင်းပသည့် အစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ယခုကဲ့သို့ အစည်းအဝေးကြီးသည် ခေါင်းဆောင်များအတွက် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများအပေါ် အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် အခွင့်အခါကောင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စည်းဝေးပွဲအဆုံးတွင် အာဆီယံ ၁၀ နိုင်ငံမှ ခေါင်းဆောင်များသည် အာဆီယံဥက္ကဋ္ဌ၏ ကြေညာချက်ကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် မြောက်ကိုရီးယားအရေးနှင့် စွမ်းအားကြီး အဖျက်လက်နက် ထုတ်လုပ်မှုတို့ ပါဝင်နိုင်ကြောင်း မျှော်လင့်ရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်ဝန်ကြီးချုပ် လီခချန်တို့သည် အာဆီယံခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆိုမာလီယာတောင်ပိုင်း၌ လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၈၀ ကျော်သေဆုံး

မိုဂါဒစ်ရှူး နိုဝင်ဘာ ၁၃

ဆိုမာလီယာတောင်ပိုင်းရှိ ဂျီလစ်၌ လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေး အသစ်နှစ်ခု ဆင်နွှဲခဲ့ရာ အစ္စလာမ္မစ် စစ်သွေးကြွ ၈၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆိုမာလီအစိုးရက ပြောကြားခဲ့သည်။

စနေနေ့အစောပိုင်းက ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးတွင် ဆိုမာလီနှင့် နိုင်ငံတကာမိတ်ဖက်များက ဂီဒိုဒေသကို တိုက်ခိုက်ရန် လှုပ်ရှားနေသည့် စစ်သွေးကြွများနှင့် စက်ရုံတစ်ရုံကို ပစ်မှတ်ထားလျက် စစ်ဆင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီး အဗ္ဗဒူရာမန် အိုမာအော့စမန်က ပြောကြားခဲ့ကြောင်း သိရသည်။

ဆိုမာလီ လုံခြုံရေးအင်အားစုများသည် ဂျီလစ်ဒေသ၌ အထူးစစ်ဆင်ရေး ဆင်နွှဲခဲ့ပြီး အကြမ်းဖက်အဖွဲ့က ဂီဒိုဒေသရေိယာကို တိုက်ခိုက်ရန် ပြန်လည်အုပ်စုဖွဲ့ စုစည်းမှုများ ပြုလုပ်နေသည့် အယ်လ်ရှာဘတ် စစ်သွေးကြွစခန်းများကို ဖျက်ဆီးခဲ့ကြောင်း အိုစမန်က ပြောကြားခဲ့သည်။ စစ်သွေးကြွ ၈၁ ဦး သေဆုံးခဲ့ပြီး ယာဉ်များနှင့် အကြီးစား စစ်လက်နက်ပစ္စည်းများကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးအောင် ယူအေအီးနှင့် ကိုလံဘီယာ ကြံဆောင်

ဒူဘိုင်း နိုဝင်ဘာ ၁၃

အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နှင့် ကိုလံဘီယာတို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီး ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် စနေနေ့က ဆွေးနွေးခဲ့ကြကြောင်း ယူအေအီးနိုင်ငံပိုင် သတင်းအေဂျင်စီ WAM တွင် ဖော်ပြသည်။

အဘူဒါဘီ အိမ်ရှေ့မင်းသား ရှိတ်ခ်မိုဟာမက် ဘင်ဇေရက် အယ်လ်နာရန်သည် ကိုလံဘီယာသမ္မတ ဂျူအန် မန်နျူရယ်ဆန်တိုစ်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း WAM သတင်းတွင် ဖော်ပြထားသည်။

နှစ်ဖက်စလုံးသည် အထူးသဖြင့် စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတို့တွင် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်သွားရန် စီမံချက်များကိုလည်း သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အကြောင်းအရာများကို ယူအေအီးနှင့် ဆွေးနွေးရန် အလည်အပတ် လာရောက်ရသည့်အတွက် ကျေနပ်ဝမ်းမြောက်ရကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်သွားရန် စောင့်စားလျက်ရှိကြောင်း ကိုလံဘီယာသမ္မတက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အရှေ့အလယ်ပိုင်းဒေသမှ အပြန်အလှန်ယိုးစွပ်မှု သံသရာ

ကလျာမိုးမြင့်



ဆော်ဒီဘုရင့်နိုင်ငံတော်နဲ့ လက်ဘနွန်တို့ တင်းမာမှုပဋိပက္ခ မြင့်တက်လာနေတဲ့ အချိန်အတောအတွင်းမှာ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ဟာ ကြိုတင်စီစဉ်ထားခြင်းမရှိတဲ့ အထူးအဆန်း ခရီးစဉ်တစ်ခုအဖြစ် ဆော်ဒီသို့ အလည်အပတ် ရောက်ရှိခဲ့ပါတယ်။

လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီ ရီယာ့ဒ်မှာရှိနေစဉ် သူ့ရဲ့ ဘဝသက်တမ်းအတွက် စိုးရိမ် ကြောက်ရွံ့တယ်လို့ ပြောကြားခဲ့ပြီး ရာထူးမှ နုတ်ထွက်သွားခဲ့ပြီးတဲ့နောက်မှာ မက်ခရွန်ရဲ့ ခရီးစဉ် ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ ဆော်ဒီအာရေဗျနဲ့ အီရန်တို့ဟာ အကြီးအကျယ် မသင့်မြတ်မှုတွေ ဖြစ်နေပါတယ်။ နှစ်ဖက်စလုံးဟာ လက်ဘနွန်ဒေသနဲ့ ကျယ်ပြောတဲ့ဒေသအတွင်းမှာ မတည်ငြိမ်မှုတွေ ဖြစ်လာအောင် လောင်စာမီးမွှေးနေတယ်လို့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် ပြစ်တင် စွပ်စွဲနေကြပါတယ်။

ခရီးစဉ်အတွင်း ခေါင်းဆောင်များ တွေ့ဆုံခဲ့ကြရာမှာ မစ္စတာမက်ခရွန်နဲ့ ဆော်ဒီအာဏာပိုင်တွေဟာ ယီမင်မှာဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးခဲ့ကြတယ်။ ဆော်ဒီဟာ ယီမင်မှာရှိတဲ့ သူပုန်တွေ တိုက်ခိုက်ချေမှုန်းတဲ့ စစ်ပွဲတွေကို ဦးဆောင်ပြီး ထိုးစစ်ဆင်နေပါတယ်။ အတိတ်သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်ရင် ပြင်သစ်ဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ လက်ဘနွန်လွတ်လပ်ရေး မရရှိမီအချိန်ထိ အစဉ်အဆက် ဆက်ဆံလာခဲ့တဲ့ သမိုင်းကြောင်းရှိခဲ့တဲ့ နိုင်ငံပါ။

ပြင်သစ်သမ္မတ မက်ခရွန်ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာ ကျော်ကြားတဲ့ ပါရီအနုပညာပြတိုက်ရဲ့ ရလဒ်ဖြစ်ထွန်းမှုတစ်ခုဖြစ်တဲ့ Louvre Abu Dhabi ပြတိုက်ကို ဖွင့်လှစ်ဖို့ အာရပ်စော်ဘွားများပြည်ထောင်စုကို ရောက်ရှိနေခဲ့ပါတယ်။ အဲဒီမှာ စကားပြောဆို ဆွေးနွေးကြရင်းနဲ့ မက်ခရွန်ဟာ ရီယာ့ဒ်ကို သွားရောက်မယ့် ၎င်းရဲ့ မမျှော်လင့်ထားတဲ့ နှစ်နာရီ ခရီးစဉ်နဲ့ ပတ်သက်၍ ဖွင့်ဟခဲ့ပြီး ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်နဲ့ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးဖို့ ခုလိုသွားရောက်မှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

မက်ခရွန်က "ကျွန်ုပ်ရဲ့ဆန္ဒကတော့ လက်ဘနွန်နိုင်ငံက ဘယ်နိုင်ငံရေးဆိုင်ရာ အာဏာပိုင်တွေမဆို လက်ဘနွန်နိုင်ငံအတွင်းမှာ လွတ်လပ်စွာ နေထိုင်စေချင်တာပါပဲ၊ ဒါက ဘာကို ဆိုလိုသလဲဆိုတော့ ဘယ်ခေါင်းဆောင် တစ်ဦးတစ်ယောက်ကိုမဆို ခြိမ်းခြောက်လာနိုင်တဲ့ သူတွေကိုမဆို အပူတပြင်း မေတ္တာရပ်ခံလိုတဲ့ ကျွန်ုပ်ရဲ့ရပ်တည်ချက်ပါပဲ" လို့ မက်ခရွန်က ဖြည့်စွက် ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ ဆော်ဒီအာရေဗျမြို့တော် ရီယာ့ဒ်ကို ယီမင်ကနေ ပစ်ခတ်လိုက်တဲ့ တိုက်ချင်းပစ် ဒုံးကျည်တစ်စင်း ကျရောက်လာခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆော်ဒီအစိုးရက လက်ဘနွန် စစ်သွေးကြွအဖွဲ့ဖြစ်တဲ့ ဟစ်ဇ်ဘိုလာအုပ်စုနဲ့ ၎င်းတို့ကို အဓိက ကျောထောက်နောက်ခံပေးနေတဲ့ အီရန်ကို အပြစ်ဖို့ခဲ့ပါတယ်။ ဆော်ဒီကို ဒုံးကျည်ကျရောက်ခဲ့ပြီးနောက် တနင်္လာနေ့မှာ ဆော်ဒီအာရေဗျက ယီမင်အပေါ် ပိုမိုတင်းကျပ်တဲ့ ပိတ်ဆို့မှုတွေ ချမှတ်လိုက်ပါတယ်။

ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့ဟာ နိုဝင်ဘာ ၅ ရက်မှာ အီရန်က ယီမင်မှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို လက်နက်ပေးပို့ ထောက်ပံ့မယ့် ရန်ကနေ ကာကွယ်ဖို့ဆိုပြီး ယီမင်ကို ဝင်ရောက်မယ့် ကုန်း၊ ရေ၊ လေ လမ်းကြောင်းတွေအားလုံးကို ပိတ်ဆို့ခဲ့ကြပါတယ်။ ယီမင်အပေါ်မှာ ပိတ်ဆို့ထားတာတွေကိုသာ မဖယ်ရှားဘဲ ဆက်ထားမယ်၊ ပြီးတော့ အကူအညီအထောက်အပံ့ပစ္စည်းတွေ ပေးပို့နေတာကိုလည်း ဆက်မလုပ်တော့ဘဲ အဆုံးသတ်လိုက်တော့မယ်ဆိုရင် ယီမင်ဟာ ဒုက္ခသည်တွေ သန်းချီရှိလာပြီး ဆယ်စုနှစ်များစွာအတွင်းမှာ ကမ္ဘာ့အဆိုးရွားဆုံး ငတ်မွတ်ခေါင်းပါးမှု ဘေးကြီးကို ရင်ဆိုင်ရမယ့် နိုင်ငံဖြစ်သွားတော့မယ်လို့ ကုလသမဂ္ဂက သတိပေးလိုက်ပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာ ဆော်ဒီအာရေဗျဟာ လစ်ဘနွန်နိုင်ငံအတွင်းမှာ ရှိနေကြတဲ့ ၎င်းရဲ့ နိုင်ငံသားတွေကို လက်ဘနွန်ကနေ အမြန်ထွက်သွားကြဖို့ ပြောကြားခဲ့ပါတယ်။ ဆွန်နီအစ္စလာမ်ဘာသာဝင်တွေ အများစုကြီးစိုးတဲ့ ဆော်ဒီအာရေဗျနဲ့ ရှီးယိုက်အစ္စလာမ်ဘာသာဝင်တွေ အဓိကလွှမ်းမိုးတဲ့ အီရန်တို့ကို ဒေသတွင်း ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်မှုတွေ ဖြစ်လာအောင် လက်ဘနွန်က ရန်မီးပျိုးလာနိုင်မယ့် အန္တရာယ်ကို စိုးရိမ် ထိတ်လန့်ဖွယ်ရာ ဖြစ်လာပါတယ်။

ပြင်သစ်သမ္မတ မက်ခရွန်ဟာ ၂၀၁၅ မှာ ချုပ်ဆိုတဲ့ အီရန်နျူကလီးယားစာချုပ်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံတဲ့သူဖြစ်ပြီး ဆော်ဒီနဲ့ ထရန့်အစိုးရအဖွဲ့ကတော့ ဒီစာချုပ်ကို မနှစ်မြို့စွာ ဝေဖန်သူတွေ ဖြစ်ပါတယ်။ အလည်အပတ် မသွားရောက်မီမှာ မက်ခရွန်က အီရန်အပေါ်မှာ ဆော်ဒီအာရေဗျဆီကနေ ခက်ထန်တဲ့ သဘောထားအမြင်တွေကို ကြားသိခဲ့ရပြီး အဲဒီအမြင်တွေက ၎င်း သိနားလည်ထားတဲ့ အချက်တွေနဲ့ ကိုက်ညီမှု မရှိဘူးလို့ ပြောပါတယ်။ အားလုံးနဲ့ စကားပြောဆိုဖို့က အရေးကြီးတဲ့ အချက်ဖြစ်တယ်လို့ မက်ခရွန်က ဆိုပါတယ်။

ဒါပေမယ့် မက်ခရွန်ရဲ့ အလည်အပတ်ခရီးစဉ်အပြီးမှာ ၎င်းရဲ့ ရုံးတော်ကနေ တရားဝင် သတင်းထုတ်ပြန်တဲ့ သတင်းထုတ်ပြန်ချက်မှာတော့ အီရန်နဲ့ပတ်သက်ပြီး သဘောထား ဖော်ပြထားတာ မပါရှိဘူးလို့ ပြင်သစ်သတင်းစာ လီမွန်ဒီမှာ ဖော်ပြထားပါတယ်။ သမ္မတမက်ခရွန်က ၎င်းဟာ လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီနဲ့ ထူးကဲတဲ့ ဆက်သွယ်မှုလည်း ရှိခဲ့ဖူးတယ်လို့ ဆိုထားပါသေးတယ်။

မစ္စတာ ဟာရီရီက ၎င်းဟာ လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ရာထူးကနေ ဖြုတ်ချခံခဲ့ရတာဖြစ်တယ်လို့ စနေနေ့က ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ဖြေကြားခဲ့ပါတယ်။ ရုပ်သံထဲမှာ မစ္စတာဟာရီရီက လက်ဘနွန်နဲ့ အီရန်မှာ နိုင်ငံရေးအရရော စစ်ရေးအရပါ သြဇာလွှမ်းမိုးနေတဲ့ ဟစ်ဇ်ဘိုလာတွေကို တိုက်ခိုက်ပြောဆိုခဲ့ပါတယ်။

ဟာရီရီက ၎င်းရဲ့ ဖခင်ဖြစ်သူ ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်က ဟစ်ဇ်ဘိုလာတို့ရဲ့လက်ချက်လို့ လူတကာက အပြစ်ဆိုခဲ့ကြတဲ့ ဗုံးခွဲတိုက်ခိုက်မှုအတွင်းမှာ သေဆုံးသွားခဲ့တာ ဖြစ်ပါတယ်။ မစ္စတာဟာရီရီအနေနဲ့ နောက်ထပ် မှတ်ချက်ပြောဆိုခဲ့တာတော့ မရှိဘူး။ ဒါပေမယ့် ၎င်းရဲ့ ရုံးတော်က ဟာရီရီဟာ ရီယာ့ဒ်မှာ နိုင်ငံခြားသံတမန်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ ဖော်ပြထားပါတယ်။ နာရီအနည်းငယ် အကြာမှာတော့ ဆော်ဒီအာရေဗျရဲ့ အိမ်နီးချင်း ပင်လယ်ကွေ့ဒေသနဲ့ မဟာမိတ် ကူဝိတ်နိုင်ငံတို့က အလားတူဖော်ပြချက်တွေ ပြုလုပ်လာကြပါတယ်။

ဟစ်ဇ်ဘိုလာအဖွဲ့က ဆော်ဒီဟာ မစ္စတာဟာရီရီ ရာထူးကနေ နုတ်ထွက်အောင် အကွက်ဆင်ခဲ့သူတွေဖြစ်တယ်လို့ စွပ်စွဲခဲ့ပါတယ်။ ဒီလိုစွပ်စွဲမှုကို ဆော်ဒီအာရေဗျက တုံ့ပြန်တဲ့အနေနဲ့ ဟစ်ဇ်ဘိုလာအဖွဲ့ကို ဆော်ဒီမြို့တော်အနီးကို ယီမင်ကနေ ဒုံးကျည်ပစ်လွှတ်လိုက်တဲ့ သူတွေလို့ စွပ်စွဲလိုက်ပါတယ်။ ဒီလိုတွေဖြစ်ပြီး နောက်တစ်ရက်အကြာမှာပဲ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်က အီရန်ကို ယီမင်မှာရှိတဲ့ ဟူသီသူပုန်တွေကို ဒုံးကျည်တွေ ထောက်ပံ့ပေးခြင်းအားဖြင့် စစ်ရေးအရ တိုက်ရိုက်ကျူးကျော် ရန်စလာနေတယ်လို့ ယိုးစွပ်လာပြန်ပါတယ်။

အီရန်ကတော့ ဆော်ဒီရဲ့ စွပ်စွဲချက်တွေကို မှားယွင်းပြီး အန္တရာယ်ကို ဖိတ်ခေါ်နေတဲ့ စွပ်စွဲချက်တွေအဖြစ်နဲ့ ပယ်ချခဲ့ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် စွပ်စွဲမှုတွေဟာ မဆုံးနိုင်တဲ့ သံသရာထဲမှာ လုံးချာလိုက်နေချိန်မှာ ပြင်သစ်သမ္မတ မက်ခရွန်ရဲ့ မျှော်လင့်မထားဘဲ ရောက်ရှိလာတဲ့ ဆော်ဒီခရီးစဉ်ဟာ အကြောင်းမဲ့ မဟုတ်နိုင်တဲ့ အလည်အပတ်ရောက်ရှိမှုလို့ ယူဆရမှာ ဖြစ်ပါတယ်။ ။

နယူးယောက်တိုင်းမ်

**" မက်ခရွန်က အီရန်အပေါ်မှာ ဆော်ဒီအာရေဗျ ဆီကနေ ခက်ထန်တဲ့ သဘောထားအမြင်တွေကို ကြားသိခဲ့ရပြီး အဲဒီအမြင်တွေက ၎င်း သိနားလည်ထားတဲ့ အချက်တွေနဲ့ ကိုက်ညီမှု မရှိ "**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ နား၊ နှာခေါင်း၊ လည်ချောင်း၊ အထူးကုပညာ ကမ္ဘာ့ညီလာခံကြီး ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**
(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုပညာဆိုင်ရာကမ္ဘာ့ညီလာခံကြီး (17th ASEAN ORL-HNS CONGRESS)ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံကြီးကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် MELIA YANGON HOTEL Grand Ballroom တွင် ဖွင့်ပွဲအခမ်းအနားနှင့်အတူ စာတမ်းဖတ်ပွဲတွင် နိုင်ငံတကာ စာတမ်းပေါင်း ၁၃၅ စောင် ဖတ်ကြားမည်ဖြစ်ကာ နိုင်ငံခြား အထူးကုဆရာဝန်များ၏ စာတမ်း ၁၂၀၊ မြန်မာဆရာဝန်များ၏ စာတမ်း ၁၅ စောင်နှင့် နံရံကပ် စာပေ ၈၅ ခုပါဝင်မည် ဖြစ်သည်။ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းရောဂါများအပြင် နီးနွှယ်ရောဂါများဖြစ်သည့် နား၊ နှာခေါင်း၊ မျက်နှာ၊ မေးရိုးစသည့်အလှပြုပြင်ပညာရပ်များ ကိုလည်းကောင်း၊ ဦးနှောက်အတွင်း မှန်ပြောင်းဖြင့် ခေတ်မီစွာခွဲစိတ်ခြင်း၊ လေဆာရောင်ခြည်အသုံးပြုကုသနည်း၊ ကမ္ဘာ့နောက်ဆုံးပေါ် နားမကြား၊ စကားမပြောနိုင်သည့် ကလေးများအား ခေတ်မီခွဲစိတ်ကုသပုံ၊ မူးဝေရောဂါများ၊ လည်ပင်းကင်ဆာရောဂါများစသည်ဖြင့် စာတမ်းများ စုံလင်စွာဖတ်ကြားကြမည် ဖြစ်သည်။

ညီလာခံမတိုင်မီအကြို အလုပ်ရုံဆွေးနွေးပွဲများအနေဖြင့် နားအလွန်အကျွံ မကြားရသူများအားအတွင်းစက်ထည့်၍ နှီးဆွပေးနိုင်သောခွဲစိတ်မှုပညာ (Cochlear Implant Surgery) ကို ရန်ကုန်မြို့ရှိ ဝိတိုရိယဆေးရုံ၌ နိုဝင်ဘာ ၁၅ ရက်တွင် လည်းကောင်း၊ လည်ပင်းရောဂါနှင့် အသံကြောရောဂါများကို လေဆာဖြင့် ခွဲစိတ်လေ့ကျင့်ပေးသော အလုပ်ရုံဆွေးနွေးပွဲကို လည်းကောင်း၊ သွေးကြောကလေးများ ပြန်လည်ဆက်စပ်ခြင်းဖြင့် အသားအစားထိုးကုသမှု (Micro vascular Surgery) ပညာရပ် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဗျိုင်းရေအိုးစင်လမ်းရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုဆေးရုံကြီး၌ နိုဝင်ဘာ ၁၅ ရက်တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ နားလေးရောဂါများ ကာကွယ်ကုသမှုအသင်းက ကြီးမှူး၍ နားလေးရောဂါကုထုံး ခေတ်မီတိုးတက်လာပုံ အလုပ်ရုံဆွေးနွေးပွဲကို အင်းယားကန်ဟိုတယ်၌ နိုဝင်ဘာ ၁၄၊ ၁၅ ရက်များတွင်လည်းကောင်း၊ မေးရိုး၊ မျက်နှာနှင့် လည်ပင်းရောဂါများ ခွဲစိတ်ကုပညာ အလုပ်ရုံဆွေးနွေးပွဲကို မြောက်ဥက္ကလာပဆေးရုံကြီး၌ နိုဝင်ဘာ ၁၄၊ ၁၅ ရက်တွင် ပညာရပ်ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဤညီလာခံကြီးသို့ ကမ္ဘာ့အရပ်ရပ်မှ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုအဖွဲ့အစည်းများဖြစ်သော American Society of Head & Neck Cancer အဖွဲ့ကြီးက ကမ္ဘာ့ထိပ်တန်း Prof. Jatin Shah ဦးဆောင်၍ လည်းကောင်း၊ အင်္ဂလန်နိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုအဖွဲ့ကြီးဖြစ်သော ORL-HNS UK မှ Prof. Nick Stafford နှင့် Prof. Robin Young တို့ ဦးဆောင်အဖွဲ့က လည်းကောင်း၊ ပြင်သစ်နိုင်ငံမှ Prof. Christopher Vincent ဦးဆောင်သည့်အဖွဲ့၊ ဩစတြေးလျနိုင်ငံမှ Prof. Peter Wormald နှင့် လေဆာရောင်ခြည် အထူးကျွမ်းကျင်သူ Prof. Carstan Palme အဖွဲ့၊ အိန္ဒိယနိုင်ငံမှ Prof. Anil D Cruz အဖွဲ့နှင့် ကိုရီးယားနိုင်ငံ လည်ပင်း ကင်ဆာအဖွဲ့မှ Prof. Yoon Woo Koh အဖွဲ့များအသီးသီး ပါဝင်ကာ ကမ္ဘာ့ခေတ်အမီဆုံး နောက်ဆုံးပေါ်နည်းပညာများ ပို့ချမည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများမှ ပညာရှင်များကလည်း ထူးခြားသော စာတမ်းများဖတ်ကြားမည်ဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**




# ကရင်ချောင်းရေတံခွန် ရေစီးသန်နေဆဲဖြစ်၍ လာရောက်လည်ပတ်သူများ သတိပြုကြရန်လို

**ရေတာရှည် နိုဝင်ဘာ ၁၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အရှေ့ဘက်တည့်တည့် စစ်တောင်းမြစ်တစ်ဖက်ကမ်း တောင်ပေါ်ရေလွဲကျေးရွာအနီး၌ တည်ရှိသည့် ကရင်ချောင်းရေတံခွန်သည် လွန်ခဲ့သော ခြောက်နှစ်ခန့်ကစတင် လူသိများလာကာ ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပန်းဖြေလာရောက် လည်ပတ်သူများဖြင့် စည်ကားလျက်ရှိပြီး ရေတံခွန်ကို အကြောင်းပြု၍ ရေလွဲကျေးရွာ ခရိုင်ချင်းဆက်လမ်းတစ်လျှောက် နေထိုင်ကြသူများအနေဖြင့် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းကြောင့် ဝင်ငွေကောင်းမွန်လျက်ရှိသည်။

“ကျွန်တော်တို့ကတော့ လာရောက်လည်ပတ်သူတွေများရင် ပျော်တယ်၊ ဒါပေမယ့် ခုအချိန်က မိုးပြတ်ခါစပဲရှိသေးတော့ ကရင်ချောင်းတစ်လျှောက် ရေစီးအလွန်ကြမ်းပါတယ်၊ ရေတံခွန်တွေက ရေကျသံကို အဝေးကြီးကနေ ကြားနေရတာ၊ အပန်းဖြေ လာရောက်ကြသူတွေအနေနဲ့ ရေဆင်းချိုးမယ်ဆိုရင် အန္တရာယ်များပါတယ်၊ ရေစီးသန်တော့ ချောင်းအတိုင်းပါသွားရင် ကျောက်တုံးတွေနဲ့ ဆောင့်မိတာတို့၊ အသက်အန္တရာယ်ထိခိုက်တာတို့ဖြစ်တတ်ပါတယ်၊ မနေ့ကပဲ ရေနစ်လို့ ကျောင်းသားနှစ်ယောက် အသက်ဆုံးသွားတော့ ဒေသခံတွေအနေနဲ့ စိတ်မကောင်းဖြစ်ကြရပါတယ်”ဟု ရေလွဲကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

လာရောက်လည်ပတ်သူများသည် ရေတာရှည်-ကရင်ချောင်း ကားလမ်းအတိုင်း စစ်တောင်းမြစ်ကို ကူးတို့ဖြင့်ကူး၍ သွားနိုင်ကြပြီး ကရင်ပြည်နယ် သံတောင်မြို့ ၁၃ မိုင် ပသိချောင်းမှတစ်ဆင့် တောင်ငူ-လိပ်သို ကားလမ်းအတိုင်း လိုက်ပြီး ထုံးဘိုကြီးမှတစ်ဆင့် ခရိုင်ချင်းဆက်လမ်းသို့ ခွဲကာ ကရင်ချောင်းရေတံခွန်သို့ လာရောက်နိုင်ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# နမ့်လန်၌ ဈေးသစ်တည်ဆောက်ရန် တင်ဒါရွေးချယ်

**သီပေါ နိုဝင်ဘာ ၁၃**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေးဌာနသည် နမ့်လန်ကျေးရွာ၌ ခေတ်မီဈေးသစ်ကြီးတည်ဆောက်ရန် တင်ဒါရွေးချယ်ပွဲကို နိုဝင်ဘာ ၉ ရက်က နမ့်လန်ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဈေးသူဈေးသားများပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ လေးဖွဲ့မှ အဖွဲ့ဝင် ၄၂ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက တင်ဒါရွေးချယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ သီပေါမြို့နယ် နမ့်လန်ဒေသ ခေတ်မီသံကူကွန်ကရစ်နှစ်ထပ်ဈေးသစ်ကြီးကို နှစ်နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဈေးဆိုင်ခန်း ၈၀၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရွှေရောင်းရာ၌ အခွန်တံဆိပ်များ ကပ်နှိပ်ပေးရေး ဆွေးနွေး

**မော်လမြိုင် နိုဝင်ဘာ ၁၃**
မော်လမြိုင်မြို့ပေါ်ရှိ ရွှေဆိုင်လုပ်ငန်းရှင်များအနေဖြင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချရာတွင် အခွန်တံဆိပ်ကပ်နှိပ်မှုအားနည်းလျက်ရှိရာ အခွန်အမှတ်တံဆိပ် အပြည့်အဝ ကပ်နှိပ်ရေးအတွက် ဒုတိယအကြိမ် ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၀ရက်က မော်လမြိုင်မြို့ပန်းဘဲတန်းရပ်ကွက် မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနား၌ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး မြို့နယ်အခွန်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်နှင့် ဝန်ထမ်းများ၊ မော်လမြိုင်မြို့ပေါ်ရှိ ရွှေဆိုင်လုပ်ငန်းရှင် ၆၀ ကျော် တက်ရောက်ခဲ့သည်။ မြို့နယ်အခွန်ဦးစီးမှူးက ရွှေဆိုင်လုပ်ငန်းရှင်များအနေဖြင့် ရောင်းချသည့် လက်ဝတ်ရတနာများအပေါ် ဝယ်ယူသူများဘက်မှ အခွန်ပေးချေရမှုတွင် အခွန်တံဆိပ်များ အပြည့် အဝ ကပ်နှိပ်ပေးကြရေးကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များ ကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြတ်မွန်ထွေး(မော်လမြိုင်)**

# သက်ငယ်မုဒိမ်း မဖြစ်ပွားစေရေး မြောက်ပိုင်းခရိုင်၌ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၃**
ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုအတွင်း သက်ငယ်မုဒိမ်းဖြစ်ပွားမှုမရှိစေရန် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် အမျိုးသမီးငယ်များနှင့် အနီးကပ်နေထိုင်သော မိခင်များ အသိ၊ သတိဖြင့် မိမိတို့သားသမီး၊ ဆွေမျိုးများကိုစောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာအပိုင် ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့က ကွင်းဆင်း၍အသိပညာပေးလုပ်ငန်းစဉ်တို့ကိုဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်နှင့် ၁၁ ရက်တို့တွင် မြို့နယ်တပ်ဖွဲ့မှူးနှင့်စခန်းမှူးတို့က ရပ်ကွက်၊ ကျေးရွာများအတွင်း သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရန် အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထန်းတပင်မြို့နယ်အတွင်း ရေကျော်ကျေးရွာ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ကျေးရွာသူကျေးရွာသားများအား မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အေးရွာလေးရဲကင်းမှူး ဒုတိယရဲအုပ် သဲမောင်မောင်တို့က နိုဝင်ဘာ ၈ ရက်နှင့် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး ဝင်းနိုင်နှင့်တပ်ဖွဲ့ဝင်တို့က နိုဝင်ဘာ ၁၁ ရက်တွင် အမှတ်(၅)ရပ်ကွက် သီရိဇေယျာမွေ့ာရုံ၌ အုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ပြည်သူတို့အား သက်ငယ်မုဒိမ်းမှုကင်းရှင်းပပျောက်ရေးအတွက် အပြန်အလှန်ဆွေးနွေးခြင်း၊ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန်အသိပညာပေးခြင်းနှင့်လက်ကမ်းစာစောင်များကို ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**
နည်းပညာတက္ကသိုလ်(သန်လျင်)ရှိ ရေနံအင်ဂျင်နီယာဌာနသို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာလ ပထမပတ်က ယင်းတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိဂီကနှုတ်ခွန်းဆက်စကားပြောကြားပြီး PC Myanmar Hong Kong Limited မှ General Manager Mr.Emry Hisham Bin Yusoff က လှူဒါန်းရခြင်းရည်ရွယ်ချက်များ ရှင်းလင်းတင်ပြသည်။ ထို့နောက်အလှူရှင်က သင်ထောက်ကူစာအုပ်များကို ပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းပြီး လှူဒါန်းပွဲတွင် နည်းပညာတက္ကသိုလ်(သန်လျင်) ရေနံအင်ဂျင်နီယာဌာနတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူ များအတွက် Yetagun Classic မှ ဒေါ်လာ ၅၀၀၀၊ Yetagun CSR Program မှ ဒေါ်လာ ၂၀၀၀ တန်ဖိုးရှိ သင်ထောက်ကူစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# (၉၇)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့်ဆေးရောင်စုံခြယ်ပြိုင်ပွဲ ကျင်းပ

**မိုးကောင်း နိုဝင်ဘာ ၁၃** - ကချင်ပြည်နယ် မိုးကောင်းမြို့၌ နိုဝင်ဘာ ၁၁ ရက်က (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အလယ်တန်း၊ မူလတန်းနှင့် KG တန်း စာစီစာကုံး၊ ပန်းချီနှင့်ဆေးရောင်စုံခြယ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သော (၉၇)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့်ဆေးရောင်စုံခြယ်ပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျွန်ုပ်တို့မမေ့အပ်သော အမျိုးသားနေ့ ခေါင်းစဉ်၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် အမျိုးသားနေ့အောင်ပွဲတို့ဆင်နွှဲခေါင်းစဉ်နှင့် KG တန်း ဆေးရောင်စုံခြယ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရတနာပုံခေတ် သံချက်ဖို

မောင်သာ(ရှေးဟောင်းသုတေသန)

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက စောင့်ရှောက်ထိန်းသိမ်း ပြုပြင်သော ရှေးဟောင်း အဆောက်အအုံများအနက် စစ်ကိုင်းမြို့ရှိ သံချက်ဖိုသည် ရတနာပုံခေတ် စက်မှုလုပ်ငန်းထူထောင်ခဲ့မှု၏ သက်သေတစ်ရပ်အဖြစ် ယခုတိုင် ကျန်ရှိနေပေသည်။စစ်ကိုင်းသံချက်ဖိုဟု ထင်ရှားသည့် သံရည်ကျိုစက်ရုံသည် စစ်ကိုင်းမြို့ ရွှေတောင်ဦးမော်စေတီအနီး သာစည်ရပ်တွင် တည်ရှိသည်။ စစ်ကိုင်းသံချက်ဖိုကို ခရစ်နှစ် ၁၈၇၄ ခုနှစ် ဇွန်လတွင် စတင်တည်ဆောက်ခဲ့သော်လည်း ၁၈၇၈ ခုနှစ်အထိ စက်ကိရိယာများ တပ်ဆင်မှု မပြီးစီးခဲ့ချေ။ စက်ရုံသာပြီးစီး လည်ပတ်နိုင်ခဲ့ပါက တစ်ရက်လျှင် ကျောက်မီးသွေး တန် ၁၀၀ သုံးစွဲကာ သံရည်ကျိုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းခဲ့သည်။

**ရတနာပုံခေတ် စက်မှုလုပ်ငန်းများ**

သမိုင်းပညာရှင်များသည် ကုန်းဘောင်ခေတ်၏ နောက်ဆုံးပိုင်းဖြစ်သည့် ခရစ်နှစ် ၁၈၅၃ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ကာလကို မင်းတုန်းမင်းနှင့် သီပေါမင်းတို့ ရတနာပုံမန္တလေးတွင် နန်းစိုက်ခဲ့ခြင်းကို ရည်ညွှန်းလျက် ရတနာပုံခေတ်ဟု အမည်ပေးခဲ့ကြသည်။ မြန်မာတို့သည် အင်္ဂလိပ်တို့နှင့် စစ်ပွဲနှစ်ကြိမ်ဖြစ်ကာ အရှုံးပေးခဲ့ရပြီးနောက် ရတနာပုံခေတ်တွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ခဲ့ရာ ယင်းဆောင်ရွက်မှုများကို ဆရာမကြီး မကြန်က ကုန်းဘောင်၏ နောက်ဆုံးအားမာန်ဟု တင်စားခဲ့သည်။

ရတနာပုံခေတ် ဘုရင်မင်းတုန်းမင်းနှင့်ညီတော် ကနောင်မင်းသားတို့သည် ခရစ်နှစ် ၁၈၅၄ ခုနှစ်မှစ၍ နိုင်ငံတော်အတွင်း ခေတ်မီ စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ခြင်း၊ ငွေကြေးစနစ်သစ်တစ်ရပ်ကို ပြောင်းလဲကျင့်သုံးခြင်း၊ ဒင်္ဂါးများ သွန်းလုပ်ခြင်း၊ လူငယ် လူရွယ်မင်းသားများကို ပြည်ပနိုင်ငံများသို့ စေလွှတ်၍ ခေတ်မီနည်းပညာများကို သင်ယူစေခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း ရတနာပုံနေပြည်တော်၌ စက်ရုံများ တည်ထောင်ခဲ့သည်။

ရတနာပုံခေတ်တွင် စက်ရုံ၊ အလုပ်ရုံ ၅၀ ကျော်ရှိခဲ့သည်ဟု မဟာရာဇဝင်ကြီးတွင်ရေးသားသော်လည်း ဗြိတိသျှ မှတ်တမ်းများတွင် စက်ရုံကိုးရုံသာရှိခဲ့ကြောင်း သမိုင်းသုတေသီ ဆရာမကြီးဒေါ်ကြန်က ရတနာပုံစက်ရုံများစာတမ်းတွင် ရေးသားခဲ့သည်။ ယင်းစက်ရုံများအနက် အမြောက်သေနတ် စက်ရုံ၊ ရက်ကန်း စက်ရုံ၊ သဘော် စက်ရုံ၊ လွှစက်ရုံ၊ သံစက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ သကြားစက်ရုံ၊ မဲနယ် စက်ရုံနှင့် သံချက်ဖိုတို့သည် ခိုင်လုံသော အထောက်အထားများရှိခဲ့ကြသည်။

ရတနာပုံခေတ်တွင် သံချက်စက်ရုံနှစ်ခုရှိခဲ့ရာ မြို့အနောက်မျက်နှာ၊ ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်ဘက်တွင် လွှစက်ရုံအနီး၌ တည်ရှိခဲ့သည့် သံစက်ရုံသည် ပန်းပဲရုံ၊ သတ္တုသွန်းရုံနှင့် သံရည်ကျိုရုံတို့ကိုပေါင်းစုထားသည့် အလုပ်ရုံ ငါးခုဖြစ်သည်။

အခြားတစ်ခုမှာ တည်ဆောက်မှု မပြီးခဲ့သည့် စစ်ကိုင်းသံချက်ဖိုဖြစ်သည်။

**စစ်ကိုင်းသံချက်ဖို**

စစ်ကိုင်းသံချက်ဖိုဟု ထင်ရှားသည့် သံရည်ကျိုစက်ရုံကို မက္ခရာမင်းသားကြီး၊ ဗန်းမော်အတွင်းဝန်နှင့် ဖောင်ဝန်တို့ ကြီးကြပ်လျက် မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် နယုန်လ(ခရစ်နှစ် ၁၈၇၄ ခုနှစ် ဇွန်လ) တွင် အုတ်မြစ်ချခဲ့သည်။ ခမ်းနားစွာ ကျင်းပခဲ့သည့် သံချက်ဖိုကြီး အုတ်မြစ်ချအခမ်းအနားသတင်းကို ၁၈၇၄ ခုနှစ် ဇွန်လ ၁၃ ရက် စနေနေ့ထုတ် မြန်မာသံတော်ဆင့် သတင်းစာ၌ စစ်ကိုင်းဘက်တွင် သံဖိုကြီး အုတ်မြစ်ချမည်ဆို၍ သားတော်မက္ခရာမင်းသား၊ဗန်းမော်အတွင်းဝန်နှင့် ဖောင်ဝန်တို့ အကြည့်အရှု ထွက်သွားခြင်းခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

ယင်းသံချက်ဖိုကို တည်ဆောက်ရန် လိုအပ်သည့် စက်ပစ္စည်းကိရိယာများနှင့် စက်မှုအတတ်ပညာရှင်များရယူရေးအတွက် မြန်မာဘုရင်အစိုးရသည် ဒေါက်တာကလေမံဝီလျံ (Dr.Clement William)နှင့် ၁၈၇၀ ပြည့်နှစ် အောက်တိုဘာလတွင် စာချုပ် ချုပ်ဆိုခဲ့သည်။ စာချုပ်အရ ကလေမံဝီလျံသည် သံချက်ဖိုကြီးကို ငွေကျပ် ၃၈၀၀၀၀ ဖြင့် အပြီးအစီး တင်ပို့ပေးရန် သဘောတူညီပြီး စက်ပစ္စည်းများ ဝယ်ယူရန် ၁၈၇၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ကင်းဝန်မင်းကြီးသည် ၁၈၇၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိစဉ် ကလေမံဝီလျံနှင့် သံချက်ဖိုဝယ်ယူရေး ကိစ္စများကို ပြောဆိုခဲ့သည်။ထို့နောက် သံချက်ဖိုကိရိယာများကို ကြည့်ရှုရန် ဖန်ချက်ဝန်ကို စေလွှတ်ခဲ့သည်။ ကလေမံဝီလျံသည် ၁၈၇၂ ခုနှစ် အောက်တိုဘာလတွင် ကင်းဝန်မင်းကြီးထံလာရောက်၍ သံချက်ဖိုကြီး ဝယ်ယူရေးကိစ္စများကို အစီရင်ခံခဲ့သည်။ သူ၏ အစီရင်ခံချက်တွင် သံ၊ ကျောက်မီးသွေးနှင့် လုပ်ခများ အဖိုးအခ တက်လာသဖြင့် ကျပ် ၁၀၀ တွင် ၁၅ ပြား ပိုပေးရသော်လည်း ၃၈၀၀၀၀ ကျပ်ထက် ပိုမိုကျသင့်ရန်မရှိကြောင်းနှင့် နောက် ၁၇ လအတွင်းရရှိမည်ဖြစ်ကြောင်း ပါဝင်ခဲ့သည်။

စစ်ကိုင်းသံချက်ဖို၏ အောက်ခံကိရိယာ တန် ၅၀ ကို ၁၈၇၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့မှ တင်ပို့ပေးခဲ့သည်။ ၁၈၇၄ ခုနှစ် မတ်လ ၂၉ ရက်တွင် ကလေမံဝီလျံသည် ပြင်သစ်နိုင်ငံ ပါရီမြို့သို့သွားမည့် ကင်းဝန်မင်းကြီးအား ရန်ကုန်ဆိပ်ကမ်း၌ ဆုံတွေ့ကာ စစ်ကိုင်းသံချက်ဖိုအတွက် ပစ္စည်းကိရိယာများ အပြည့်အစုံ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း ပြောဆိုခဲ့သည်။ သို့သော် စစ်ကိုင်းသံချက်ဖို ပစ္စည်းများ အပြည့်အစုံရောက်ရှိသည် ဆိုခြင်းသည် မဟုတ်မှန်ခဲ့သာမက ၁၈၇၈ ခုနှစ်အထိ အပြည့်အစုံမရရှိခဲ့ပါချေ။

ကလေမံဝီလျံသည် စစ်ကိုင်းသံချက်ဖိုကို ကျပ် ၃၈၀၀၀၀ ဖြင့် ဝယ်ယူတင်သွင်းရန် သဘောတူညီခဲ့သော်လည်း ကျပ် ၆၀၀၀၀ တိုး၍ တောင်းခံခဲ့သဖြင့် မြန်မာဘုရင်အစိုးရသည် ကလေမံဝီလျံအား ကျပ် ၄၄၀၀၀၀ ပေးချေခဲ့သည်။ သို့သော် စက်ပစ္စည်းများ အပြည့်အစုံ ရောက်ရှိမလာခဲ့သဖြင့် နှစ်ဖက်ညှိနှိုင်းကြရာ ကလေမံဝီလျံသည် မြန်မာဘုရင်အစိုးရထံမှ ငွေကျပ် ၇၂၉၄၀ ရရန်ရှိကြောင်း တောင်းဆိုခဲ့ပြန်သည်။

ယင်းတောင်းခံငွေသည် အင်္ဂလန်တွင် သံဈေးတက်ခြင်းနှင့် အလုပ်သမားများ သပိတ်မှောက်ခြင်းကြောင့် ပိုမိုလာသည့် ကုန်ကျငွေ၊ အင်ဂျင်နီယာ နှစ်ဦးအတွက် လစာကျန်ငွေ၊သကြားစက်အတွက် မီးခံအုတ်ဝယ်ငွေ၊ ရွှေဒင်္ဂါး လဲလှယ်ရသည့် အလျော့တွက်နှင့် အင်ဂျင်နီယာနှစ်ဦး အင်္ဂလန်နိုင်ငံသို့ ပြန်သည့် စရိတ်ငွေဟု အကြောင်းပြခဲ့သည်။

မြန်မာဘုရင်အစိုးရသည် ကလေမံဝီလျံ တောင်းခံသည့်ငွေများအနက် ၆၂၃၆၀ ကျပ်ကို ၁၈၇၅ ခုနှစ် မေလနှင့် ဇွန်လတွင် ပေးချေခဲ့ရာ သံချက်ဖိုအတွက် ကလေမံဝီလျံအား ပေးချေခဲ့ရသည့်ငွေ စုစုပေါင်းသည် ကျပ် ၅၁၂၉၄၀ ဖြစ်ပြီး ၁၀၅၈၀ ကျပ်သာ ပေးချေရန် ကျန်ရှိခဲ့သည်။သို့သော် ကလေမံဝီလျံသည် ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်သည့် သံချက်ဖို ပစ္စည်းကိရိယာများကို မပေးအပ်ဘဲ အင်္ဂလန်သို့ တိမ်းရှောင်သွားခဲ့သဖြင့် မိအေးနှစ်ခါနာခဲ့ရသည်။

စစ်ကိုင်းသံချက်ဖို တပ်ဆင်ရန် အင်္ဂလန်နိုင်ငံတွင် သံချက်ဖိုများ လုပ်ဆောင်ခဲ့သည့် အင်ဂျင်နီယာ လူငယ်များဖြစ်ကြသည့် ဝီလျံ၊ ဂျုံး၊ ဟိုလ်ဂိတ်နှင့် ဂရေဟမ်တို့ကို ၁၈၇၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှခေါ်ယူခဲ့သည်။ ၁၈၇၄ ခုနှစ် ဧပြီလတွင် သူတို့လေးဦးသည် စစ်ကိုင်းသံချက်ဖိုကိုတပ်ဆင်ခဲ့ကြသည်။ မြန်မာဘုရင် အစိုးရသည် စက်ပစ္စည်းများ မပြည့်စုံမှုကြောင့် စက်တပ်ဆင်မှုမပြီးစီးဘဲ ၄င်း အင်ဂျင်နီယာများကို ၁၆ လ အတွက် လစာပေးခဲ့ရသည့်အပြင် စာချုပ်ရက်စေ့ချိန်တွင် အင်္ဂလန်သို့ ပြန်သည့် စရိတ်ငွေကိုပါ ပေးခဲ့ရပေသည်။



ဓာတ်ပုံ-စပယ်အောင်(စစ်ကိုင်း)

**စစ်ကိုင်းသံချက်ဖိုအမှု**

မြန်မာဘုရင်အစိုးရသည် စစ်ကိုင်းသံချက်ဖိုတည်ဆောက်ရန် ငွေကြေး အများအပြား သုံးစွဲခဲ့သော်လည်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရရှိခဲ့သည့်အပြင် အမှုအခင်းပင် ဖြစ်ခဲ့သည်။

မြန်မာအစိုးရသည် နေပြည်တော်ရှိ ဗြိတိသျှ အစိုးရကိုယ်စားလှယ်မှတစ်ဆင့် ဝန်ရှင်တော်မင်းကြီးထံ ၁၈၇၅ ခုနှစ် အောက်တိုဘာလတွင် စစ်ကိုင်းသံချက်ဖိုကိစ္စကို တိုင်တန်းခဲ့သည်။ ကလေမံဝီလျံကလည်း မြန်မာအစိုးရထံမှ ငွေများ အပြေအလည် မရရှိကြောင်း၊ စာချုပ်လွန်သည့်တိုင် မပေးချေသည့် ငွေများကို အတိုးနှင့် နစ်နာကြေးများအပါအဝင် ကျပ် ၁၉၀၀၀၀ ထပ်မံရလိုကြောင်း ဝန်ရှင်တော်မင်းကြီးအား တိုင်ကြားခဲ့သည်။

မြန်မာဘုရင်အစိုးရက စက်ပစ္စည်းများသည် စာချုပ်ပါ စာရင်းအတိုင်း သတ်မှတ်သည့် ရက်အတွင်း ရောက်ရှိမလာခဲ့သဖြင့် လုပ်ငန်းနစ်နာမှုများ၊စက်ဆရာများ၊ စကားပြန်များ၊ အလုပ်သမားများကို ခေါ်ယူခန့်ထားရသဖြင့် ကုန်ကျစရိတ်များ အတွက် ငွေကျပ် ၂၆ သိန်း လျော်ကြေးတောင်းဆိုခဲ့သည်။

ယင်းကိစ္စသည် ၁၈၇၆ ခုနှစ်အထိ ပြေလည်ပြီးပြတ်မှုမရှိခဲ့ဘဲ ၁၈၇၇ ခုနှစ်တွင် နေပြည်တော်ရှိ ဗြိတိသျှ အစိုးရကိုယ်စားလှယ် အရေးပိုင် ကာနယ် အိပ်ချ်တီဒန်ကင်း(Colonel H.T Duncan)၏ ဖျန်ဖြေ ဆုံးဖြတ်မှုကို နာခံရန် နှစ်ဦးနှစ်ဖက်သဘောတူညီခဲ့ကြသည်။ အိပ်ချ်တီဒန်ကင်းသည် ယင်းအမှုကို ၁၈၇၇ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် စတင်ကြားနာစစ်ဆေးခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံတွင် ကလေမံဝီလျံ မရှိတော့သဖြင့် သူ၏ညီဖြစ်သူ ဟောင်းဝပ်ဝီလျံက ကလေမံဝီလျံ ကိုယ်စား တရားရင်ဆိုင်ခဲ့သည်။

အိပ်ချ်တီဒန်ကင်း စက်တင်ဘာ ၄ ရက်တွင် မြန်မာအစိုးရက သံချက်ဖိုအတွက် ပေးရန်ကျန်ငွေ ကျပ် ၁၀၅၈၀ အပါအဝင် ကလေမံဝီလျံသို့ နောက်ထပ်ငွေ ၂၆၆၈၀ ကျပ်ပေးရမည်ဟု ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်တွင် ဖျန်ဖြေချက် ချမှတ်ပြီး ရက် ၃၀ အတွင်း ရန်ကုန်မြို့တွင် ရောက်ရှိပြီးဖြစ်သည့် သံချက်ဖို ကိရိယာများကို မြန်မာဘုရင်အစိုးရထံ ပေးအပ်ရန်၊ စက်ကိရိယာများပေးအပ်ပြီး ၁၀ ရက်အတွင်း မြန်မာဘုရင်အစိုးရက ကလေမံဝီလျံသို့ ငွေကျပ် ၁၆၆၈၀ ပေး၍ ကျန်ငွေ ကျပ် ၁၀၀၀၀ ကို ဘုန်းတော်ကြီး ဘီဂန်ဒတ် သို့မဟုတ် နှစ်ဦးနှစ်ဖက်သဘောတူညီသူ တစ်ဦးဦးအမည်ဖြင့် ချာတာဘဏ်တွင် အပ်နှံထားရန်၊ ကလေမံ ဝီလျံသည် မူလစာချုပ်ပါအတိုင်း စက်ပစ္စည်းများကို ပေးသွင်းပြီးမှသာ ထိုငွေကို ရရှိရန်၊ စက်ပစ္စည်းများရရှိပြီး ၁၀ ရက်အတွင်း မြန်မာဘုရင်အစိုးရက ငွေအကြေမပေးချေနိုင်ပါက ကြန့်ကြာသည့် ကာလများအတွက် တစ်နှစ်လျှင် အတိုး ၁၀ ရာခိုင် နှုန်းပေးရန် တို့ပါဝင်သည်။

အိပ်ချ်တီဒန်ကင်းသည် မြန်မာဘုရင်အစိုးရတောင်းခံသည့်နစ်နာချက်ကို မည်ရွေ့မည်မျှနစ်နာကြောင်းဆုံးဖြတ်ရန်မလွယ်ကူဟု အကြောင်းပြကာ ချန်လှပ်ခဲ့သည်။ သို့တိုင်အောင် မြန်မာဘုရင်အစိုးရသည် ဖျန်ဖြေ ဆုံးဖြတ်ချက်ကို ကျေနပ်လက်ခံခဲ့သည်။ ကလေမံဝီလျံသည် ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် အိန္ဒိယပြည်အစိုးရထံ တင်ပြအယူခံလိုကြောင်း တိုင်တန်းလျှောက်ထားခဲ့ရာ ဝန်ရှင်တော်မင်းကြီးက ဖျန်ဖြေချက်သည် တရားမျှတသည်ဟု ယူဆကာ ကလေမံဝီလျံ၏ လျှောက်ထားမှုကို ပယ်ချခဲ့သည်။

သံချက်ဖိုအမှုအခင်းသည် ၁၈၇၈ ခုနှစ်တွင် ပြီးပြတ်ခဲ့ရာ မြန်မာဘုရင် အစိုးရသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် သံချက်ဖို ပစ္စည်းများရရှိခဲ့မည်ဟုသာ ခန့်မှန်းရပေသည်။ သို့သော် စက်ပစ္စည်းကိရိယာများသည် အပြည့်အစုံရရှိခဲ့ခြင်းရှိ မရှိကို အတိအကျ မပြောနိုင်ခဲ့ပါချေ။

ထိုအချိန်တွင် သံချက်ဖိုအတွက်ငှားရမ်းထားသည့် နိုင်ငံခြားသား အင်ဂျင်နီယာများပြန်သွားခဲ့ပြီး မင်းတုန်းမင်းကြီးလည်း ကွယ်လွန်လုနီးချိန်ဖြစ်ရာ သံချက်ဖိုသည် ၁၈၇၈ ခုနှစ်အထိ တပ်ဆင်ပြီးစီးခဲ့ခြင်းမရှိဟု ယူဆရပေသည်။

**ကိုလိုနီခေတ် သံချက်ဖို**

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ဆုံးရှုံးခဲ့ကာ ဗြိတိသျှတို့ လက်အောက်သို့ရောက်ရှိသွားခဲ့ချိန်တွင် ဗြိတိသျှတို့သည် စစ်ကိုင်းသံချက်ဖို အပါအဝင် ရတနာပုံခေတ် စက်ရုံ၊ အလုပ်ရုံများကို ထုခွဲရောင်းချခဲ့သည်။ ဗြိတိသျှအစိုးရသည် သံချက်ဖိုတွင် ရှိနေသည့် တပ်ဆင် အသုံးမပြုရသေးသည့် စက်ပစ္စည်းကိရိယာများကို မြန်မာနိုင်ငံတွင် ပြန်လည်သုံးစွဲရန် မရှိသဖြင့် အင်္ဂလန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရောင်းချရန် ကြံရွယ်ခဲ့သည်။ထိုသို့ ပို့ဆောင် သယ်ယူရာတွင် စရိတ်စက များပြားမည်ဖြစ်သော်လည်း စက်ပစ္စည်းများသည် အကောင်းပကတိအတိုင်း ရှိနေပြီး ဧရာဝတီမြစ်ကမ်းနဖူးတွင် ထားရှိသဖြင့် ပြောင်းရွှေ့သယ်ယူရန် လွယ်ကူနေကာ အင်္ဂလန်နိုင်ငံတွင် ယင်းတို့ကို အလွယ်တကူ ရောင်းချနိုင်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံမှ ဝယ်ယူမည့်သူ ပေါ်ပေါက်လာလျှင် ပိုမိုအဆင်ပြေနိုင်ကြောင်း ယူဆခဲ့သဖြင့် အိန္ဒိယနိုင်ငံထုတ် သတင်းစာများနှင့် အင်ဂျင်နီယာ မဂ္ဂဇင်းများတွင် ကြော်ငြာများ ထည့်သွင်းခဲ့သည်။

စစ်ကိုင်းသံချက်ဖိုကြီးကို ဝယ်ယူခဲ့စဉ်က ငွေကျပ် ၅၀၀၀၀၀ ကျော်ပေးချေခဲ့ရသော်လည်း စက်ပစ္စည်းများကို ၃၅၂၄၀ ကျပ် တန်ဖိုးဖြတ်၍ မန္တလေးမြို့တွင် ရောင်းချရန် လျာထားခဲ့ပြန်ရာ ယင်းငွေကြေးသည် သံတိုသံစ ဈေးနှုန်းမျှသာ ရှိခဲ့ပေသည်။

ဗြိတိသျှတို့သည် စစ်ကိုင်းသံချက်ဖိုကို မည်သို့ ရောင်းချ ထုခွဲခဲ့သည်ကို မသိရှိခဲ့သော်လည်း သံချက်ဖို ခေါင်းလောင်းတိုင်ကြီးနှင့် အစိတ်အပိုင်းအချို့သည် ယနေ့တိုင်ကျန်ရှိနေပေသည်။

**သမိုင်းဝင် သံချက်ဖို**

စစ်ကိုင်းသံချက်ဖိုအား ထိန်းသိမ်းမှုများဆောင်ရွက်ရန် ရှင်းလင်းခဲ့စဉ် စက်အထိုင်နေရာများနှင့် အုတ်ကန်များကို တွေ့ရှိခဲ့ရသည်။

သံချက်ဖိုနေရာ၏ အရှေ့မြောက်ထောင့်တွင် စတုရန်းပုံပန္နက်ပေါ်တွင် တည်ထားသည့် ၁၅ မီတာမြင့်သော အုတ်တိုက် တစ်ခုရှိသည်။ ယင်းအုတ်တိုက်သည် လေမှုတ်ဖို(Blast Furnace Plant) ဖြစ်ပြီး ဖို၏ အောက်ခြေတွင် ၁ ဒသမ ၁ မီတာ ကျယ်၍ ၂ ဒသမ ၁ မီတာမြင့်သည့် တိုးလိုျပေါက်ရှိသည်။ယင်းအပေါက်အတွင်းရှိ အချင်း ၃ ဒသမ ၂ မီတာကျယ်ဝန်းသည့် အခေါင်းပေါက်၏ အထက်ပိုင်းသည် လေမှုတ်မီးပြင်းဖိုပေါက်ဖြစ်ကာ အောက်ပိုင်းသည် သံရိုင်း အရည်ကျိုသည့် နေရာဖြစ်သည်။ သံချက်ဖိုအတွင်းပိုင်းတွင် ချော်စများတွေ့ရှိရသဖြင့် စက်ရုံကို လည်ပတ်ခဲ့သည်ဟု ယူဆရဖွယ်ရှိပေသည်။

သံချက်ဖိုဝင်းအတွင်း စက်ကိရိယာများထိုင်မည့် အဝိုင်းပေါက်နှင့် လေးထောင့်ပေါက်များကို မြင်တွေ့ရသကဲ့သို့ အုတ်၊ သဲ၊ ကျောက် အင်္ဂတေများဖြင့် ပြုလုပ်ထားသည် ပွတ်ကန်များကိုလည်း မြင်တွေ့နိုင်ကြကာ အလျား ၁၀ မီတာ၊ အနံ ၈ ဒသမ ၈ မီတာရှိသည့် အုတ်ရေကန်တစ်လုံးလည်း တည်ရှိနေပေသည်။

လွန်ခဲ့သည့် နှစ် ၁၅၀ ဝန်းကျင်၊ရတနာပုံခေတ်တွင် မြန်မာဘုရင်မင်းတုန်းမင်းကြီးသည် မြန်မာနိုင်ငံကို ခေတ်မီတိုးတက်သည့် စက်မှုနိုင်ငံတော်ဖြစ် လာစေရေးအတွက် ကြိုးပမ်းခဲ့သော်လည်း နယ်ချဲ့တို့၏ နည်းမျိုးစုံ နှောင့်ယှက်မှုများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရရှိခဲ့ဘဲ ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်။ သို့သော်လည်း ထိုအချိန်အခါက ကြိုးပမ်းအားထုတ်ခဲ့မှု၏ အစိတ်အပိုင်းများသည် သမိုင်းသက်သေများအဖြစ် မော်ကွန်းတင်ကျန်ရှိလျက်ရှိနေရာ စစ်ကိုင်းသံချက်ဖိုသည် ထင်ရှားသော ပြယုဂ်တစ်ခုအဖြစ် ယနေ့တိုင် တည်ရှိနေပေသည်။ ။

**ကိုးကား**

(၁) ကုန်းဘောင်၏ နောက်ဆုံးအားမာန်(မကြန်)
(၂) လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်း(ကင်းဝန်မင်းကြီး)
(၃) စစ်ကိုင်းသံဖိုစက်ရုံကြီး(တင်ထွန်းဝမန္တလေး)

# မြို့အင်္ဂါရပ်နှင့်အညီ မြစ်ကြီးနားမြို့တွင်းလမ်းများ အဆင့်မြှင့်တင်

**မြစ်ကြီးနား နိုဝင်ဘာ ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့တွင်းလမ်းများကို မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး လမ်းလယ်မီးတိုင်များကိုလည်း စိုက်ထူလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၁ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။



အမှတ်(၁)ရဲစခန်းရှေ့တွင် သခင်နက်ဖေလမ်းတစ်လျှောက် စီတာပူရပ်ကွက်၊ မီးပွိုင့်မှ မြို့မရပ်ကွက် ပြည်နယ် မီးသတ်ရုံးအထိ လမ်းလယ်မီးတိုင်များ စိုက်ထူနေမှုနှင့် ၄၀၀ ဗို့အားမြေမြှုပ်မီးလိုင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရေပင်လမ်း၊ ဈေးကြီးလမ်းနှင့် သခင်နက်ဖေလမ်းတစ်လျှောက် ကတ္တရာလမ်းခင်းကျင်းနေမှုနှင့် လမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် အောင်နန်းရပ်ကွက် အထက(၂)ကျောင်းအနီး လမ်းတိုးချဲ့၍ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများနှင့် လမ်းအဝိုင်းပတ် ဆောင်ရွက်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရောရပ်ကွက် ဆမားလမ်းတစ်လျှောက် လမ်းဦးစီးဌာနမှ ရေနုတ်မြောင်းဆောင်ရွက်မှုတို့ကိုလည်း ဝန်ကြီးချုပ်နှင့်အဖွဲ့က သွားရောက်စစ်ဆေးပေးခဲ့ပြီး မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် စစ်ဆေးညွှန်ကြားပေးခဲ့ခြင်း ဖြစ်သည်။

**ပြည်နယ် (ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဆင်ပေါင်ဝဲမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံပွဲအခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အစိုးရအဖွဲ့၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လှိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ အခြား ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆင်ပေါင်ဝဲမြို့ပေါ်တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ငြိမ်းချမ်းရေးလှုပ်ရှားမှုရက်သတ္တပတ် အမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီမှဦးစီးကျင်းပသည့် ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် ငြိမ်းချမ်းရေး မီးထွန်းပွဲနှင့် လမ်းလျှောက် စာအုပ်ဈေးပွဲတော်၊ အမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ၊ ငြိမ်းချမ်းရေး ဂီတပဒေသာကပွဲများကို နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ မန္တလေးမြို့သတ်မှတ်နေရာတို့တွင် ကျင်းပလျက်ရှိပြီး အမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါအမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသူများတက်ရောက်ခဲ့ကြပြီး အမျိုးသမီးအခွင့်အရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲတွင် အစီအစဉ်တင်ဆက်သူအဖြစ် ဆရာ သင့်နော်က ဆောင်ရွက်ပြီး ဆရာမ မသီတာ(စမ်းချောင်း)၊ ဦးသိန်းသန်းဦး၊ ကိုမင်းကိုနိုင်၊ ဒေါ်ခင်မမမျိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မော်လူးမြို့နယ်အတွင်း ကုန်သွယ်ဝင်ငွေခွန်များစည်းကြပ်စစ်ဆေး

**မော်လူး နိုဝင်ဘာ ၁၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အခွန်အရပ်ရပ်ဆိုင်ရာ လျာထားချက်ပြည့်မီရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအင်းတော်မြို့နယ် မော်လူးဒေသကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြို့နယ်အခွန်များဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာသို့ အင်းတော်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်နှင့် ရုံးဝန်ထမ်းများလိုက်ပါသည့်အဖွဲ့သည် မော်လူးဒေသ ကျေးရွာအုပ်စုတွင်းရှိ စီးပွားလုပ်ငန်းရှင်၊ စက်မှုလုပ်ငန်းရှင်၊ ပညာရေးသင် ဘော်ဒါဆောင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်၊ တည်းခိုခန်းများကို ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ စည်းကြပ်ခွန်နှင့် အရပ်ရပ်ဆိုင်ရာအခွန်ကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ခေါ်ယူတွေ့ဆုံပြီး အခွန်ဆိုင်ရာအကြောင်း အသိပညာပေးပြောကြားခဲ့သည်။ မော်လူးဒေသ ကျေးရွာအုပ်စုအတွင်း၌ အခွန်ထမ်းဆောင်သူ ၈၀ ခန့်ရှိကြောင်း မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနတာဝန်ရှိသူထံမှ သိရသည်။ ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများသည် အဆိုပါကျေးရွာအုပ်စုတွင် နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်က နှစ်ရက်ကြာကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး)**

# သမိုင်းဝင်ရေကန်၏ ဇီဝမျိုးကွဲမျိုးစုံများ မှတ်တမ်းတင်သုတေသနပြု

**မြိတ် နိုဝင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၏ သမိုင်းဝင်ရေကန်တစ်ခုဖြစ်သော မြစ်ငယ်ရပ်ကွက်တွင် တည်ရှိသည့် ၂၁ ဒသမ ၆၄၀ ဧကရှိ ရေကန်ပေါင် စိမ်းလန်းစိုပြည်ရေးသာယာလှပရေးနှင့် ဇီဝမျိုးကွဲမျိုးစုံများ အစဉ်တည်ရှိနေစေရန် ရည်ရွယ်၍ ရေကန်တူးဖော်ရေးလုပ်ငန်းများမဆောင်ရွက်မီ မြိတ်တက္ကသိုလ် သတ္တဗေဒဌာနမှ ရေကန်အတွင်းရှိ ဇီဝမျိုးကွဲ မျိုးစုံများအား ကြိုတင်စစ်တမ်းကောက်ယူခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေကန်အတွင်းရှိ ဇီဝမျိုးကွဲမျိုးစုံများကို မှတ်တမ်းတင်သုတေသန ပြုလုပ်ရာတွင် သတ္တဗေဒဌာန ကထိက ဦးစိုးနိုင်ပါသုံးဦးက ငှက်မျိုးစိတ်၊ လိပ်မျိုးစိတ်၊ ငါးမျိုးစိတ်များကို နိုဝင်ဘာ ၈ ရက်မှ စတင်၍ သိပ္ပံနည်းကျကျ လေ့လာလျက်ရှိရာ ဌာနဆိုင်ရာများ၊ နည်းပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မြို့သူမြို့သားများ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြသည်။



ဇီဝမျိုးကွဲမျိုးစုံများတွင် သုတေသနပြုလုပ်ရာတွင် ငှက်မျိုးစိတ် ၃၉ မျိုး၊ လိပ်မျိုးစိတ် ငါးမျိုး၊ ငါးမျိုးစိတ် ၂၀ ခန့်ကို နိုဝင်ဘာ ၁၀ ရက်အထိ လေ့လာမှတ်သားရရှိခဲ့ပြီးဖြစ်ကြောင်း သတ္တဗေဒဌာန ကထိက ဦးစိုးနိုင်က ပြောသည်။ ရေကန်ကြီးကို သိပ္ပံနည်းကျကျပဲဖြစ်ဖြစ်၊ ဆောက်လုပ်ရေးအင်ဂျင်နီယာများ၏ တင်ပြဆွေးနွေးချက်များမယူဘဲ သင့်တော်သည့် ဆုံးဖြတ်ချက်ဖြင့် တူးဖော်ပါက ရေကန်အတွင်းရှိ ဇီဝမျိုးကွဲ မျိုးစုံများ ဆုံးရှုံးနိုင်ကြောင်း၊ ရေကန်ကိုမတူးခင်မှာ အချက်အလက်များ ပြည့်စုံအောင်လေ့လာမည်၊ စုဆောင်းမည်။ အကောင်းမွန်ဆုံးဖြစ်အောင် ဝိုင်းဝန်းဆုံးဖြတ် ဝိုင်းဝန်းလုပ်ဆောင်မည်ဟု စဉ်းစားထားကြောင်း ဦးစိုးနိုင်က ဆိုသည်။

ရေကန်ပေါင်စိမ်းလန်းစိုပြည်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေကန်တူးဖော်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရေကန်စိမ်းလန်းစိုပြည်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် Site Plan၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရေး၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် စက်ယန္တရားများ ကြိုတင်ရှာဖွေရေးစသော ကိစ္စရပ်များကို တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းနှင့် မြို့မိမြို့ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက စက်တင်ဘာ ၂၄ ရက်က ညှိနှိုင်းဆွေးနွေး ထားကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# မတ္တရာမြို့နယ်၌ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံရန် လုပ်ငန်းညှိနှိုင်း

**မတ္တရာ နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း ၂၀၁၇ ကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်လွင်ထွန်းက ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ကာကွယ်ဆေးထိုးနှံရခြင်းအကြောင်း၊ ရောဂါဖြစ်ပွားရခြင်းအကြောင်းနှင့် ရောဂါလက္ခဏာများ၊ အန္တရာယ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ကျန်းမာရေးအဖွဲ့အစည်းများတက်ရောက်ကြသည်။

မတ္တရာမြို့နယ်တွင် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းအခြေပြုကာကွယ်ဆေးထိုးခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ရက်မှ ၂၀ ရက်အထိ ပြည်သူလူထုအခြေပြုထိုးနှံခြင်းတွင် အသက် ကိုးလမှ ငါးနှစ်အထိ ကလေးသူငယ်များ၊ အသက် ၁၅ နှစ်အောက် ကျောင်းမနေသော ကလေးသူငယ်များနှင့် ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံခြင်းတွင် လွတ်ကျန်ရစ်သော ကျောင်းသား ကျောင်းသူများအား နှစ်သုတ်ခွဲ၍ စုရပ်များသတ်မှတ်ကာ ထိုးနှံပေးမည်ဖြစ်သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကထိန်ရာသီလွန်မြောက်လာချိန်တွင် ငွေအကြွေရှားပါးမှု ပြေလည်လာ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ငွေအကြွေရှားပါးခြင်းကြောင့် အဝေးပြေး BOT လမ်းတံတားအသုံးပြုခများပေးဆောင်ရာတွင် ကျပ်စွန်း ဆယ်စွန်းများကို ရာပြည့်ကိန်းများဖြင့်ပြောင်းလဲကောက်ခံခြင်းကို ဒီဇင်ဘာ ၁ ရက်မှ စတင်လုပ်ဆောင်သွားမည်ဟု အသိပေးထားကြောင်း သိရသည်။

ကထိန်ရာသီလွန်မြောက်လာချိန် ကထိန်ခင်းပဒေသာပင်များမှ တန်ဖိုးငယ်ငွေစက္ကူများ အထူးသဖြင့် အသစ်များ အများပြည်သူများအကြား ပြန်လည်ရောက်ရှိလာသည်။ ထို့အတူငွေအကြွေများကို ဆူးလေဝန်းကျင်ရှိပြင်ပပုဂ္ဂလိကလဲလှယ်နေသောဈေးကွက်တွင်လည်း အကြွေလဲလှယ်ခနှုန်းထားများလည်းကျဆင်းလာသည်ဟု တာမွေမြို့နယ်မှ လာရောက်ငွေအကြွေလဲလှယ်ခဲ့သူ ဈေးသည်ကိုနေဝင်းက ဆိုသည်။

ဆူးလေဘုရားလမ်းအနီးရှိ ငွေအကြွေလဲသည့်ပြင်ပဈေးကွက်သို့ သွားရောက်အကြွေလဲရာတွင်ကျပ် ၂၀၀ တန် အရွက်ရေ ၁၀၀ ပါ တစ်စည်းလျှင်ကျပ် ၅၀၀၊ ၁၀၀ တန်တစ်စည်းလျှင်ကျပ် ၃၀၀ အကြွေလဲခအဖြစ် ပေးခဲ့ရသည်ဟုဆိုသည်။ အလားတူ မဟာဗန္ဓုလလမ်း မော်တင်ကားမှတ်တိုင်အနီးတွင်လည်း ကျပ် ၂၀၀ တန် ငွေ အကြွေတစ်စည်းလျှင် ငွေအကြွေလဲခကျပ် ၅၀၀ ယူပြီး အကြွေလဲပေးသည်များကိုလည်း မြင်တွေ့ရသည်။ ငွေကျပ် ၁၀၀ တန်များရယူလိုပါက တစ်ရွက်(တစ်ရာကျပ်) အတွက် နှစ်ကျပ်ခွဲ၊ ငါးရာကျပ်တန် ငွေစက္ကူများလဲလှယ်လိုပါက တစ်ရွက်လျှင် တစ်ကျပ်ခွဲနှုန်းသာ ပေးရပြီး အနည်းဆုံး ငွေကျပ်တစ်သောင်းဖိုးခန့်လဲလှယ်ကြရမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဆိုင်**



# မဟာသန္တိသုခလာဘမုနိရုပ်ပွားတော်မြတ်ကြီးတည်ထားလျက်ရှိရာ ၅၀ ရာခိုင်နှုန်းပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် မင်္ဂလာဦးရပ် မင်္ဂလာရာမဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ကုန်းတော်ပေါ်တွင် ဉာဏ်တော်အမြင့် ၅၁ ပေရှိသော မဟာသန္တိသုခလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား တည်ထားလျက်ရှိရာ ပြီးစီးပါက မြို့နယ်အတွင်းဉာဏ်တော်အမြင့်ဆုံးဗုဒ္ဓရုပ်ပွားတော်တစ်ဆူဖြစ်လာမည် ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင် အကြမ်းထည်တည်ထားမှု ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



“တည်ထားပြီးစီးရင် မိတ္ထီလာမြို့အတွင်းမှာရှိတဲ့ အင်္ဂတေနဲ့ တည်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်များထဲမှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမယ့် မဟာသန္တိသုခလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ဉာဏ်တော် ၅၁ ပေ) ကို ဝန်ဇင်းရပ်ကွက် မင်္ဂလာဦးရပ် မင်္ဂလာရာမဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်းမှာ တည်ထားနေတာ အခုဆိုရင် အကြမ်းထည်တည်ထားမှု ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပါပြီ၊ ဒီရုပ်ပွားတော်ကြီး တည်ထားဖို့အတွက် ကျွန်တော့်မိဘများကငွေကျပ် သိန်းသုံးရာမတည်ပြီးတော့ ကျွန်တော့်မိသားစုက ငွေကျပ် သိန်းတစ်ရာ့ငါးဆယ် မတည်ခဲ့ပါတယ်၊ စုစုပေါင်းငွေကျပ်သိန်းသုံးထောင်ခန့်ကုန်ကျမယ်လို့ ခန့်မှန်းထားပြီးတော့ လိုအပ်တဲ့ကုန်ကျငွေကို ဒေသခံစေတနာရှင်ပြည်သူတွေထံကနေလှည့်လည် အလှူခံပြီး တည်ဆောက်တာပါ၊ မင်္ဂလာရာမဘုန်းတော်ကြီးကျောင်းက ဆရာတော်ဘဒ္ဒန္တပဏ္ဍိတနဲ့အတူ ရုပ်ပွားတော်ကြီး တည်ထားရေး ကော်မတီဝင်တွေက အပတ်စဉ်မော်တော်ယာဉ်နဲ့ လှည့်လည်အလှူခံခြင်းကို ဆောင်ရွက်နေပါတယ်၊ မဟာသန္တိသုခလာဘမုနိရုပ်ပွားတော်မြတ်ကြီး တည်ထားရေး အတွက် ဆက်သွယ်လှူဒါန်းလိုတယ်ဆိုရင် ၀၉-၂၀၂၀၁၂၅ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်”ဟု ဈေးအရှေ့ပြင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်အောင်က ပြောသည်။

ယင်းရုပ်ပွားတော်မြတ်ကြီးပြီးစီးအောင်တည်ထားနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး မင်္ဂလာရာမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလာစာရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မင်္ဂလာရာမကျောင်းတိုက်မှ ဘဒ္ဒန္တပဏ္ဍိတ၊ မတည်အလှူရှင် ဦးရဲမြင့်အောင်နှင့်တာဝန်ရှိသူများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါရုပ်ပွားတော်မြတ်ကြီး စစ်ကိုင်းမြို့ ဝါးချက်ဒေသမှ မြန်မာမှုဦးကျော်သန်းနှင့်အဖွဲ့က တာဝန်ယူတည်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# စာဖတ်ဝါသနာတူ ကလပ်အသင်းများဖွဲ့စည်း

**ဖာပွန် နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဝါသနာတူ ကလပ်အသင်းများဖွဲ့စည်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နှောင်းက ဝါသနာတူကလပ်အသင်းများ ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ စာဖတ်ဝါသနာတူ၊ စာဖတ်ဝါသနာပါသူ အချင်းချင်းစုစည်းပြီး စာအုပ်စာပေချစ်မြတ်နိုးသူ (Book Club)၊ အမျိုးသမီးအခွင့်အရေးများ ကာကွယ်ရေးနှင့် ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် အမျိုးသမီးအသင်း (Women Club)၊ လူငယ်များ အသိပညာမြင့်မားရေးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဝါသနာတူလူငယ်များစုစည်းပြီး လူငယ် (Youth Club)ဖွဲ့စည်းရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အသေးစိတ်ဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ခရိုင်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားကာ (Book Club)၊ (Women Club)၊ (Youth Club) ဝါသနာတူကလပ်သုံးခုကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဖွဲ့စည်းပြီးသော Club အနေဖြင့် ဆောင်ရွက်ရမည့် Club တစ်ခုချင်းစီ၏ လုပ်ရှားမှုလုပ်ငန်းစဉ်များကို သီးခြားစီ ထပ်မံတွေ့ဆုံ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားကို ဖိတ်ကြားထားသူ စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးလွင်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ စာရင်းဇယားဆိုင်ရာကိစ္စရပ်များ တိကျမှန်ကန်ရန် ဆောင်ရွက်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးမြတ်သူနှင့် ကျောက်ပန်းတောင်းမြို့နယ် ဌာနဆိုင်ရာများတွေ့ဆုံပွဲကို နိုဝင်ဘာ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးက ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ဝန်ထမ်းများသည် မိမိတို့ဌာနလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် တိကျစွာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စီမံကိန်းစာရင်းဇယားများရေးဆွဲရာတွင်လည်း တိကျမှန်ကန်စေရန် အလေးထားသင့်ကြောင်း တိုက်တွန်းပြောကြားသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုကလည်း မြို့နယ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ပြီး လယ်ယာဖွံ့ဖြိုးရေးဌာနခွဲမှလည်း မိုးရာသီချေးငွေရရှိမှု အခြေအနေနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် စာကြည့်တိုက် တည်ဆောက်မှုနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ ဌာနဆိုင်ရာ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# (၉၇) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဂန့်ဂေါ၌ကျင်းပ

**ဂန့်ဂေါ နိုဝင်ဘာ ၁၃**

(၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ဂန့်ဂေါမြို့နယ် အမျိုးသားနေ့ကျင်းပရေး ကော်မတီနှင့် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါ ပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူပါဝင်နွဲ့ အမျိုးသားနေ့ အောင်ပွဲ ခေါင်းစဉ်ဖြင့် အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အမျိုးဂုဏ် ဇာတိဂုဏ် မမေ့စေဖို့ အမျိုးသားနေ့ ကျင်းပစို့ ခေါင်းစဉ်ဖြင့် အထက်တန်းဆင့် ကျောင်းသားကျောင်းသူ ကိုးဦးတို့ကလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ၌ ထာဝရမမေ့ အမျိုးသားနေ့ ခေါင်းစဉ်ဖြင့် အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ ၂၁ ဦး၊ အမျိုးသားနေ့နှင့် ဇာတိမာန်စိတ်ဓာတ် ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဂန့်ဂေါမြို့နယ်၏ အမျိုးသားနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၁၀၁)

## သတင်းတိုများ

### (၉၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ကျောင်းပေါင်းစုံမှ လက်ရွေးစင်(အလယ်တန်းအဆင့်) ကျောင်းသား ကျောင်းသူများ ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူကျောင်းသားကျောင်းသူများအား နိုဝင်ဘာ ၁၃ ရက်နေ့က ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### လွယ်ဂျယ်မြို့နယ်တွင် ကလေးငယ်များ ကဗျာရွတ်ဆိုယှဉ်ပြိုင်

(၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည်တိုက်ခန်းမ၌ ကျင်းပသည်။ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပပြီး နေ့လယ်ပိုင်းတွင် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### မလှိုင်မြို့နယ် ကျောင်းပေါင်းစုံထူးချွန် ကလေးစာစီစာကုံးပြိုင်

(၉၇)နှစ်မြောက် အမျိုးသားနေ့ စာစီစာကုံးပြိုင်ပွဲများအဖြစ် မလှိုင်မြို့နယ် ပညာရေးမှူး ဦးသိန်းဝင်းဦး၏ လမ်းညွှန်ချက်ဖြင့် နိုဝင်ဘာ ၁၀ ရက်က မလှိုင်မြို့နယ်ရှိ အခြေခံပညာစာသင်ကျောင်းများ၌ ကျင်းပကြောင်း သိရသည်။

အမျိုးသားနေ့ ဒို့မမေ့ဆိုသော ခေါင်းစဉ်ဖြင့် မလှိုင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အထက(၁) မလှိုင် သံလ္လာဝတီဆောင်တွင် ကျင်းပခြင်းဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲကို အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၃ ဦး၊ အလယ်တန်းအဆင့်တွင် ၁၈ ဦး၊ အထက်တန်းအဆင့်တွင် ၁၂ ဦး စုစုပေါင်း ၄၃ ဦး ဖြေဆိုခဲ့ကြသည်။ အမျိုးသားနေ့ စာစီစာကုံးပြိုင်ပွဲကို မလှိုင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အထက(၁) သံလ္လာဝတီဆောင်တွင် အခန်းတစ်နှင့် နှစ်ဟု နှစ်ခန်းခွဲခြားကာ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁နာရီခွဲအထိ ဖြေဆိုယှဉ်ပြိုင်ခဲ့သည်။

**ဘိုဘို(မလှိုင်)**

# မိတ္ထီလာမြို့နယ် ဆပ်ခင်းပေါက်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ထရန်စဖော်မာဖွင့်

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စု ဆပ်ခင်းပေါက်ကျေးရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သည့် 200 KVA လျှပ်စစ်ထရန်စဖော်မာဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက်နံနက် ၁၀ နာရီက အဆိုပါ ထရန်စဖော်မာရှေ့၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇော်နည်အောင်နှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး လျှပ်စစ်ထရန်စဖော်မာ Main ခလုတ်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံဖြစ်သော လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ပေးသည့် မိတ္ထီလာမြို့နယ် ဆပ်ခင်းပေါက်ကျေးရွာ၏ မီးလင်းရေးအောင်ပွဲ အခမ်းအနားပင်ဖြစ်ကြောင်း၊ ယခင်က မီးအလင်းရောင်ရရှိရေးအတွက် ဖယောင်းတိုင်၊ ရေနံဆီမီးအိမ်စသည်ဖြင့် အလင်းဓာတ်ရရှိရေးကို ဆောင်ရွက်ရာမှ တစ်ဆင့်တက်ပြီး ဆိုလာစနစ်ဖြင့် အလင်းရောင်ရရှိရေးကို လည်းကောင်း အမှီပြု ဆောင်ရွက်ရာမှ ဆပ်ခင်းပေါက်ကျေးရွာ၌ လျှပ်စစ်မီးများနှင့် ထိန်ထိန်ညီးပြီး အလင်းရောင်ရရှိမည်ဖြစ်သည့်အပြင် လျှပ်စစ်မီးဖြင့် ထမင်းဟင်းများ ချက်ပြုတ်သုံးစွဲနိုင်ခြင်းကြောင့် ထင်း၊ မီးသွေး သုံးစွဲမှု လျော့နည်းလာပြီး သစ်ပင်သစ်တောပြုန်းတီးမှုကို ကာကွယ်စောင့်ရှောက်ရာရောက်ပြီး ကျေးရွာသားများ၏ စီးပွားရေး၊လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးအစရှိသည်များ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ကျေးလက်မီးလင်းရေး အောင်ပွဲအခမ်းအနားအဖြစ် ဖွင့်လှစ်သည့် မိတ္ထီလာမြို့ ဆပ်ခင်းပေါက်ကျေးရွာမှာ အိမ်ခြေ ၁၃၅ အိမ်၊ အိမ်ထောင်စု ၁၃၅ စု၊ လူဦးရေ ၆၈၇ ဦး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်း တည်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ 200 KVA ထရန်စဖော်မာတစ်လုံးနှင့် 11 KVဓာတ်အားလိုင်း ၀ ဒသမ ၉၅ မိုင်ကို ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာအတွင်း လိုင်းအားကို ဆပ်ခင်းပေါက်ကျေးရွာမှ အလှူရှင် ဦးသန်းလွင်-ဒေါ်ညွန့်ညွန့်ဆွေက ကျပ်သိန်း ၁၀၀ လှူဒါန်း၍ ကျေးရွာမီးလင်းရေးကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ကျေးလက်ပြည်သူများ၏ လူမှုရေးအဆင့်အတန်း ဖွံ့ဖြိုးတိုးမှုမှသည် အသိပညာ၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်မှုလယ်ယာမှသည် စက်မှုလယ်ယာသို့လည်းကောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်သော ကျေးရွာအဖြစ်ရောက်ရှိရေးနှင့် ကျေးရွာသူ ကျေးရွာသားများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိပြီး ကျေးရွာသူကျေးရွာသားများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကျေးရွာအဖြစ်သို့ ရောက်ရှိပါစေကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးနေဦးကလည်း လျှပ်စစ်သုံးစွဲခြင်း၏ အန္တရာယ်နှင့် သုံးစွဲမှု အကျိုးအပြစ်များရရှိမှုကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကိုကျေးရွာမီးလင်းရေး အထိမ်းအမှတ်အလံများပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မန္တလေးမြို့တွင် တည်ဆောက်ထားသည့် မိုးလေဝသရေဒါစခန်း နှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်မည်

**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီး၌ တည်ဆောက်နေသည့် မိုးလေဝသ ရေဒါစခန်းတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးသွားပြီဖြစ်၍ ယခုနှစ်ကုန်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ ဦးကျော်လွင်ဦးက ပြောသည်။

အဆိုပါရေဒါစခန်းတည်ဆောက်ရာတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ အေဂျင်စီ၏ ထောက်ပံ့ကူညီမှုဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာက စတင်ခဲ့၍ ယခုအခါလုပ်ငန်းများပြီးစီးသွားပြီဖြစ်ရာ နိုဝင်ဘာ ၁ ရက်နေ့မှစ၍ ဌာနမှအင်ဂျင်နီယာများကို ရေဒါကိရိယာနှင့်ပတ်သက်သည့် ပြုပြင်ထိန်းသိမ်းရေးနှင့် ကိုင်တွယ်သုံးစွဲခြင်းဆိုင်ရာတို့ကို သင်ကြားပေးနေကြောင်း သိရသည်။

"ရေဒါကိရိယာကို အသုံးပြုနိုင်ပြီဆိုရင် မြန်မာနိုင်ငံအထက်ပိုင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးထိ ရေဒါပုံရိပ်တွေဖမ်းမိနိုင်တယ်၊ အဲဒီပုံရိပ်တွေနဲ့ အထက်အညာဒေသမှာဖြစ်ပေါ်နိုင်တဲ့ မုန်တိုင်းတွေ၊ မိုးတိမ်တောင်တွေနဲ့ မိုးရွာသွန်းမှုအခြေအနေတွေကို ထုတ်ပြန်ပေးနိုင်တော့မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။



မြန်မာနိုင်ငံတွင် ကမ္ဘာ့မိုးလေဝသအစီအစဉ်ဖြင့် ၁၉၇၄ ခုနှစ်တွင် ကျောက်ဖြူမြို့၌ မင်းပြင်မုန်တိုင်းပြရေဒါစခန်းတစ်ခု ဖွင့်လှစ်ခဲ့သော်လည်း ကြာရှည်တည်တံ့စွာ သုံးစွဲနိုင်ခြင်းမရှိဘဲ ၁၉၉၄ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ရေဒါကိရိယာမပါဘဲ မိုးလေဝသသတိပေးချက်များ ခန့်မှန်းထုတ်ပြန်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်၊ ကျောက်ဖြူနှင့် မန္တလေးမြို့များတွင် ရေဒါသုံးလုံးတပ်ဆင်ရန် ၂၀၁၄ ခုနှစ်မှစ၍ စီစဉ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကျောက်ဖြူရေဒါစခန်းကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ၂၀၁၆ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ရေဒါပုံရိပ်များဖြင့် မိုးလေဝသခန့်မှန်းချက်များ ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

"ရေဒါရဲ့အားသာချက်က ကိုယ့်နိုင်ငံရဲ့ကမ်းရိုးတန်းကို မုန်တိုင်းတွေချဉ်းကပ်လာတဲ့အခြေအနေကို ရေဒါပုံရိပ်ကတစ်ဆင့် သဲသဲကွဲကွဲမြင်နိုင်တယ်၊ မုန်တိုင်းရဲ့ဗဟိုချက်၊ တည်နေရာ၊ အရွယ်အစားနဲ့ ဘယ်လောက်အမြန်နှုန်းနဲ့ ဦးတည်လာမယ်ဆိုတာကို အနီးစပ်ဆုံး အချိန်မီသတင်းထုတ်ပြန်နိုင်တဲ့အခွင့်အရေးတွေ ရရှိနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ရေဒါသုံးခုမှ ဖမ်းယူရရှိသော ပုံရိပ်များကို နေပြည်တော် မိုးလေဝသခန့်မှန်းရေး စောင့်ကြည့်ဌာနမှ ဂြိုဟ်တုစနစ်မှတိုက်ရိုက်ကြည့်ရှုကာ မိုးလေဝသဖြစ်စဉ်များကို ကြိုတင်ထောက်လှမ်းသိရှိနိုင်ကာ အချိန်မီ သတင်းထုတ်ပြန်နိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**မိုးနဲ နိုဝင်ဘာ ၁၃**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် ကျောင်းအခြေပြုမီနီမာရသွန်ပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၆ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့ မြို့နယ်ပြည်သူ့အားကစားကွင်းရှေ့ မိုးနဲ-နမ့်စန် ကားလမ်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက အကြီးတန်း ကျား၊မ တန်းနှင့် အငယ်တန်းကျား၊မ တန်းတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်ပညာရေးမှူး ဦးဆန်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဒေါ်သန်းသန်းစိုးနှင့် အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီး ဦးလှသောင်းတို့က စတင်တာလွှတ်ပေးခဲ့ကြသည်။



ပြိုင်ပွဲကို စတင်တာလွှတ်သည့် ပြည်သူ့အားကစားကွင်းရှေ့မှ မြောက်ဘက်မိုးနဲ-နမ့်စန်ကားလမ်းအတိုင်း ဆွမ်မရမ်းကျေးရွာအထိ ပြိုင်ပွဲဝင်စေခဲ့ပြီး မြို့လယ်လမ်းကြောင်းမှ မူလပြည်သူ့အားကစားကွင်းရှေ့သို့ ပန်းဝင်ခဲ့သည်။ ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၉၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၃၂၀ ပန်းဝင်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(ပြန်/ဆက်)**



**နိုဝင်ဘာ ၁၂ ရက်က ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ ရွှေကုက္ကား ဘုန်းတော်ကြီးကျောင်း ဓမ္မစကူးလ်မှ ကျောင်းသား ကျောင်းသူ ၁၅၀ အား ယာဉ်အန္တရာယ်ကြီးမားပုံအကြောင်း၊ လိုက်နာရမည့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အကြောင်းအရာများကို ပရိုဂျက်တာ ပါဝါပွိုင့်ဖြင့် အမှတ်(၁)ယာဉ်ထိန်းရဲ (နေပြည်တော်)ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီးနှင့်အဖွဲ့ ရှင်းလင်းပြသစဉ်။**

မင်းမင်းလတ်(ရုပ၀ေဒ)

# ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လိုအပ်ချက်များ အကြံပြုဆွေးနွေး

**ဘားအံ နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူဗဟိုပြု ရဲလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူများနှင့်တွေ့ဆုံကာ ရပ်ကွက်အတွင်း တရားဥပဒေစိုးမိုးရေးအပိုင်းတွင် လိုအပ်ချက်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့ပေါ်ရပ်ကွက်တွေမှာ ညအချိန်မတော် လူငယ်တွေအုပ်စုဖွဲ့ပြီး ဆိုင်ကယ်တွေ အိတ်ဇောဖွင့်စီးတာတွေ၊ အများနဲ့သက်ဆိုင်တဲ့နေရာတွေမှာ အုပ်စုဖွဲ့ အရက်၊ ဘီယာ အစရှိတာတွေ သောက်သုံးတာတွေကို သတိပေးပြောကြားပြီး ဆက်လက်လုပ်မယ်ဆိုရင် ဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ဖို့ လိုပါတယ်"ဟု အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ဆွေးနွေးအကြံပြုခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက ဆွေးနွေးအကြံပြုချက်များအပေါ် ဘားအံမြို့ပေါ်ရပ်ကွက်များတွင် လှည့်ကင်းအဖွဲ့နှစ်ဖွဲ့၊ ယာဉ်တင် လှည့်ကင်းတစ်ဖွဲ့တို့ဖြင့် နေ့စဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်အလိုက်၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်အဖွဲ့များကိုလည်း ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထွေး (ဘားအံ)**

# အခြေခံပညာကျောင်းပေါင်းစုံ စာစီစာကုံးနှင့်ကဗျာပြိုင်

**တနင်္သာရီ နိုဝင်ဘာ ၁၃**

(၉၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက စာစီစာကုံးနှင့်ကဗျာရေးဖြေပြိုင်ပွဲကို မြိတ်ခရိုင်-တနင်္သာရီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း တမာဆောင်၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း တစ်ပြိုင်တည်း ပြိုင်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၃၀၊ အလယ်တန်းအဆင့် ၃၃ ဦးနှင့် မူလတန်းအဆင့် ၅၄ ဦး စုစုပေါင်း ၁၁၇ ဦးဖြေဆိုခဲ့ကြသည်။ ကဗျာရေးဖြေပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၂ ဦး၊ အလယ်တန်းအဆင့် ငါးဦးနှင့် မူလတန်းအဆင့် ၁၈ ဦးဖြေဆိုခဲ့ကြပြီး ဆုရရှိသူများအား အမျိုးသားနေ့တွင် ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

# သဘာဝပတ်ဝန်းကျင် စက်မှုလုပ်ငန်းများနှင့် ကယ်တင်ရန်လိုအပ်လျက်ရှိသော မြန်မာ့မြစ်ချောင်းများ

ဒေါက်တာအောင်ကျော်

လူမှုပတ်ဝန်းကျင်တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူတို့၏ လိုအပ်ချက်များလည်း ပြောင်းလဲတိုးတက်လာခဲ့သည်။ အတောမသတ်နိုင်သော လူတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းရန်အတွက် လိုအပ်သောကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်နိုင်ရန် ကမ္ဘာမြေကြီးမှ ပေးအပ်သော သဘာဝအရင်းအမြစ်များကို အသုံးပြုရသည်။ လူဦးရေနည်းပါးနေသည့် အချိန်ကာလများ၌ လူတို့၏ လိုအပ်ချက်များကို ပံ့ပိုးရန် သဘာဝအရင်းအမြစ်များ များစွာ ရရှိနိုင်သော်လည်း ယနေ့ကာလကဲ့သို့ လူဦးရေများပြားသည်နှင့်အတူ များပြားလာသော လူတို့၏ လိုအင်ဆန္ဒများဖြည့်ဆည်းရန် ကမ္ဘာမြေကြီး၏ ပေးဆပ်နိုင်စွမ်းမှာလည်း များစွာအကန့်အသတ်ရှိလာခဲ့သည်။


ဧရာဝတီမြစ်ကြောင်း တစ်နေရာကိုတွေ့ရစဉ် ဓာတ်ပုံ -မေမိုးသဲ

### သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်လာ

ယခင်အချိန်ကာလများတွင် နိုင်ငံများ၏ ဖွံ့ဖြိုးမှုကို တိုင်းတာရာတွင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုဖြင့် အဓိကဇောင်းပေးတိုင်းတာဖော်ပြခဲ့သည်။ ထိုသို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုမြင့်မားရေးကို မြှင့်တင်ခဲ့၊ အားပေးခဲ့ကြသည်။ ထိုသို့ တိုးတက်လာသော စက်မှုထုတ်ကုန်များနှင့်အတူ ပူးတွဲပါလာသော စက်မှုလုပ်ငန်းထွက်မီးခိုးများ၊ စွန့်ပစ်အမှိုက်များ၊ ရေဆိုးရေညစ်များကြောင့် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်လာခဲ့ရသည်။ အတောမသတ်နိုင်သော လိုအင်ဆန္ဒများနောက် လိုက်ပါဖြည့်ဆည်းရင်း လောဘ၊ ဒေါသ၊ မာန်မာနများများပြားလာကာ လူသားတို့၏ စောင့်ထိန်းရမည့် ကျင့်ဝတ်တန်ဖိုးနှင့် လူ့ယဉ်ကျေးမှု အစဉ်အလာများလည်း ယုတ်လျော့ ကျဆင်းလာကြသည်။ ထို့ကြောင့် လွန်ခဲ့သည့်နှစ် ၅၀ လောက်မှစတင်၍ စီးပွားရေး တိုးတက်မှုတစ်ခုတည်းဖြင့် နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုး၏ တိုးတက်ရေးကို ရေရှည်မထိန်းသိမ်းနိုင်ကြောင်း သိရှိနားလည်လာကြပြီး အရှည်တည်တံ့ရေး (Sustainability)နှင့် အရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ကို ရရှိရန် အလေးထားလာကြသည်။

အရှည်တည်တံ့ရေးမှာ ယနေ့ခေတ်တွင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားက စက်မှုကုန်ထုတ်လုပ်ငန်းမူဝါဒများနှင့် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲသောလုပ်ငန်းများအတွက် မူဝါဒများချမှတ်ရာတွင် မပါမဖြစ်ထည့်သွင်းစဉ်းစားရမည့် သဘောတရားတစ်ခုဖြစ်လာသည်။ အရှည်တည်တံ့ရေးမှာ ယေဘုယျအားဖြင့် ယနေ့လူသားမျိုးဆက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် သဘာဝအရင်းအမြစ်ရယူသုံးစွဲရာတွင် နောင်မျိုးဆက်သစ်လူသားမျိုးဆက်များ၏ ရှင်သန်ရပ်တည်နေထိုင်ရေးကို ထိခိုက်မှုမရှိစေသော နည်းလမ်းဖြည့်ဆည်းရန်ဟူ၍ အဓိပ္ပာယ်ရရှိသည်။ ကမ္ဘာကြီး၏ သဘာဝအရင်းအမြစ်များကို လက်ရှိလူသားမျိုးဆက်တစ်ခုတည်းက အကုန်သုံးစွဲသွားပြီး နောင်လာမည့် သားစဉ်မြေးဆက်အတွက် ညစ်ညမ်းမှုနှင့် ပြည့်နှက်နေပြီး နေထိုင်ရန် ရေကောင်း၊ ရေသန့်နှင့် လေကောင်းလေသန့်များမရှိတော့သော ကမ္ဘာကြီးကိုလက်ဆင့်ကမ်းအမွေမပေးခဲ့ရန် ယခုလူသားမျိုးဆက်တင်မက နောင်လူသားမျိုးဆက် အဆက်ဆက်လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။ အရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် ကောင်းမြတ်သောလူမှု ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု အစဉ်အလာများကို ယုတ်လျော့ကျဆင်းမှုမရှိစေရန်ဟူသည့် အဓိပ္ပာယ်ရရှိသည်။ စီးပွားရေးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှု သုံးမျိုးစလုံးကို ဟန်ချက်ညီမျှတအောင် ထည့်သွင်းစဉ်းစားသော သဘောတရားဖြစ်သည်။ စီးပွားရေးတိုးတက်မှုရရှိစေရန် အတော်အသင့်လွယ်ကူသော်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အစဉ်အလာကောင်းများ ထိခိုက်ပျက်စီးပါက ပြန်လည်ပြုပြင်ရန် မလွယ်ကူပါ။ ထို့ကြောင့် နိုင်ငံများသည် စီးပွားရေးတိုးတက်မှုထက် အရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်လုပ်ဆောင်လာခဲ့ကြသည်။ ဥပမာအားဖြင့် လွန်ခဲ့သောနှစ် ၃၀ ခန့်မှ စတင်ပြီး စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာသော်လည်း တရုတ်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် လေထုအရည်အသွေး လျော့ကျမှုများ ဆိုးဆိုးရွားရွားကြုံတွေ့ခံစားလာရပြီး ပေကျင်းမြို့သည် ကမ္ဘာ့လေထု အရည်အသွေးနိမ့်ကျသောမြို့တော်များတွင် တစ်ခုအပါအဝင် ဖြစ်လာသည်။ လွန်ခဲ့သော ပေကျင်းမျိုးဆက်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တောင့်တခဲ့သော်လည်း ယနေ့ပေကျင်းမျိုးဆက်က ကောင်းကင်ပြာ (Blue Sky)ကို ပိုမိုတောင့်တ လာကြသည်။ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးတိုးတက်မှုတွင် သာမက သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု အစဉ်အလာကောင်းများကို မယုတ်မလျော့၊ မကျဆင်းစေရန်ထိန်းသိမ်းနိုင်သဖြင့် ပိုမို၍အရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုနိုင်လိမ့်မည်ဖြစ်သည်။

### ပြဿနာ များ ကြုံတွေ့လာရ

မြန်မာနိုင်ငံသည်လည်း စီးပွားရေးတိုးတက်မှုကိုရရှိစေရန် ဆောင်ရွက်ရာတွင် နောင်မျိုးဆက်အတွက် အရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ကောင်းရရှိရန် စိန်ခေါ်မှုများ ကြုံတွေ့နေရသည်ကို လက်ရှိမြန်မာ့သစ်တောပြုန်းတီးမှု၊ ဖားကန့်နှင့် မိုးကုတ်ဒေသရှိ ကျောက်စိမ်းနှင့် ပတ္တမြား၊ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေမှု၊ သားရဲတိရစ္ဆာန်များ ပြုန်းတီးလာမှု၊ မြန်မာ့မြစ်ချောင်းများ တိမ်ကောလာမှုနှင့် မြစ်များရှိ ရေထုအရည်အသွေးနိမ့်ကျလာမှုစသည့် သဘာဝပတ်ဝန်းကျင်အရှည်တည်တံ့ရေး ပြဿနာများ ကြုံတွေ့လာရသည်။ ထိုသို့ဘက်ပေါင်းစုံမှ သဘာဝပတ်ဝန်းကျင် အရှည်တည်တံ့ရေးဆိုင်ရာ စိန်ခေါ်မှုများရှိသော်လည်း ယခုဆောင်းပါးတွင် မြစ်ချောင်းများရှိ ရေအရည်အသွေးကျဆင်းမှုနှင့် အကျိုးဆက်များ၊ ထိုသို့ဖြစ်ရသော အကြောင်းရင်း အစိုးရနှင့် တာဝန်ရှိသူများက ပြင်ဆင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုများအား အလေးပေးတင်ပြသွားမည်ဖြစ်သည်။

မြန်မာ့မြစ်များရှိ ရေအရည်အသွေးကျဆင်းမှုကို ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ရေနမူနာကောက်ယူ၍ ဓာတ်ခွဲစမ်းသပ်ထောက်ပြလျက်ရှိသည်မှာ ကာလအတန်ကြာပြီဖြစ်သည်။ ရေအရည်အသွေးကျဆင်းမှုကြောင့် ရေနေသတ္တဝါများသာ သေဆုံးသည်။ ထိခိုက်သည်သာမက (ဥပမာ-လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက တောင်သမန်အင်းရှိ ငါးများအစုအပြုံလိုက်သေဆုံးမှု) ယင်းရေချိုငါးများကို စားသုံးကြသော စားသုံးသူများ၏ ကျန်းမာရေးကို ရေတို၊ ရေရှည်တွင် မလွဲမသွေ ထိခိုက်မည်ဖြစ်သည်။ ရေလုပ်ငန်းဖြင့် စီးပွားရှာကြသော တံငါသည်များ၏ စီးပွားရေးကိုလည်း ထိခိုက်စေမည်ဖြစ်သည်။ ထိုနည်းတူ ယင်းရေဖြင့် စိုက်ပျိုးသော ကောက်ပဲသီးနှံများ၏ အရည်အသွေးကို ကျဆင်းစေပြီး မြန်မာနိုင်ငံမှ တင်ပို့သောသီးနှံများ၏ ဈေးကွက်ရရှိမှုကို ထိခိုက်စေမည်ဖြစ်သည်။ ဥပမာအားဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်က ဂျပန်နိုင်ငံသို့ တင်ပို့သော မြန်မာနှမ်းနက်များ၏ အဆိပ်အတောက်အရည်အသွေးစစ်ဆေးမှု မအောင်မြင်ရခြင်းကို ဇာစ်မြစ်ရှာဖွေကြည့်ရာတွင် ယင်းနှမ်းများ စိုက်ပျိုးသော မြစ်ရေ၏ အဆိပ်အတောက်ပါဝင်မှုနှင့် တိုက်ရိုက်သက်ဆိုင်ကြောင်း၊ ယင်းနှမ်းများကို ဂျပန်နိုင်ငံက လက်ခံနိုင်သည့် အဆင့်ရောက်ရှိစေရန် နှစ်ပေါင်းများစွာ ဂိုဒေါင်တွင်ထားရှိရန် လိုအပ်ကြောင်း ထိုသို့တင်ပို့ခဲ့သော ပဲ၊ နှမ်းကုန်သည်ကြီးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြစ်ချောင်းများ၏ မြစ်အရည်အသွေး ကျဆင်းရခြင်းမှာ ပထမအချက်အနေဖြင့် လူတို့၏ အညစ်အကြေးနှင့် အမှိုက်သရိုက်များ စွန့်ပစ်ရန်နေရာဟု လူအများစုက သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ပြည်မြို့၊ ဘားအံမြို့၊ မုံရွာမြို့၊ မော်လမြိုင်မြို့စသည့်မြန်မာနိုင်ငံရှိ မြစ်ကြီးများ၏ နံဘေးတွင် တည်ရှိသော မြို့ကြီးများ၏ မြစ်ကမ်းပါးဘေးတွင် စုပုံလျက်ရှိသော အမှိုက်သရိုက်များက သက်သေဖြစ်ပါသည်။ မြစ်ချောင်းများအတွင်း ရွှေကျင်ရာတွင် ဆိုင်ယာနိုက်ပါဝင်အသုံးပြုမှုမှာလည်း မြစ်ရေများအတွင်း အဆိပ်အတောက်ပါဝင်စေသော အဓိကအကြောင်းရင်း တစ်ချက်ဖြစ်သည်။

### ရေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာ

ထို့အပြင် စက်ရုံများက စွန့်ပစ်သော ရေဆိုးရေညစ်များကမြစ်ကို ညစ်ညမ်းစေပြီး ရေနေသတ္တဝါများအတွက် အဆိပ်အတောက် ဖြစ်စေရန် အဓိကအကျဆုံး အချက်တစ်ခုဖြစ်လာသည်။ ထိုသို့ရေဆိုးရေညစ်များကို မြစ်အတွင်းသို့ အဓိကစွန့်ပစ်မှုများသော စက်ရုံများအနက် အထည်အလိပ်စက်ရုံနှင့် အရက်ချက်စက်ရုံများက အများဆုံးဖြစ်သည်ကို သိရှိရသည်။ လူဦးရေနှင့် အရက်သောက်သုံးမှု တိုးတက်များပြားလာသည်နှင့်အမျှ တိုးချဲ့တည်ဆောက်ထုတ်လုပ်လျက်ရှိသော အရက်ချက်စက်ရုံကြီးများ၏ ရေဆိုးထုတ်လွှတ်မှုကြောင့် ရေထုညစ်ညမ်းမှုပြဿနာမှာ ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရသည်။ ကိန်းဂဏန်းအားဖြင့် ဖော်ပြရသော မြန်မာ့အစိမ်းရောင်ပုံရိပ်များအဖွဲ့ (Green Images Myanmar)၏ တင်ပြချက်အရ ၂၀၁၇ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးတွင် အရက်ချက် လုပ်ငန်းလိုင်စင်ချပေးထားသော စက်ရုံပေါင်း ၇၂ ရုံရှိပြီး လက်ရှိလည်ပတ်နေသော စက်ရုံပေါင်း ၂၅ ရုံရှိသည်။ ထိုစက်ရုံများအနက် အသေးဆုံးစက်ရုံ၏ တစ်ရက်လျှင် အရက်ထုတ်လုပ်မှုမှာဂါလန် ၄၀၀၀ ရှိပြီး အကြီးဆုံးစက်ရုံ၏ တစ်ရက်ထုတ်လုပ်မှုမှာ ဂါလန် ၃၀၀၀၀ ရှိကာ ထိုသို့ထုတ်လုပ်မှုကြောင့် တစ်ရက်လျှင် ရေဆိုးထုတ်လွှတ်မှုပေါင်း တစ်ရက်လျှင် ဂါလန် ၄၀၀၀၀၀၀ ရှိကြောင်း သိရှိရသည်။ ယင်းစက်ရုံများအနက် ရေဆိုးသန့်စင်စနစ်တည်ဆောက်ပြီးစီးသောစက်ရုံ လေးရုံမျှသာရှိပြီး တည်ဆောက်ဆဲစက်ရုံနှစ်ရုံနှင့် ကျန်စက်ရုံများမှာ နည်းပညာစုံစမ်း လေ့လာဆဲအဆင့်နှင့် မြေကန်များ ပြုလုပ်၍ စွန့်ပစ်ရေများ သိုလှောင်သော အဆင့်သာရှိပြီး ယင်းသို့ သိုလှောင်မှုကြောင့် မြေအောက်ရေလွှာများသို့ ရေဆိုးများစိမ့်ဝင်ကာ ပြည်သူလူထုအတွက် သောက်သုံးရေသန့်စင်မှုကို ခြိမ်းခြောက်လာနိုင်သည်။ သို့ဖြစ်၍နေ့စဉ် ထုတ်လွှတ်နေသော အဆိုပါအရက်ချက်စက်ရုံများမှ ရေဆိုးများကို ပိုက်များနှင့် ချောင်းငယ်များမှတစ်ဆင့် မြစ်ချောင်းများသို့ တိုက်ရိုက်စွန့်ပစ်မှုနှင့် မြေကန်များ ပြုလုပ်စွန့်ပစ်မှုထက်ရေဆိုးသန့်စင်စနစ် တည်ဆောက်ပြီးမှ စွန့်ပစ်ခြင်းသည် ရေတိုတွင်ကုန်ကျစရိတ်များသော်လည်း ရေရှည်တွင် ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ပြည်ပတင်ပို့သော သီးနှံများ၏ အရည်အသွေးနှင့် ဈေးကွက်ရရှိမှုဆိုင်ရာ စီးပွားရေးရှုထောင့်နှင့် သဘာဝပတ်ဝန်းကျင်ရှုထောင့်တို့မှ ဆန်းစစ်ကြည့်ပါက အမှန်ကန်ဆုံးနှင့် အလုပ်သင့်ဆုံးဖြစ်ကြောင်းတွေ့ရှိရမည် ဖြစ်သည်။

### ဆိုးကျိုးများဖြင့် ပေးဆပ်နေကြရ

အရက်ချက်စက်ရုံကြီးများက ကုန်ကျစရိတ်လျှော့ချသောအားဖြင့် ရေဆိုးများကို မြစ်ချောင်းနှင့် မြေဆီလွှာအတွင်းသို့ တိုက်ရိုက်စွန့်ပစ်မှုကြောင့် ယင်းအရက်ချက်စက်ရုံကြီးများ၏ ကုန်ကျစရိတ်လျှော့ချမှုနှင့် အကျိုးအမြတ်ရရှိမှုရှိခြင်း၊ အရက်သောက်သုံးသူများက ဈေးသက်သာစွာဖြင့် အရက်သောက်သုံးနိုင်ခြင်းစသည့် အကျိုးများရှိသော်လည်း ယင်းအတွက်ပေးဆပ်မှုကို မြစ်ချောင်းအတွင်းရှိ ရေနေသတ္တဝါများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ သီးနှံစိုက်ပျိုးသော တောင်သူများနှင့် ပြည်ပတင်ပို့သူများ၊ အများပြည်သူ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် ရေအရည်အသွေးထိခိုက်မှုများဖြင့် ခရီးသွားလာမှုလုပ်ငန်းများ ကျဆင်းခြင်းများ၊ ပြင်ပမသက်ဆိုင်သူများက ဆိုးကျိုးများဖြင့် ပေးဆပ်နေကြရသည်ကို ဆန်းစစ်သိရှိနိုင်မည်ဖြစ်သည်။ ရေဆိုးစနစ်သန့်စင်ထုတ်လုပ်ခြင်းဖြင့် ယင်းဆိုးကျိုးများ လျော့ကျသွားမည့်အပြင် အရက်ဈေးနှုန်းများ မြင့်တက်သွားနိုင်မှုကြောင့် လူငယ်လူရွယ်များ၏ အရက်သောက်သုံးမှု ပမာဏလျော့ကျသွားနိုင်မည့် အလားအလာရှိခြင်းကြောင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစရိတ် လျှော့ချနိုင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ယိုယွင်းကျဆင်းမှု မဖြစ်စေရန် လည်း အထောက်အကူပြုမည် ဖြစ်သည်။

### ညှိနှိုင်းဆွေးနွေးဆုံးဖြတ်

ယင်းအခြေအနေများကိုလည်း ယနေ့နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက သုံးသပ်သိရှိပြီး ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။ ၂၀၁၆ ခုနှစ် မေ ၂၇ ရက်တွင် ကျင်းပသော သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးချုပ်နှင့် အစည်းအဝေး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြုလုပ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ပွဲ၊ ဆုံးဖြတ်ချက်အပိုဒ်(လ)အရ စံချိန်စံညွှန်းမမီသော အရက်ချက်စက်ရုံများအား သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ရန်နှင့်မကိုက်ညီပါက ပိတ်သိမ်းဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သည်။ ယင်းညွှန်ကြားချက်နှင့်အညီ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများမှ ပြည်နယ်ဝန်ကြီးချုပ်များနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများက ရေဆိုး ထုတ်လွှတ်နေသော အရက်ချက်စက်ရုံကြီးများသို့ ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းကြည့်ရှုပြီး လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်ကာ ရေဆိုးထုတ်လွှတ်မှုကိုလျော့ကျစေခြင်း၊ ရေဆိုးစနစ်တည်ဆောက်စေခြင်း၊ လိုက်နာမှုမရှိသော စက်ရုံများ၏ လုပ်ငန်းလိုင်စင်များကို ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည်။

အလားတူပင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ အရက်ချက်စက်ရုံများ၏ ရေဆိုးထုတ်လွှတ်မှု အခြေအနေအား စစ်ဆေးခဲ့ပြီး ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ ပုဒ်မ(၁၅)အရ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်းပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင်သည် လက်ရှိဖြစ်ပေါ်နေသော ညစ်ညမ်းမှုကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန် လိုအပ်သောပစ္စည်းကိရိယာကို တပ်ဆင်ခြင်း၊ သို့မဟုတ် သုံးစွဲခြင်းပြုရမည်ဟူသည့် ဥပဒေပြဋ္ဌာန်းချက်အတိုင်း အရက်ချက်စက်ရုံများအား ရေဆိုးသန့်စင်စွန့်ပစ်စနစ်ပြုလုပ်ဆောင်ရွက်ရန် အကြိမ်ကြိမ်ညွှန်ကြားထားပြီးဖြစ်သည်။

### နိုင်ငံသားများအားလုံးတွင် တာဝန်ရှိ

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနှင့် လူမှုတန်ဖိုးများ ယုတ်လျော့ကျဆင်းမှုများဖြစ်ပေါ်ပြီးပါက ပြန်လည်ကုစားပြင်ဆင်ရန် မလွယ်ကူပါ။ ထို့ကြောင့် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေဖြင့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရာတွင် စီးပွားရေးရှုထောင့်သက်သက်မှမဟုတ်ဘဲ အရှည်တည်တံ့ရေးစဉ်းစားချမှတ်ရန် လိုအပ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အစိုးရဌာနများတွင်သာ တာဝန်ရှိသည် မဟုတ်ဘဲ ပညာရှင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထုကျန်းမာရေးမထိခိုက်စေရန်နှင့် နိုင်ငံသားများအားလုံး၏ လူမှုစီးပွားရေးနစ်နာမှုမရှိစေရန်အတွက် လိုအပ်သော မြစ်ချောင်းများ၏ ရေအရည်အသွေး တိုးတက်စေရေးအတွက် အရက်ချက်စက်ရုံကြီးများတွင် ရေဆိုးသန့်စင်စနစ်ပြုလုပ်ပြီးမှ ရေများစွန့်ပစ်စေရန် ကြပ်မတ်ဆောင်ရွက်ပေးခြင်းနှင့် မြစ်ချောင်းများအတွင်းသို့ အညစ်အကြေးများနှင့် အမှိုက်သရိုက်များ မစွန့်ပစ်စေရန် ကာကွယ်ပေးခြင်း၊ လိုက်နာဆောင်ရွက်ပေးခြင်းဖြင့် ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# “ဂုဏ်ယူဝမ်းမြောက်ခြင်း”

မြန်မာ့ဘဏ်သမိုင်းတွင် **“ဘဏ်ခွဲ(၅၀၀)ပြည့်”** ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့သော **“ကမ္ဘောဇဘဏ်လီမိတက်”** အနေဖြင့်

- နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၅)နှစ်ဆက် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့ခြင်း၊
- နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ (၁၃၅)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း၊
- နိုင်ငံအတွင်းအောင်မြင်သောစီးပွားရေးလုပ်ငန်းရှင် အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီ ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊
- နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ္ဍာရေးကဏ္ဍတွင်အဓိကအခန်းကဏ္ဍမှ အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်းများနှင့်အတူ

# “ဘဏ်ခွဲ(၅၀၀)ပြည့်” ကို

၂၀၁၇–ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူပြည်သားများအားလုံး အစဉ်အမြဲ အားကိုးအားထားရသော နိုင်ငံတကာအဆင့်မီ အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ္ဍာရေးကဏ္ဍမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြည်သူများ၏ တစ်ခဲနက်ထောက်ခံအားပေးမှုနှင့်အတူ မြန်မာ့ဘဏ်သမိုင်းတွင် ပထမဆုံးအဖြစ် **"ကမ္ဘောဇဘဏ်လီမိတက်"** မှ

# "ဘဏ်ခွဲ(၅၀၀)ပြည့်" ကို

၂၀၁၇-ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူပြည်သားများအားလုံး အစဉ်အမြဲ အားကိုးအားထားရသော နိုင်ငံတကာအဆင့်မီ အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဘဏ်များအသင်း**


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၃၁၈၊ ဧရိယာ ၀ဒသမ ၀၉၉၉ဧကရှိ ဦးမင်းဦး အမည်ပေါက်ပါမစ်မြေကွက်အား ဦးသိန်းကျွေး ၁၂/စခန(နိုင်)၀၆၇၃၄၄ (ဘ)ဦးစိုးလင်းအောင်မှ မြေပေးမိန့်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာမူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်များ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇ဂ/၄၆၇၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ကန့်ကွက်နိုင်ပါသည်။**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၉ B[1] ၊ မြေကွက်အမှတ်- ၉၉ ဧ/၄ ၊ ဧရိယာ- ၀. ၂၅၄ ဧက ရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီ/မြောက်ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်- ၃၃၆ ဟုခေါ်တွင်သည့် ရေ၊ မီး အစုံနေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးသန့်လွင်ဦး (၁၂/စခန (နိုင်) ၀၀၆၉၃၆)၊ ဦးတင်ကိုအောင် (၁၂/စခန (နိုင်) ၀၀၅၅၀၇) နှင့် ဒေါ်ခိုင်ဖြူဝင်း (၁၂/စခန (နိုင်) ၀၀၇၀၈၄) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး (LL.B., LL.M.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

**ကန်ထရိုက်တာများဖြစ်သူ (၁)ဦးအောင်မြင့်(BTG–၁၇၄၀၂၁)အမှတ်(၆၈) အင်ကြင်းလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (၂)ဦးဇော်မြင့်၊ (၁၂/ဥကတ(နိုင်)–၁၉၆၆၈၂)အမှတ်(၄၉)(ဂ၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၃)ဦးစိုးနိုင်၊ (S/DGNMTT–၀၄၁၉၇၁)အမှတ်(၁၃၂)မြန်မာ့ဂုဏ်ရည်လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ် နေထိုင်သူတို့သိစေရန်နှင့်အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဓါရုံ(၁)လမ်း၊ အမှတ်(၁၂၉၂)နေ ဦးမျိုးညွန့်(၁၂/သကတ(နိုင်)၀၁၇၅၅၂)၊ ဒေါ်ညွန့်ကြည်(၁၂/သကတ(နိုင်)၀၁၇၅၃၃)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဓါရုံ(၁)လမ်း၊ အမှတ်(၁၂၉၂)ရှိ အကျယ်အဝန်း(၂၆ပေ×၆၀ပေ)မြေကွက်ပေါ်တွင် (၂၄ပေ×၅၁ပေ)အကျယ်ရှိ (၂)ခန်းတွဲ RC (၅)ထပ်တိုက်သစ် တစ်လုံးဆောက်လုပ်ရန် ကျွန်ုပ်မိတ်ဆွေကြီးများနှင့် ကန်ထရိုက်တာလူကြီးမင်း(၃)ဦးတို့ သဘောတူညီနိုင်းကြ၍(၂၂.၁၀.၂၀၁၄)ရက်နေ့တွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ကျွန်ုပ်မိတ်ဆွေကြီးများဘက်မှ တိုက်သစ်ဆောက်လုပ်ရန် လိုအပ်သည့်စာရွက်စာတမ်းများဖြစ်သည့် နှစ် (၆၀)ဂရန်မူရင်းတချုပ်၊ SP/GP၊ ကျမ်းကျိန်လွှာမူရင်းတို့ကို ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင်ကန်ထရိုက်တာများဖြစ်သည့်လူကြီးမင်းတို့ဘက်မှ စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှ ယနေ့အချိန်ထိ တိုက်သစ်ဆောက်လုပ်နိုင်ခြင်းမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေကြီးတို့ကိုလည်းမည်သည့်အကြောင်းတစ်စုံတစ်ရာမျှ ဆက်သွယ်ပြောဆိုခြင်းမရှိခဲ့ပါ။ သို့ပါ၍ လူကြီးမင်းတို့နှင့် ကျွန်ုပ်မိတ်ဆွေကြီးတို့ ချုပ်ဆိုခဲ့သည့်စာချုပ်အရ အလိုအလျောက်ပျက်ပြယ်ပြီး စာချုပ်ဖြစ်ကြောင်းနှင့် လူကြီးမင်းတို့ထံသို့ ကျွန်ုပ်၏မိတ်ဆွေကြီးဘက်မှယုံကြည်စွာအပ်နှံခဲ့သော နှစ်(၆၀)ဂရန်မူရင်းတချုပ်၊ SP/GP နှင့် ကျမ်းကျိန်လွှာမူရင်းတို့အား ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့အပြန်ဆုံး ပြန်လည်ပေးအပ်ရန် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးကြည်သိန်း(စဉ် -၃၀၀၀) (LL.B,D.B.L) ဒေါ်ခင်လတ်လတ်စိုး (စဉ် - ၀၅၂၆) (LL.B.(Q),LL.M,BA.Business Law)
(တရားလွှတ်တော်ရှေ့နေများ)
အမှတ် (၄)၊ (ပ)ထပ်၊ မင်းနန္ဒာလမ်းမ၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၅၀၃၉၉၅၉၆၊ ၀၉ ၅၃၀၂၁၂၇၇

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY**
**ELECTRIC POWER GENERATION ENTERPRISE**
**REQUEST FOR EXPRESSIONS OF INTEREST (CONSULTING SERVICES – FIRMS SELECTION)**

**Assignment Title:**
**Preparation of an Environmental and Social Impact Assessment (ESIA) for the New Ywama Power Plant in Yangon**
**Reference No.** EPGE-G02/2017

The Government of Myanmar *is processing to apply* financing from the World Bank toward the cost of the New Ywama Project, and intends to apply part of the proceeds for consulting services. The World Bank is also now No Objection for the selection of this consultant service during loan application process.

The consulting services (“the Services”) include the preparation of Environmental and Social Impact Assessment (ESIA) for the new Ywama Power Plant in Yangon, the planned commencement of the assignment is March 2018. The assignment period is 6 months.

The Electric Power Generation Enterprise (EPGE) now invites eligible consulting firms (“Consultants”) to indicate their interest in providing the Services. Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services. The shortlisting criteria are:

- The interested consulting firms should have at least 10 years of experience in the area of environmental and social advisory services to the power sector, relevant references for gas fired power stations are advantageous;
- A strong record in environmental and social impact assessments; environmental due diligence audits; development and supporting accreditation of environmental, health and safety management systems;
- At least 3contracts of similar nature and complexity, or more complex and relevant, that the firm has successfully completed in the past 8 years; and
- Experience of working in the Client’s country or similar country environment.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank’s *Guidelines: Selection and Employment of Consultants [under IBRD Loans and IDA Credits & Grants] by World Bank Borrowers* revise version January 2011 (“Consultant Guidelines”), setting forth the World Bank’s policy on conflict of interest.

Consultants may associate with other firms in the form of a joint venture or a sub-consultancy to enhance their qualifications.

A Consultant will be selected in accordance with the Selection Based on Consultants’ Qualifications set out in the Consultant Guidelines.

Further information can be obtained at the address below during office hours 9:30 AM to 4:30 PM.

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) by December 14, 2017.

**Attn:**
**U Khin Maung Win, Managing Director**
**Electric Power Generation Enterprise**
**Building-27, Ministry of Electricity and Energy**
**Nay Pyi Taw,**
**The Republic of the Union of Myanmar**
**Tel:+95-67-8104282**
**Fax: +95-67-8104280**
**E-mail: ywamaproject@gmail.com**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များ(အလုံ၊ အင်းစိန်၊ ဒဂုံ)မှ ရေနံဓာတ်ငွေ့ရည်ဝယ်ယူခြင်းနှင့်ပစ္စည်းများ ငှားရမ်းခြင်းတို့နှင့်ပတ်သက်၍**

## အသိပေးကြေညာခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် လေးဆိုင်မှရေနံဓာတ်ငွေ့ရည်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ရတနာစုကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်း၍ အကျိုးအမြတ်ခွဲဝေသောစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန် ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၅ရက်တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ပါသည်။ အဆိုပါလုပ်ငန်းကို ရတနာစုကုမ္ပဏီလီမိတက်သည် ၁-၁၁-၂၀၁၇ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များ(အလုံ၊ အင်းစိန်၊ ဒဂုံ)မှ ရေနံဓာတ်ငွေ့ရည်ဝယ်ယူခြင်း၊ မီးဖိုနှင့်ဆက်စပ်ပစ္စည်းများ ငှားရမ်းခြင်းစသည့် ကိစ္စရပ်များကို ဆောင်ရွက်လိုပါက ရတနာစုကုမ္ပဏီလီမိတက်၏ အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

ရတနာစုကုမ္ပဏီလီမိတက်
ခြံအမှတ် ၁၉၊ အုတ်ကျင်းဘူတာရုံလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်
ဖုန်း-၀၁-၅၂၂၉၉၁၊ Fax -၀၁-၅၂၂၉၉၂

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

## အသိပေးဖိတ်ခေါ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း×၇၃ လမ်းကြားနှင့် လမ်း ၃၀×၃၁လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မင်္ဂလာဈေးကြီးအား အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် Master Plan (၂) မျိုးဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူစနစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်၍ စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Master Plan (၂)မျိုးပေါ်တွင် အခြေခံ၍ Expression of Interest (EoI) အဆိုပြုလွှာများကို ၈-၁၂-၂၀၁၇ရက် နောက်ဆုံးထား တင်သွင်းနိုင်ပြီး အဆိုပါ မင်္ဂလာဈေးကြီး အသစ်ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဆက်သွယ်၍ ထုတ်ယူနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ ဟိုနားရပ်ကွက်၊ အိမ်အမှတ်(ဟန/၃၂၁)၊ ဦးပိုင်အမှတ်(၄၇၆)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်ထဲမှ အလျား ၄၀ပေ၊ အနံ ၆၀ပေရှိ မြေကွက်ကို မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၁၄)နေ ဒေါ်သန္တာဦး (ဘ) ဦးတင်ဦး ၁/မကန(နိုင်)၂၀၆၀၀၂ မှ ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့်တကွ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေကွက်နှင့်ပတ်သက်သည့်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ အိမ်ထောင်စု၊ မှတ်ပုံတင်မိတ္တူနှင့်တကွ ဦးတီကာရမ်းမှ လွှဲပြောင်းထားသည့် အထူးကိုယ်စားလှယ်လွှဲစာတစ်စောင်တို့မှာ (၁၀-၆-၂၀၁၆)ရက်တွင် ပျောက်ဆုံးသွားပါ၍ ဒေါ်သန္တာဦး သိရှိခြင်းမရှိဘဲ ယင်းမြေကွက်ကို နာမည်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ကြပါရန်နှင့် ထိုကဲ့သို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်သန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နွယ်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၇၂)**
**အမှတ်(၁၀၈၀)၊ လမ်းသွယ်(၂၄)၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၀၀၀၄၆၃၂၀**

---

**ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၂-၁၉၇၈**
**ဗိသုကာနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ကျောင်းသားများ၏**
**ဘွဲ့ရ (၃၉)နှစ်မြောက် အဋ္ဌမအကြိမ် ဗိသုကာနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဆရာများ**

## အာစရိယပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ်တွင် ၁၉၇၂ မှ ၁၉၇၈ ခုနှစ်အတွင်း ၁၉၇၂ခုနှစ်တွင် ကျောင်းဝင်၍ မည်သည့်နှစ်တွင် ကျောင်းပြီးသည်ဖြစ်စေ၊ မည်သည့်နှစ်တွင်မဆို ကျောင်းဝင်၍ (၁၉၇၈ခုနှစ်တွင် ကျောင်းပြီးသည်ဖြစ်စေ) ပညာဆည်းပူးခဲ့ကြသော ဗိသုကာနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ကျောင်းသားဟောင်းများ၏ ဘွဲ့ရ (၃၉)နှစ်မြောက် အဋ္ဌမအကြိမ် ဗိသုကာနှင့် အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ ဆရာများ အာစရိယပူဇော်ပွဲနှင့် (၁၅)ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားခံ ဆရာ ဆရာမကြီးများနှင့် (၁၉၇၂-၁၉၇၈) ကျောင်းဆင်း ကျောင်းသားဟောင်းများ(မပျက်မကွက်)တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြတ်ငြိမ်း ဖုန်း-၀၉-၅၁၁၁၂၃၃၊ မြင့်ဆွေ ဖုန်း-၀၉-၅၁၈၆၅၄၅၊ ဝင်းငွေ ဖုန်း-၀၉-၅၁၀၄၀၁၃၊ သန်းညွန့် ဖုန်း-၀၁-၇၀၁၇၇၃၊ ကျော်ဝင်း ဖုန်း-၀၉-၅၁၅၃၃၉၉၊ လှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ အောင်လှချစ် ဖုန်း-၀၉-၅၀၀၅၀၅၈၊ မြင့်အောင် ဖုန်း-၀၉-၅၁၉၆၇၄၄၊ လှလှမြင့် ဖုန်း-၀၉-၅၀၁၂၅၈၈၊ မကြည်ငွေ ဖုန်း-၀၉-၇၉၇၉၃၈၀၁၅၊ ခင်အုန်းမြင့် ဖုန်း-၀၉-၅၁၉၃၂၂၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျင်းပမည့်ရက်** - ၂၅-၁၁-၂၀၁၇ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - ၁၆း၀၀ နာရီ (ညနေ ၄း၀၀ နာရီ)
**ကျင်းပမည့်နေရာ** - Lion City Restaurant ရေကျောင်းသိပ္ပံကျောင်းရှေ့၊ဘုရင့်နောင်လမ်း၊ ရန်ကုန်မြို့

---

**မန္တလေးတက္ကသိုလ် ဘူမိဗေဒမိသားစု**
**(၁၇)ကြိမ်မြောက်**

## အာစရိယပူဇော်ပွဲ ကျင်းပမည်

မန္တလေးတက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ ဦးစီးပြီး အထက်မြန်မာပြည်တက္ကသိုလ်များ၏ (၁၇)ကြိမ်မြောက် ဘူမိဗေဒအာစရိယပူဇော်ပွဲကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၃ရက် (စနေနေ့) နံနက် ၈း၀၀နာရီတွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။ (၁၉၅၃ မှ ၂၀၁၇) ဘူမိဗေဒ ကျောင်းသူ ကျောင်းသားဟောင်း မိသားစုများ၏ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန၊ အထက်မြန်မာပြည် တက္ကသိုလ်အသီးသီးရှိ ဘူမိဗေဒဌာနများ၊ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များနှင့် လှူနေကျ သူငယ်ချင်းများမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ **အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

## မိတ်ဆုံစားပွဲပြုလုပ်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲဖိတ်ကြားခြင်း

၁၉၈၆-၁၉၈၇ (သင်္ချာ) သူငယ်ချင်းများ၏ နဝမအကြိမ်မြောက် မိတ်ဆုံစားပွဲကို ၄-၁-၂၀၁၈ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပလိုပါသောကြောင့်၊ တိုင်ပင်ဆွေးနွေးလိုပါသောကြောင့် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၈-၁၁-၂၀၁၇ ရက် (စနေနေ့)
**အချိန်** - ညနေ ၆ နာရီ
**နေရာ** - Music Land (Family Karaoke)
**ဆက်သွယ်ရန်ဖုန်း-** ၀၉-၅၄၁၈၉၅၀၊ ၀၉-၄၅၀၀၅၆၃၆၉၊ ၀၉-၄၂၈၆၁၅၉၆၂၊ ၀၉-၃၂၃၂၃၃၃၄

---

အထက(၁) မြောက်ဥက္ကလာပမြို့နယ် ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပသော

## ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၅၉ မှ ၂၀၁၇ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ကျောင်းအုပ်ကြီးများ၊ ၁၉၅၉-၁၉၈၉ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများနှင့် ၁၉၈၀-၂၀၁၇ အတွင်း သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး စုံညီတွေ့ဆုံ ကုသိုလ်ယူပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲ ကျင်းပမည့်အစီအစဉ်**

ကျင်းပမည့်အချိန် - မွန်းလွဲ ၁ နာရီတိတိ
ကျင်းပမည့်နေ့ရက် - ၇-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - အထက(၁) မြတ်ခရေခန်းမ

**အလှူငွေများလှူဒါန်းရန်**

| | |
|---|---|
| ဒေါ်ဆောင်းသီတာ | - ၀၉-၅၀၀၄၃၁၉ |
| ဦးအောင်မြင့်ကြည် | - ၀၉-၅၁၅၇၈၆၁ |
| ဦးထွန်းထွန်းဦး | - ၀၉-၅၀၀၉၈၉၇ |
| ဦးမျိုးဆွေ | - ၀၉-၅၀၀၉၇၅၇ |
| ဒေါ်ဝင်းမာထွန်း | - ၀၉-၅၀၉၆၇၀၄ |
| ဦးတင်စိုး | - ၀၉-၅၀၉၀၃၉၄ |
| ဦးဝင်းနိုင် | - ၀၉-၅၁၂၉၁၀၂ |
| ဦးရဲမင်းနိုင် | - ၀၉-၂၅၄၅၄၄၀၁၁ |
| ဒေါ်ငြိမ်းမွန်မွန်နွယ် | - ၀၉-၉၇၉၆၁၁၄၇၈ |

**(၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3F/8247 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

# NISSAN Shwe Sagaing Motor Co.,Ltd/ SUZUKI MYO MOTOR Co.,Ltd မှ

## အောက်ပါဝန်ထမ်းများ အလိုရှိသည်

**Yangon တွင် တာဝန်ထမ်းဆောင်ရန်**

| | | | |
|---|---|---|---|
| - | Graphic Designer | (၁) ဦး | ကျား/မ |
| - | Salesman | (၅) ဦး | ကျား/မ |
| - | Car Mechanic | (၅) ဦး | ကျား |
| - | Paint Sprayer | (၅) ဦး | ကျား |
| - | Driver | (၂) ဦး | ကျား |
| - | Marketing Staff | (၅) ဦး | ကျား/မ |
| - | Sr Account | (၁) ဦး | မ |
| - | Cashier | (၁) ဦး | မ |

**Sagaing (စစ်ကိုင်း)တွင် တာဝန်ထမ်းဆောင်ရန်**

| | | | |
|---|---|---|---|
| - | General Manager | (၁) ဦး | ကျား/မ |
| - | Account | (၁) ဦး | ကျား/မ |
| - | Salesman | (၅) ဦး | ကျား/မ |
| - | Marketing Staff | (၅) ဦး | ကျား/မ |

လျှောက်ထားလိုသူများအနေဖြင့် ယခုကြော်ငြာပါသည့်အချိန်မှစပြီး Nissan Shwe Sagaing Motor Co.,Ltd ရုံးခန်း

**Sagaing လိပ်စာ-** အမှတ်(၁၀၉)၊ စစ်ကိုင်း-မုံရွာလမ်းမကြီး၊ စစ်ကိုင်းမြို့
(လမင်းသာစားသောက်ဆိုင်အနီး၊ စစ်ကိုင်း Golf ကွင်းအနီး)

**Yangon လိပ်စာ-** အမှတ်(၁၉၂)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်ရန်ဖုန်း-**၀၉-၅၁၀၁၉၄၄၊ ၀၁-၅၅၆၆၈၅၊ ၀၁-၅၄၆၆၈၅၊ ၀၁-၄၀၀၁၂၃၊ ၀၁-၄၀၀၃၉၉

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ချုပ်လှမြင့်ဆွေ (ငြိမ်း)

ကြည်း/၁၀၂၈၉

ဗသက(၃၀)

အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး(ငြိမ်း)

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

**အသက်(၈၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စစ်တောင်းလမ်း၊ ပညာ့ဝတီအိမ်ရာ၊ အမှတ်(၂၀) ဘီ(၁)နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ (ဦးအောင်မော်လွင်)-ဒေါ်နွယ်နီစိုး၊ ဒေါ်အိအိလွင်-ဒေါက်တာဆွေလှ၊ ဗိုလ်မှူးသွင်ထူးအောင်(ငြိမ်း)-ဒေါ်သန္တာလေးနိုင်(Nice fare Travel)၊ မနေရည်လင်း(ခ)မနီနီဆွေတို့၏ကျေးဇူးရှင်ဖခင်၊ မငြိမ်းဆုသာ၊ မကြည်စင်သန့်၊ မောင်အောင်ခန့်ကျော်၊ မဆုဝတီတို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃း၁၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း သာသနာ့ဒါယကာကြီး

## သုဓမ္မမဏိဇောတဓရ ဦးမောင်လေး

**အသက်(၈၈)နှစ်**

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅/ဂ)နေ(ဒေါ်နန်းကျိန်)၏ချစ်လှစွာသောခင်ပွန်း ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သာသနာ့ဒါယကာကြီး သုဓမ္မမဏိဇောတဓရ ဦးမောင်လေး အသက်(၈၈)နှစ်သည် ၁၁-၁၁-၂၀၁၇ရက်(စနေနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားသစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးချုပ် ဝင်းနိုင်နှင့်မိသားစု**

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်

**အသက်(၈၀)**

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းနေ (ဦးပုံ-ဒေါ်ဉာဏ်) တို့၏သား၊ (ဦးကံသာ-ဒေါ်စိန်ဖော့)တို့၏သားသမက်၊ ဒေါ်လှကြည်၏ခင်ပွန်း၊ နေပြည်တော်၊ ကက(ကြည်း)ဝင်း၊ ငုဝါရိပ်သာ၊ အမှတ်(၁၂/ယ) နေ ဗိုလ်မှူးကြီးကျော်စိုးဝင်း-ဒေါ်အေးအေးမော်၊ငဖဲမြို့နယ်နေ ဦးအောင်မိုးသူ-ဒေါ်နှင်းနွယ်မြင့်၊ မစိုးစိုးဟန်၊ ဦးနေမျိုးသူ-ဒေါ်ဆွေဆွေလွင်တို့၏ဖခင်၊ မောင်စိုပြေကျော်၊ မောင်ဝေယံကျော်၊ မောင်ကောင်းခန့်တို့၏အဘိုးသည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၄၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အမှတ်(၁၂/ယ)၊ ငုဝါရိပ်သာ၊ ကက(ကြည်း)ဝင်း၊ နေပြည်တော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးမေ

**အသက်(၆၂)နှစ်**

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်(လီမိတက်) ဥက္ကဋ္ဌ ဦးလှသာထွန်း၏ဇနီး ဒေါ်အေးမေသည် ၁၁-၁၁-၂၀၁၇ရက် ည ၈း၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)**

**ဝန်ထမ်းများ**

---

ကျေးဇူးအထူးတင်ရှိပါကြောင်း

## ဦးကျော်မင်းဟန်

(လှသရဖူ ပရိဘောဂ)

**အသက်(၄၃)နှစ်**

၇-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားသော ဦးကျော်မင်းဟန်၏ နာရေးတွင် ကြွရောက်တရားချီးမြှင့်ပေးပါသော ချမ်းမြေ့ရိပ်သာ ဆရာတော်ကြီးနှင့် သံဃာတော်များ၊ ရန်ကုန်မဟာစည်ရိပ် သာသာသနာ့နုဂ္ဂဟအဖွဲ့မှ အမှုဆောင်များ၊ ရန်ကုန်ချမ်းမြေ့ရိပ်သာနှင့် ချမ်းမြေ့ရိပ်သာခွဲများမှ အမှုဆောင်များ၊ UMFCCI၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ၊ မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ပရိဘောဂလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်များနှင့်ဝန်ထမ်းများ၊ ပြည်သူ့ဥယျာဉ်တရားပွဲဖြစ်မြောက်ရေးကော်မတီ(၂၀၁၇)ခုနှစ်၏နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ အထက(၁)ဒဂုံကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းအမှုဆောင်များ၊ သုံးခွမြို့နယ်အသင်း(ရန်ကုန်)အမှုဆောင်များ၊ သုံးခွမြို့နယ်မှလာရောက်အားပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် သတင်းမေးမြန်းကြသူများအားလည်းကောင်း၊ ကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ကြသူများအားလည်းကောင်း၊ မအားလပ်သည့်ကြားမှ စျာပနအခမ်းအနားသို့ ကိုယ်တိုင်လာရောက် ပို့ဆောင်နှစ်သိမ့်အားပေးကြသူများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ကြသော အသင်းအဖွဲ့များနှင့် ပုဂ္ဂိုလ်များ၊ ကြွရောက်အားပေးကြသော ဆွေမျိုးမိတ်ဆွေများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

## ဗိုလ်ချုပ်လှမြင့်ဆွေ (ငြိမ်း)

အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး(ငြိမ်း)

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ စစ်တောင်းလမ်း၊ ပညာဝတီအိမ်ရာ၊ အမှတ်(၂၀)၊ ဘီ-၁ နေ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း)သည် ၁၃-၁၁-၂၀၁၇(တနင်္လာနေ့) ညနေ ၃း၁၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

## ဗိုလ်ချုပ်လှမြင့်ဆွေ (ငြိမ်း)

အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး(ငြိမ်း)

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ စစ်တောင်းလမ်း၊ ပညာဝတီအိမ်ရာ၊ အမှတ် (၂၀)၊ ဘီ-၁ နေ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း)သည် ၁၃-၁၁-၂၀၁၇(တနင်္လာနေ့) ညနေ ၃း၁၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု**

---

# အနိစ္စ

---

## ဦးရဲနိုင်ထွန်း

**Site Manager,**

**G.M.S Co.Ltd**

**GTC, B.Tech**

**(Mechanical) မအူပင်**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၆လမ်း၊ အမှတ် ၄၆၂(က)နေ ဦးခင်မောင်-ဒေါ်ခင်မြင့်အေးတို့၏သား၊ ဒေါ်မေအောင်စိုး(ခ)ဘေဘေး၏ခင်ပွန်း၊ မခေတ်သခင်(ခ)ကိုးကိုး၏ဖခင်၊ ဒေါက်တာရန်ပိုင်ထွန်း-ဒေါက်တာမေစပယ်ခင်မောင်(မြောက်ဥက္ကလာပဆေးရုံ)၊ မနိုသဇင်ခင်မောင်တို့၏အစ်ကိုသည် ၁၂-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)ည ၁၁း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၇ ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ရီ

**အသက်(၆၅)နှစ်**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဖိုးတလိုင်စု၊ ကောလုံကျွန်းမီးကျေးရွာနေ (ဦးပုလေး-ဒေါ်ဖြူ)တို့၏သမီး၊ (ဦးစံခင်)-ဒေါ်သန်းကြည်တို့၏ချွေးမ၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၂၅)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၈၇နေ ဦးသိန်းဝင်း(ခ)ဦးမွန်ကြီး၏ ချစ်လှစွာသောဇနီး၊ မသက်မာဦး၊ ကိုအောင်အောင်-မရွှေဇင်ဦး၊ ကိုလင်းကျော်သူ(ခ)ဖေယျာကြီး-မငြိမ်းငြိမ်းစိုး၊ကိုညီညီအောင်-မဖြိုးအိခိုင်တို့၏မိခင်၊မြေးလေးယောက်တို့၏အဘွားသည် ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးလှမြင့်သိန်း (ဇလွန်)

**အကြံပေးပုဂ္ဂိုလ် (UMFCCI)**

**ဥက္ကဋ္ဌ (Zar & Zar Finance Co.,Ltd.)**

**(Win Universe Co.,Ltd.)**

**(Win Trade Co.,Ltd.)**

**(Win YFV Myanmar Ltd.)**

**အသက်(၈၆)နှစ်**

ဦးအုန်းကျော်-ဒေါ်သူဇာသိန်း(MD. Win Universe Limited)(Agent of Maersk Line) တို့၏ချစ်လှစွာသောဖခင် ဦးလှမြင့်သိန်း (ဇလွန်)သည် ၁၁-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဖေသက်ဦး CPT၊ ဦးလှမိုး C/E ၊ ဦးခင်မောင်စိုး C/E**

**ဦးသန့်ဇင် C/E ၊ ဦးသန့်ဇင်ထွန်းC/E**

**(Maersk Line)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကြည်ရွှင်

လ/ထအထွေထွေမန်နေဂျာ-မြို့ပြ(ငြိမ်း)

မြန်မာ့မီးရထား

**အသက်(၈၅)နှစ်**

စစ်ကိုင်းမြို့နေ (ဦးစ-ဒေါ်စောရီ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးဖိုးသောင်း-ဒေါ်ချစ်)တို့၏သားသမက်၊ (ဒေါ်ရီရီဝင်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ဝင်းကြည်)၊ ဒေါ်ဝင်းစိန်၊ ဦးမျိုးမြင့်အောင်(မြန်မာ့မီးရထား)-ဒေါ်ခင်မာဆွေ(မြန်မာ့မီးရထား)၊ (ဦးဇော်ဝင်း)-ဒေါ်ခင်မာဝေ၊ ဒေါ်ခင်မာညို(မြန်မာ့မီးရထား)တို့၏အစ်ကို၊(ဦးဘုန်းဆွေ-ဒေါ်မြသန်း)၊(ဦးမြင့်ကို-ဒေါ်ခင်ရှိန်ကြည်)တို့၏မောင်၊ ဦးပန်းမောင်(မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်ထွေးကြည်တို့၏အစ်ကို၊ ဦးမိုးဇော်၊ (ဦးအောင်မွန်)-ဒေါ်သီတာဝင်း၊ ကိုအောင်ကျော်စိုး-မချယ်ရီမမတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးလင်းအာရမ်း(ခ)ရဲလှိုင်

(ပဒေသာမုန့်ဆိုင်)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် ၅၉နေ (ဦးလင်ယွန်ဟုန်-ဒေါ်ငွေ)တို့၏သား၊ (ဦးကျင်လှိုင်-ဒေါ်ကျင်မွေး)၊ မန္တလေးမြို့နေ (ဦးတင့်လှိုင်-ဒေါ်ခင်စန်းရီ)၊ ဒေါက်တာရှင်လမ်းတို့၏ညီ၊ ဒေါ်မေရီ၊ ဦးရှမ်း-ဒေါ်မြင့်မြင့်ဝေ၊ (ဦးထွန်း)-ဒေါ်ရူရီ၊ (ဒေါ်ခင်မြရီ)တို့၏အစ်ကို၊ တူ၊တူမ ၂၀တို့၏ဦးလေး၊ မြေး ၂၄ယောက်တို့၏အဘိုးသည် ၁၃-၁၁-၂၀၁၇ရက် နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေး ကောင်းတံ့တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်မြနု

**အသက်(၇၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းမြာကြီးမြို့နေ (ဦးပိုက်-ဒေါ်အေးတင်)တို့၏သမီး၊ မန္တလေးမြို့နေ [ဦးထွန်းသိန်း(သီဟသုဓမ္မမဏိဇောတဓရ)-ဒေါ်ကြည်စိန်]၊ ငါန်းမြာကြီးမြို့နေ (ဦးတင်လတ်-ဒေါ်ညွန့်တင်)တို့၏ညီမ၊ မန္တလေးမြို့နေ ဒေါ်အေးမြင့်ကြည်၊ မန္တလေးမြို့၊ ၈၅လမ်း၊ ၃၂×၃၃လမ်းကြား၊ မလွန်ရပ်နေ ဦးမြင့်ဝေ(ခ)ဦးတူး-ဒေါ်သင်းသင်းရီ(သုဓမ္မသိင်္ဂီ)၊ မန္တလေးမြို့နေ (ဦးမြင့်မော်စိုး)-ဒေါ်စန်းမြင့်ဦး၊ ဦးဇော်မင်းအောင်-ဒေါ်ခင်အေးဝင်း၊ ငါန်းမြာကြီးမြို့နေ ဦးကျော်ပြွေ-ဒေါ်မြင့်မြင့်ဦး၊ ဒေါ်သင်းသင်းမော်တို့၏အဒေါ်၊ မခိုင်ဆုဝေမွန်၊ မောင်အောင်ခန့်ဇော်၊ မောင်ထက်မြတ်မော်ဦး၊ မောင်ဖြိုးသီဟဝေ၊ မရွှေရည်ဝေမွန်၊ မအေးမို့မို့ဇော်တို့၏အဘွားလေးသည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ၈၅လမ်း၊ ၃၂×၃၃လမ်းကြား မိဘဂုဏ်ရည်တိုက်မှ တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သီလှ အသက်(၁၀၇)နှစ်

မင်္ဂလာဗျူဟာအသင်းကန်တော့ခံ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပျားရည်ကုန်းလမ်း၊ အမှတ် ၁၉၊ မြေညီ(ဝဲဘက် )နေ (ဦးအုတ်ကြီး-ဒေါ်အေးမြ)တို့၏သမီး၊ (ဦးကျော်လှ)၏ဇနီး၊ ဦးမောင်ဝင်း၊ (ဦးမောင်ဟန်)-ဒေါ်ခင်နု၊ (ဦးမောင်မောင်သန်း)-ဒေါ်စန္ဒာ၊ ဦးအောင်ခိုင်-ဒေါ်ငွေငွေမြင့်၊ ဦးထွန်းမြိုင်-ဒေါ်ငွေငွေ၊ (ဦးမောင်ထွေး)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်၊ တီ တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)၁၂း၅၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၁၁-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၇ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လေးကြည်

(စိန်ရွှေရတနာကုန်သည်)

(အိမ်မဲ၊ မြောင်းမြ၊ တွံတေး)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၄၅) (Diamond House စိန်ရွှေရတနာဆိုင်)နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အလုံလမ်းနှင့်ဗဟိုလမ်းထောင့်၊ အမှတ် ၅၄နေ (ဦးထွန်းအိ-ဒေါ်စိမ်းယဉ်)တို့၏သမီး၊ (ဦးအောင်ဖေ-ဒေါ်ဖွားကြင်)တို့၏သမီးချွေးမ၊(ဦးကျော်ဝင်း)၏ဇနီး၊ (ဦးကြည်ညွန့်-ဒေါ်ကြည်ကြည်)၊ (ဦးအေးမောင်ကြည်-ဒေါ်မမစီ)တို့၏ညီမ၊ (ဦးမောင်မောင်ရီ)-ဒေါ်ညိုညို၊ဦးကြည်လင်း-ဒေါ်ရီရီသိန်းတို့၏အစ်မသည် ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၄း၄၅နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒုဗိုလ်မှူးကြီးထွန်းဝင်း (ငြိမ်း)

သူရဲကောင်းမှတ်တမ်းဝင်(အမြောက်တပ်)

ကြည်း-၆၅၀၅

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈)

**အသက်(၉၀)**

ညောင်လေးပင်မြို့၊ စက်ရုံလမ်းနေ (ဦးဘသိန်း-ဒေါ်ငွေစိန်)တို့၏သား၊ (ဦးခင်ညွန့်-ဒေါ်ခင်ငြိမ်း)တို့၏ညီ၊(ဦးခင်မောင်ညွန့်-ဒေါ်တင်နုနု)တို့၏အစ်ကို၊ မန္တလေးမြို့၊ ကျွဲဆည်ကန်(၃)လမ်း၊ ဃ/၂၅နေ (ဒေါ်မြကြည်)၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်မြင့်မူ၊ ဦးစိုးဝင်းထွန်း-ဒေါ်အေးအေးသင်းတို့၏ဖခင်၊ ဦးညွန့်ဦး-ဒေါ်ခင်အေးမွန်၊ ဦးညွန့်ဝင်း-ဒေါ်လီနု၊ ဦးကိုကိုကြီး-ဒေါ်မေဦးညွန့်၊ ဒေါ်ချိုချိုညွန့်၊ ဒေါ်နီလာညွန့်တို့၏ဦးလေး၊ မမြကေခိုင်ထွန်း၊ မရွက်နုဝေ၊ မမေသဇင်ထွန်းတို့၏အဘိုးသည် ၁၃-၁၁-၂၀၁၇ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်အေး

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဦးဘချိုလမ်း၊ အမှတ် ၂၈၀နေ (ဦးငွေကိုင်-ဒေါ်ကိုင်းရွှေ)တို့၏သမီး၊ (ဦးတင်ညွန့်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ငြိမ်း)၏ဇနီး၊ ဒေါ်ထွန်း-(ဦးသိန်းအေး)၊ (ဒေါ်သန်းကြည်-ဦးတင်ထွန်း)၊ ဦးစိုးဝင်း-ဒေါ်ထွေးကြည်တို့၏အစ်မ၊ ဦးလှသိန်း (ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်)-ဒေါ်မင်းမင်းအေး(ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်)၊ ဒေါ်ချိုချိုအေး(ကြေးမုံသတင်းစာတိုက်)၊ ဒေါ်ချိုချိုမာ၊ ဒေါ်အေးမိစံတို့၏မိခင်၊ မောင်အုပ်စိုးခန့်၊ မောင်ထူးပြည့်နောင်တို့၏ အဘွားသည် ၁၂-၁၁-၂၀၁၇ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစံရွှေထွန်း အသက်(၅၈)နှစ်

[ကန်ထရိုက်တာ (မြန်မာ့စက်မှုဆိပ်ကမ်း၊ ရန်ကုန်မြို့)]

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကျော်သာ)-ဒေါ်မသာတို့၏သား၊ (ဦးရွှေတိုင်-ဒေါ်ဒေါနဖြူ)တို့၏သားသမက်၊ ဦးသာထွန်းဦး-ဒေါ်အေးခင်စော၊ ဦးလှမောင်ဦး-(ဒေါ်ကျော့စိန်)၊ ဦးကျော်ဇံသာ(USA)-ဒေါ်စန္ဒမြင့်၊ ဦးမောင်သိန်းခိုင်(လွှတ်တော်အမတ်၊ နေပြည်တော်)-(ဒေါ်သိန်းမြ)၊ ဦးထွန်းအောင်ရွှေ(စစ်တွေညိုသန့်)-(ဒေါ်တင်ဦး)၊ ဦးထွန်းလှ-ဒေါ်အေးရွှေမြ၊ ဦးအောင်လှထွန်း (Vice Chairman Myanmar Press Council)-ဒေါ်ခင်ညွန့်၊ ဦးအောင်ထွန်းသိန်း(Engineer)-ဒေါ်နန်းမြင့်နွယ်၊ ဦးသာထွန်းဦးတို့၏ညီ/မောင်၊ ဦးအောင်ကျော်လှ-ဒေါ်သိန်းကျော့၊ဦးလှမောင်သိန်း-ဒေါ်အေးစိန်၊ ဦးမြသာဇံ၊ ဒေါက်တာသာထွန်းမောင် (ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်)-ဒေါ်ပုလဲကို၊ ဦးအောင်ကျော်လှတို့၏အစ်ကို၊ ကိုကောင်းမြတ်သူ၊ ကိုရဲကျော်သူ၊ ကိုချမ်းသာဇံတို့၏မွေးသဖခင်၊ ဒေါ်စောမြဝေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၇လမ်းမြောက်၊ အမှတ် ၅၆၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ‘ဝ’ အထူးဒေသ(၂) နှင့် မိုင်းလားအထူးဒေသ (၄) သို့ ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်အေး၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ အဖွဲ့ဝင် ဦးအောင်စိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့သည် ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရန်အတွက် နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✽

**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အဖွဲ့ ‘ဝ’ အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မီလျန် ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

## ဖွံ့ဖြိုးတိုးတက်လာမည့် မြို့တိုင်းရင်းသားတို့၏ ခုံတိုင်ရွာသစ်

မောင်တောဒေသမြောက်ပိုင်း နန်းချောင်းအုပ်စု ဒေဝါနာလီရွာအနီးနှင့် မေယုတောင်ခြေမှ နှစ်မိုင်ခန့်အကွာရှိ ခုံတိုင်(မြို)တိုင်းရင်းသားကျေးရွာကို သြဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမား ၄၀၀ ကျော်ခန့်က မီးရှို့ဖျက်ဆီးပြီး ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် မြို့တိုင်းရင်းသား၊ တိုင်းရင်းသူ ခုနစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ကျန်ကျေးရွာသူ၊ ကျေးရွာသားများမှာလည်း လွတ်ကင်းလုံခြုံရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

**ခုံတိုင်ရွာသစ်**

ယခုအခါ နိုင်ငံတော်အစိုးရနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကြိမ်ချောင်း - ဗန္ဒုလလမ်း ပဒကားချောင်း နံဘေးရှိ ယခင်ရွာဟောင်းနှင့် တစ်မိုင်ခန့် အကွာတွင် ခုံတိုင်ရွာသစ်ကို ကျေးရွာအင်္ဂါရပ်များနှင့် ပြည့်စုံအောင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ မကြာမီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✽

## မြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယအသင်း ကစားပုံ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

AFC Asian Cup UAE (2019) Qualifiers Final Round နောက်ဆုံးအဆင့်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် အိန္ဒိယလက်ရွေးစင်ဘောလုံးအသင်းတို့သည် နိုဝင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် ည ၉ နာရီတွင် အိန္ဒိယနိုင်ငံ ဂိုအာမြို့ရှိ ဂျဝါဟာလာနေရူး အားကစားကွင်း၌ အဝေးကွင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား MRTV နှင့် MRTV Digital Sports Channel တို့မှ ယင်းနေ့ ည ၈ နာရီ ၄၅ မိနစ်မှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၁၊ တအဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)
RE GD.
ဝမ်းဟုန်ဟုန်နဲ့ အပြေမရအောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကောင်း
တွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD
နူနာ၊ ဝဲနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲ အကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးဝေ၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ကမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

